# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၄ ခုနှစ် ၊ တပို့တွဲလပြည့်ကျော် (၁၀) ရက် ၊ ဗုဒ္ဓဟူးနေ့ ၊ (15-2-2023) ၊ အတွဲ (၃၁) ၊ အမှတ် (၂၉၁)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြုဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန်ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်၏ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် မွန်ပြည်သစ်ပါတီ(NMSP) ဒုတိယဥက္ကဋ္ဌ ဦးဆောင်သော ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့ ဒုတိယနေ့ တွေ့ဆုံဆွေးနွေး




နိုင်ငံတော်၏ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် မွန်ပြည်သစ်ပါတီ(NMSP) ဒုတိယဥက္ကဋ္ဌ ဦးဆောင်သော ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့တို့ ဒုတိယနေ့ တွေ့ဆုံဆွေးနွေးစဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၁၄**

နိုင်ငံတော်၏ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် မွန်ပြည်သစ်ပါတီ (NMSP) ဒုတိယဥက္ကဋ္ဌ ဦးဆောင်သော ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေးပွဲဒုတိယနေ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုဌာန၌ ကျင်းပသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီးမိုးမြင့်ထွန်း၊

စာမျက်နှာ ၁၇ ကော်လံ ၄ သို့

မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများကို တပ်မတော်နယ်လှည့်အထူးဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက် စာမျက်နှာ - ၁၈

(၇၆)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်ပြခန်းများ၊ တိုင်းရင်းသားရိုးရာအစားအစာနှင့် ဒေသထွက်ကုန်ပစ္စည်းအရောင်းပြခန်းများ ဆက်လက်ပြသ စာမျက်နှာ - ၁၉

ဥပဒေပြုရေးဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲများအပေါ် လေ့လာခြင်း (အာမေးနီးယားနိုင်ငံ) ဆောင်းပါး စာမျက်နှာ - ၁၀


**sky cable car**ကိုဖွင့်လှစ်ပြီးဖြစ်တဲ့အတွက် ....**sky cable car** စီးနင်းရင်း ပြင်ဦးလွင် ပန်းမြို့တော် ၏ သဘာဝပတ်ဝန်းကျင်အလှများကို ကြည့်ရှုခံစားနိုင်ပြီဖြစ်ပါသည်၊



ရတနာပုံ
၂၀၁၂ ခုနှစ် ဖေဖော်ဝါရီ ၁၅ ရက်
အယ်ဒီတာ့အာဘော်

## နိုင်ငံစီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် ကုန်ထုတ်လုပ်မှုမြှင့်တင်ဆောင်ရွက်

နိုင်ငံတစ်နိုင်ငံတိုးတက်ဖွံ့ဖြိုးရေးအတွက် စီးပွားရေးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ကြရပေမည်။ စီးပွားရေးတွင် ကုန်ထုတ်လုပ်မှုနှင့် ရောင်းဝယ်ဖောက်ကားမှုဟူ၍ရှိပြီး ကုန်ထုတ်လုပ်မှုသည် ပို၍အဓိကကျပေသည်။ ထို့ကြောင့် နိုင်ငံတော်၏စီးပွားရေးဦးတည်ချက်တွင် စိုက်ပျိုးရေးနှင့်မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေးဟူ၍ အလေးအနက်ထားထည့်သွင်းချမှတ်ထားသည်ကို တွေ့ရသည်။

၂၀၂၀ ခုနှစ်အတွင်း စီးပွားရေးအကျပ်အတည်းများရှိခဲ့သော်လည်း ၂၀၂၂ ခုနှစ်တွင် ကုန်ထုတ်လုပ်မှုများကောင်းမွန်လာခြင်း၊ နယ်စပ်ကုန်သွယ်မှုများကို အတိုင်းအတာတစ်ခုထိ ဖွင့်လှစ်ထားနိုင်ခြင်းကြောင့် လုပ်ငန်းများပြန်လည် လည်ပတ်လာနိုင်ပြီး နိုင်ငံ၏စီးပွားရေးမှာ အနုတ်လက္ခဏာမှ အပေါင်း သုံးရာခိုင်နှုန်းနီးပါး တိုးတက်လာသည်။

**"တိုင်းပြည်တစ်ရပ်တည်နိုင်ရန်အတွက် ပြည်တွင်း၊ ပြည်ပမှ အားများလိုအပ်ကြောင်း၊ ကမ္ဘာပေါ်ရှိ နိုင်ငံတိုင်းသည် ၎င်းတို့နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အမြဲမပြတ်ကြိုးပမ်းလျက်ရှိသကဲ့သို့ မိမိတို့နိုင်ငံသည်လည်း ရှေ့သို့ရောက်ရှိစေရေး ဆက်လက်ကြိုးပမ်းအားထုတ်နေရမည်ဖြစ်ကြောင်း၊ "ရှေ့သို့ချီမည် ပန်းတိုင်ဆီ" "Keep Moving Forward to Achieve Our Goal" ဆိုသည့်အတိုင်း နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ရှေ့သို့ ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ရှေ့သို့လှမ်းချီနေမှသာလျှင် မိမိတို့လိုချင်သည့်ပန်းတိုင်ဆီသို့ အရောက်လှမ်းနိုင်မည်ဖြစ်ကြောင်း၊ ရှေ့သို့လျှောက်လှမ်းနိုင်ရန်အတွက် နိုင်ငံစီးပွားရေးကို မြှင့်တင်ပေးခြင်းသည် အကောင်းဆုံးပင်ဖြစ်ကြောင်း၊"** နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ဖေဖော်ဝါရီ ၉ ရက်တွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ရှေ့လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ လမ်းညွှန်မှာကြားသည့်အစည်းအဝေးတွင် ထည့်သွင်းမှာကြားခဲ့သည်။

ထိုသို့ဆောင်ရွက်ခြင်းဖြင့် လူမှုစီးပွားဘဝဖွံ့ဖြိုးလာမည်ဖြစ်ပြီး ဒေသတွင်းငွေကြေးလည်ပတ်မှုကို ပိုမိုကောင်းမွန်စေကာ ဒေသဖွံ့ဖြိုးတိုးတက်မှုကို ဖြစ်ပေါ်စေပြီး ထိုမှတစ်ဆင့် နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်လာစေမည်ဖြစ်သည်။

နိုင်ငံအတွင်းရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် မြေပေါ်မြေအောက်သယံဇာတများကို အခြေခံသည့် ကုန်ထုတ်လုပ်မှုများကို ဦးစားပေးဆောင်ရွက်ပြီး သွင်းကုန်အစားထိုးထုတ်လုပ်နိုင်ရေး၊ ပို့ကုန်တိုးမြှင့်ရေးတို့ကို တစ်စိုက်မတ်မတ်ကြိုးပမ်းဆောင်ရွက်လျက်ရှိပေသည်။ ထိုသို့ဆောင်ရွက်ခြင်းသည် နိုင်ငံစီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် မြှင့်တင်ဆောင်ရွက်ရာတွင် များစွာအထောက်အကူပြုစေမည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

## မန္တလေး မရမ်းခြံဆိပ်ကမ်းမှ မင်းကွန်းဒေသသို့ ရေယာဉ်ဖြင့် သွားရောက်လည်ပတ်သည့် ပြည်တွင်း၊ ပြည်ပခရီးသွား များပြား



**မန္တလေး ဖေဖော်ဝါရီ ၁၄**

မန္တလေး မရမ်းခြံဆိပ်ကမ်းမှ မင်းကွန်းဒေသသို့ ရေယာဉ်ဖြင့် သွားရောက်လည်ပတ်သည့် ပြည်တွင်း၊ ပြည်ပခရီးသွား များပြားလျက်ရှိကြောင်း မန္တလေးတိုင်းဒေသကြီး ပုဂ္ဂလိကရေယာဉ်များ စည်းကမ်းထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းမောင်က ပြောပြ၍ သိရသည်။

ယခုအခါ ရေဝတီမြစ်အတွင်း ရေနည်းချိန်ကာလဖြစ်သော်လည်း ကုန်စည်တင်ပို့သည့် သင်္ဘောများအပါအဝင် ခရီးသည်တင်ဆောင်ပြေးဆွဲပေးနေသည့် ခရီးသည်တင်သင်္ဘောများပါ အဆင်ပြေစွာ ပြေးဆွဲပေးနေကြောင်း၊ လက်ရှိတွင် မရမ်းခြံဆိပ်ကမ်းမှ မင်းကွန်းဒေသသို့ ရေယာဉ်ဖြင့်သွားရောက်လည်ပတ်သည့် ပြည်တွင်း၊ ပြည်ပခရီးသွားမှာ ဖေဖော်ဝါရီလ ဒုတိယပတ်မှစ၍ များပြားလာကြောင်း သိရသည်။

"အခုက ခရီးသွားရာသီကာလဆိုတော့ မရမ်းခြံဆိပ်ကမ်းကနေ မင်းကွန်းဘက်မှာရှိ ရှေးဟောင်းဘုရားစေတီတွေနဲ့ ကျေးရွာတွေမှာရှိတဲ့ရှုခင်းလေ့ကို သွားရောက်လေ့လာလည်ပတ်တဲ့ ပြည်တွင်း၊ ပြည်ပခရီးသွားတွေ ပြန်ပြီးများပြားလာပါတယ်။ ပုဂံဘက်ကိုသွားတဲ့ခရီးသွားတွေက အနည်းငယ်လောက်ပဲရှိပါတယ်"ဟု ဦးဝင်းမောင်က ပြောပြသည်။

မရမ်းခြံဆိပ်ကမ်းမှ မင်းကွန်းဒေသသို့ ရေယာဉ်ဖြင့် သွားရောက်လည်ပတ်သည့် ပြည်တွင်း၊ ပြည်ပခရီးသွားဦးရေမှာ ဇန်နဝါရီလနောက်ဆုံးပတ်က တစ်ရက်လျှင် ဦးရေ ၁၂၀ ကျော်သာရှိခဲ့သော်လည်း ဖေဖော်ဝါရီလ ဒုတိယပတ်မှစ၍ မရမ်းခြံဆိပ်ကမ်းမှ မင်းကွန်းဒေသသို့ ရေယာဉ်ဖြင့် သွားရောက်လည်ပတ်သည့် ပြည်တွင်း၊ ပြည်ပခရီးသွားဦးရေမှာ တစ်ရက်လျှင် ဦးရေ ၂၅၀ ကျော်ထိ ရှိလာကြောင်း သိရသည်။

မရမ်းခြံဆိပ်ကမ်းတွင် ခရီးသည်တင်သင်္ဘောအပါအဝင် ဆန်၊ ဆီ၊ ဆား၊ ငါးပိ၊ ငါးခြောက်၊ ဘိလပ်မြေ စသည့်ကုန်စည်များကို တင်ပို့သည့် ကုန်တင်သင်္ဘောစုစုပေါင်း အစီးရေ ၁၀၀ ကျော်ထိရှိကြောင်း မန္တလေးတိုင်းဒေသကြီး ပုဂ္ဂလိကရေယာဉ်များ စည်းကမ်းထိန်းသိမ်းရေးကော်မတီမှ သိရသည်။

(၁၈၄)

## မန္တလေးတိုင်းဒေသကြီးအတွင်း အဘိုး၊ အဘွား ၃၀၇၈၇ ဦးကို လူမှုရေးပင်စင်ငွေကျပ်သိန်း ၉၂၀၀ ကျော် ပံ့ပိုးပေးပြီးဖြစ်

**မန္တလေး ဖေဖော်ဝါရီ ၁၄**

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ အသက် ၈၅ နှစ်အထက် အဘိုး၊ အဘွား ၃၀၇၈၇ ဦးကို လူမှုရေးပင်စင်ငွေ ကျပ်သိန်း ၉၂၀၀ ကျော် ပံ့ပိုးပေးပြီးဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာနမှ သိရသည်။

မန္တလေးတိုင်းဒေသကြီးအတွင်း ခရိုင် ၁၁ ခရိုင်မှ မြို့နယ်များရှိ အသက် ၈၅ နှစ်အထက် အဘိုး၊ အဘွားများကို လူမှုရေးပင်စင်ငွေများကို အောက်တိုဘာလ၊ နိုဝင်ဘာလ၊ ဒီဇင်ဘာလတို့အတွက် သုံးလစာပေါင်း၍ ပံ့ပိုးပေးနေသည့်စနစ်အတိုင်း ထုတ်ပေးနေခြင်းဖြစ်ကြောင်း၊ ထိုသို့ ထုတ်ပေးရာတွင် အဘိုး၊ အဘွားတစ်ဦးလျှင် သုံးလစာပေါင်း ငွေကျပ် ၃၀၀၀၀ နှုန်းကို ဇန်နဝါရီလ နောက်ဆုံးပတ်မှစ၍ ပံ့ပိုးပေးခဲ့ရာ ဖေဖော်ဝါရီလ ဒုတိယပတ်အတွင်း အဘိုး၊ အဘွား ၃၀၇၈၇ ဦးကို ပံ့ပိုးပေးပြီးဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဇော်မင်းက ပြောပြသည်။

"အသက် ၈၅ နှစ်အထက် သက်ကြီးအဘိုး၊ အဘွားတွေကို လူမှုရေးပင်စင်ငွေတွေ ထုတ်ပေးနေပါတယ်။ မန္တလေးတိုင်းဒေသကြီးအတွင်းက အဘိုး၊ အဘွားတွေကိုပါ။ အခုလို ပံ့ပိုးငွေတွေပေးတဲ့အတွက် အဘိုး၊ အဘွားတွေက သူတို့ရဲ့ ကျန်းမာရေးစောင့်ရှောက်မှုမှာလဲ လိုအပ်တဲ့ဆေးဝါးကုသမှုစရိတ်တွေ ရရှိပါတယ်။ အလှူအတန်းတွေလဲ လုပ်လို့ရပါတယ်"ဟု ညွှန်ကြားရေးမှူး ဦးဇော်မင်းက ပြောပြသည်။

ယခုဘဏ္ဍာနှစ်အတွင်း မန္တလေးတိုင်းဒေသကြီးရှိ အသက် ၈၅ နှစ်အထက် အဘိုး၊ အဘွား ၃၀၇၈၇ ဦးတွင် အဘိုး ၉၃၁၃ ဦးနှင့် အဘွား ၂၁၄၇၄ ဦးတို့ကို လူမှုရေးပင်စင်ငွေများ လက်ဝယ်အရောက် ပံ့ပိုးပေးခဲ့ပြီးဖြစ်ကြောင်း၊ ထိုသို့ လူမှုရေးပင်စင်ပံ့ပိုးငွေများ ထုတ်ပေးရာတွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ပူးပေါင်း၍ ပံ့ပိုးပေးခဲ့ခြင်းဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောပြ၍ သိရသည်။

(၁၈၅)

## မန္တလေးဈေးကွက်တွင် ထောပတ်ပဲ အရောင်းအဝယ်ကောင်းလာပြီး သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၃၀၀၀၀ ပေါက်ဈေးရှိလာ

**မန္တလေး ဖေဖော်ဝါရီ ၁၄**

မန္တလေးဈေးကွက်တွင် ထောပတ်ပဲ အရောင်းအဝယ်ကောင်းလာပြီး သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၃၀၀၀၀ ပေါက်ဈေးရှိလာကြောင်း ပွဲစားကုန်သည်စက်ပိုင်များမဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။

ထောပတ်ပဲကို ဖေဖော်ဝါရီလ ပထမပတ်မှစ၍ ပြည်တွင်းဈေးကွက်အတွင်း ကုန်သည်များဝယ်ယူမှုများပြားလာကြောင်း၊ ထိုသို့ ထောပတ်ပဲကို ကုန်သည်များ ဝယ်ယူမှုများလာပြီး အရောင်းအဝယ်ကောင်းမွန်လာခြင်းကြောင့် မန္တလေးဈေးကွက်အတွင်း ဈေးကောင်းရရှိလာကြောင်း သိရသည်။

"အခုလက်ရှိ ထောပတ်ပဲတွေ ဖေဖော်ဝါရီလ ပထမပတ်ကစပြီး မန္တလေးဈေးကွက်အတွင်း အဝယ်လိုက်လာပြီး ဈေးကောင်းပြန်ရလာတယ်။ တရုတ်နိုင်ငံဘက်က ကုန်သည်တွေလဲ ဝယ်ယူမှုတွေရှိတဲ့အပြင် ပြည်တွင်းမှာလဲ ဝယ်ယူမှုများတာကြောင့် ထောပတ်ပဲ ဈေးကောင်းပြန်ရနေပါတယ်"ဟု ဦးစက်မောင်ဆွေက ပြောပြသည်။

မန္တလေးဈေးကွက်တွင် ဇန်နဝါရီလ နောက်ဆုံးပတ်က ထောပတ်ပဲဈေးနှုန်းမှာ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၀၀၀၀၀ သာ ပေါက်ဈေးရှိခဲ့သော်လည်း ယနေ့တွင် ထောပတ်ပဲဈေးနှုန်းမှာ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၃၀၀၀၀ ပေါက်ဈေးရှိပြီး ဈေးကောင်းရရှိလာကြောင်း သိရသည်။

"ထောပတ်ပဲ အများဆုံးစိုက်ပျိုးတဲ့နေရာတွေက မန္တလေးတိုင်းဒေသကြီးမှာဆို တောင်သာမြို့နယ်နဲ့ နွားထိုးကြီးမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးမှာဆို ရွှေဘိုမြို့နယ်နဲ့ ကလေးမြို့နယ်တို့ ဖြစ်ပါတယ်။ မကွေးတိုင်းဒေသကြီးဆို မင်းဘူးမြို့နယ်မှာ အများဆုံးစိုက်ပျိုးကြပါတယ်"ဟု ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။

(၁၈၄)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ၈၀ရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# တောင်သာမြို့နယ် တမံကြီးကျေးရွာ၌ VDP စီမံကိန်းဖြင့် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

**တောင်သာ ဖေဖော်ဝါရီ ၁၄**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် တောင်သာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ရန်ပုံငွေဖြင့် တမံကြီးကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြင်းခြံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သန္တာစိုး(နည်းပညာ)၊ တောင်သာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြတ်မျိုးထွန်း၊ စီမံကိန်းတာဝန်ခံနှင့် တာဝန်ရှိသူများက ကော်မတီဝင်များနှင့်အတူ တမံကြီးကျေးရွာ၌ လမ်းအရှည် ၅၂၅ ပေ၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဦးစီးအရာရှိ ဒေါ်သန္တာစိုး (နည်းပညာ)က ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့်တွေ့ဆုံကာ လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းပြည့်မီစွာဖြင့် အချိန်မီပြီးစီးရေး အလေးထား ဆောင်ရွက်သွားကြရန် တာဝန်ရှိသူများကို မှာကြားသည်။

တမံကြီးကျေးရွာ၌ အဆိုပါ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၀၀၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ်သုံးသိန်းအသုံးပြု၍ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ၂၀၂၂ ခုနှစ် ဒီဇင်ဘာလ စတုတ္ထပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၈၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း ဦးစီးအရာရှိ ဒေါ်သန္တာစိုး(နည်းပညာ)က ပြောပြ၍ သိရသည်။

**မောင်ခိုင်**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဓိဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မန္တလေးမြို့ ဈေးချိုပွဲရုံ မိသားစုက ဦးမောင်နဲ့-ဒေါ်ခင်မြနဲ့ မောင်၊ ကိုကျော်မျိုးနိုင်၊ ကိုဝင်းမျိုးနိုင်တို့အားရည်စူး၍ ဆွမ်းအလှူငွေကျပ် ၃၀၀၀၀၀ လှူဒါန်းရာ စီမံဥက္ကဋ္ဌမဟာသဒ္ဓမ္မဇောတိကဓဇ ဂရိုတ်ဦးမြဝင်း၊ ဆွမ်းကွမ်းအတွင်းရေးမှူး ဦးဝဏ္ဏနှင့် တွဲဖက်အတွင်းရေးမှူး ဦးလှထွေးတို့က လက်ခံရယူစဉ်။

# မြန်မာနိုင်ငံမှ ပြည်ပသို့ ယခုဘဏ္ဍာနှစ် ၁၀ လတာကာလအတွင်း ကဏန်း ၁၅၅၈၆ မက်ထရစ်တန် တင်ပို့မှုမှ ပို့ကုန်ဝင်ငွေ အမေရိကန်ဒေါ်လာ ၈၀ ဒသမ ၁၃ သန်းရရှိထား



**ရန်ကုန် ဖေဖော်ဝါရီ ၁၄**

မြန်မာနိုင်ငံမှ ပြည်ပသို့ ကဏန်းတင်ပို့လျက်ရှိရာ ယခုဘဏ္ဍာနှစ် ၂၀၂၂ ခုနှစ် ဧပြီ ၁ ရက်မှ ယခုနှစ် ဇန်နဝါရီ ၃၁ ရက်ထိ ၁၀ လတာကာလအတွင်း ကဏန်း ၁၅၅၈၆ မက်ထရစ်တန်တင်ပို့မှုမှ ပို့ကုန်ဝင်ငွေ အမေရိကန်ဒေါ်လာ ၈၀ ဒသမ ၁၃ သန်းရရှိထားကြောင်း မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် (ရန်ကုန်တိုင်းဒေသကြီး)မှ ဗဟိုအလုပ်အမှုဆောင် ဦးတင်သိန်းထံမှ သိရသည်။

မြန်မာ့ကဏန်းကို ထိုင်းနိုင်ငံနှင့် တရုတ်နိုင်ငံသို့ နယ်စပ်ကုန်သွယ်ရေးဖြင့် အဓိကတင်ပို့လျက်ရှိပြီး အခြားရေထွက်ကုန်များကိုလည်း ပင်လယ်ရေကြောင်း၊ လေကြောင်းကုန်သွယ်မှုများဖြင့် နိုင်ငံပေါင်း ၄၀ ကျော်သို့ တင်ပို့လျက်ရှိကြောင်း သိရသည်။

"အခုဘဏ္ဍာနှစ် ၁၀ လတာကာလအတွင်း ပြည်ပနိုင်ငံအသီးသီးကို ရေထွက်ကုန်တင်ပို့မှုက မက်ထရစ်တန် ၄၃၀၀၀၀ ဖြစ်ပါတယ်။ ပို့ကုန်ဝင်ငွေကတော့ ၅၉၄ ဒသမ ၈၇ သန်းဖြစ်ပါတယ်။ ဒီအထဲမှာ ကဏန်းတင်ပို့နိုင်မှုက ၁၅၅၈၆ မက်ထရစ်တန်ဖြစ်ပြီးတော့ ပို့ကုန်ရငွေကတော့ အမေရိကန်ဒေါ်လာ ၈၀ ဒသမ ၁၃ သန်းဖြစ်ပါတယ်" ဟု ဦးတင်သိန်းက ပြောပြသည်။

ထိုသို့ ကဏန်းတင်ပို့ရာတွင် ဂျပန်နိုင်ငံ၊ အရှေ့အလယ်ပိုင်းနိုင်ငံများ၊ ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ၊ မလေးရှားနိုင်ငံ၊ တရုတ်(တိုင်ပေ)နှင့် ဩစတြေးလျနိုင်ငံတို့သို့ ပုံမှန်တင်ပို့လျက်ရှိပြီး ရေထွက်ကုန်တင်ပို့မှုတိုးတက်ရေးအတွက် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် ငါးလုပ်ငန်းဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ရေထွက်ကုန်တင်ပို့ရာတွင် ပုံမှန်တင်ပို့မှုများ စဉ်ဆက်မပြတ်ရှိစေရေးနှင့် ဈေးကွက်အနေအထားပေါ်မူတည်၍ ပို့ကုန်မလျော့ကျစေရေးအတွက် ဝယ်ယူနေသည့်နိုင်ငံတစ်နိုင်ငံချင်းစီ၏လိုအပ်ချက်များ ပြည့်မီရေးကို ဌာနနှင့် ပို့ကုန်လုပ်ငန်းရှင်များ ပူးပေါင်းဆောင်ရွက်နေကြောင်း သိရသည်။ ASH

# မြို့သစ်မြို့နယ် အိုးကုန်းကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**မြို့သစ် ဖေဖော်ဝါရီ ၁၄**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် မြို့သစ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း(VDP)ရန်ပုံငွေဖြင့် အိုးကုန်းကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ယနေ့နံနက် ၁၀ နာရီက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြို့သစ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်ဆွေမြင့်နှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ အိုးကုန်းကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ပံ့ပိုးရန်ပုံငွေ၊ ကျေးရွာနေပြည်သူများ၏လုပ်အားထည့်ဝင်မှုတို့ဖြင့် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာသူ၊ ကျေးရွာသားများအနေဖြင့် လမ်းရေရှည်တည်တံ့ခိုင်မြဲရေး ဝိုင်းဝန်းထိန်းသိမ်းကြရန် မှာကြားသည်။

အိုးကုန်းကျေးရွာ၌ လမ်းအရှည်ပေ ၅၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၀၀၊ ကျေးရွာနေပြည်သူများလုပ်အားထည့်ဝင်မှုတို့ဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများက အနီးကပ်ကြီးကြပ်ကာ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ၂၀၂၂ ခုနှစ် ဒီဇင်ဘာလ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်ခင်ဆွေမြင့်က ပြောပြ၍ သိရသည်။

**သန်းလွင်(မကွေး)**

# တနင်္သာရီမြို့နယ် လယ်တောင်ယာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ဆဋ္ဌမအကြိမ်ထုတ်ချေး

**တနင်္သာရီ ဖေဖော်ဝါရီ ၁၄**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် တနင်္သာရီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် လယ်တောင်ယာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ဆဋ္ဌမအကြိမ် ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တနင်္သာရီမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တမြို့နယ်ဦးစီးမှူး ဒေါ်သူဇာမိုးက မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားမိသားစုဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရန်ပုံငွေ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း၊ အတိုးကောက်ခံဆောင်ရွက်မှု အခြေအနေနှင့် အရင်း၊ အတိုးပေးဆပ်ရမည့်ကာလသတ်မှတ်ချက်များ၊ လိုက်နာရမည့်စည်းမျဉ်းစည်းကမ်းများ၊ ဖြည့်သွင်းရမည့်ဇယားပုံစံများကို မှန်ကန်စွာဖြည့်သွင်းနိုင်ရေး ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ခေတ္တမြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များထံ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၂၁ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များက လယ်တောင်ယာကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၃၃ ဦးကို ငွေကျပ် ၁၁၂ သိန်း၊ အသက်မွေးဝမ်းကျောင်း လုပ်ငန်းလုပ်ကိုင်သူ ခုနစ်ဦးကို ငွေကျပ် ၂၅ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၂ ဦးကို ငွေကျပ် ၇၇ သိန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၅၈ ဦးကို ငွေကျပ် ၂၀၇ သိန်း စုစုပေါင်းအသင်းသား၊ အသင်းသူဦးရေ ၁၂၀ ကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၄၂၁ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**မြင့်ဦး(မြိတ်)**



# သမိုင်းဝင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား

မောင်သာ(ရွှေတောင်းသုတေသန)

ရန်ကုန်မြို့၏ မြို့ပြအမွေအနှစ်များကို လက်လှမ်းမီသရွေ့ ရေးသားလျက်ရှိရာတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားကိုလည်း ရေးသားသင့်သည်ဟု ယူဆမိသည်။ ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ် ပြည်လမ်းပေါ်ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား အဆောက်အအုံကို မြို့ပြအမွေအနှစ်ဟုမဆိုနိုင်သည့်တိုင် အသံလွှင့်လုပ်ငန်းကို ၇၇ နှစ်တိုင် နေ့စဉ်ထုတ်လွှင့်ပေးနေသည့် မြန်မာ့အသံသည် သမိုင်းတစ်လျှောက်၌ မြန်မာ့ကနဦး မီဒီယာလုပ်ငန်းတစ်ခုဖြစ်ခဲ့သည်။

**သမိုင်းထဲကမြန်မာ့အသံ**

မြန်မာနိုင်ငံ၏ ပထမဆုံးအသံလွှင့်မီဒီယာလုပ်ငန်းသည် ဗမာ့အသံဟူသည့် အမည်ဖြင့် ၁၉၄၆ ခုနှစ် ဖေဖော်ဝါရီ ၁၅ ရက်တွင်စတင်ခဲ့သည်။

ဗမာ့အသံကို တရားဝင်မထူထောင်မီ စမ်းသပ်ထုတ်လွှင့်မှုများကို ကိုးနှစ်ကြာမျှ ဆောင်ရွက်ခဲ့ရာ ၁၉၃၇ ခုနှစ်က မင်္ဂလာဒုံ ဝါယာလက်မှ ၁၀ ကီလိုဝပ်ဖိလစ်အသံလွှင့်စက်ဖြင့် ပထမဆုံးအသံလွှင့်ခဲ့ပြီး ၁၉၃၈ ခုနှစ်တွင် ကျောက်တံတားမြို့နယ် ပန်းဆိုးတန်းလမ်းရှိ ဗဟိုကြေးနန်းရုံးသို့လည်းကောင်း၊ ၁၉၄၂ ခုနှစ်တွင် စမ်းချောင်းမြို့နယ် ဖိုက်ချ်လမ်း(ယခု ဗဟိုလမ်း)သို့လည်းကောင်း ပြောင်းရွှေ့ကာ အသံလွှင့်ခဲ့သည်။ ထိုအချိန်တွင် ရေကူးအသံလွှင့်ရုံကို စတင်အသုံးပြု၍ ပြည်ပနိုင်ငံများထိ အသံလွှင့်ခဲ့သည်။ ထို့နောက် နေရာထိုင်ခင်းပိုမိုကျယ်ဝန်းသည့် ဗဟန်းမြို့နယ် ချင်းချောင်းနန်းတော်သို့ပြောင်းရွှေ့ကာ ဗမာနိုင်ငံလုံးဆိုင်ရာအသံလွှင့်ဌာန(All Burma Broadcasting Station) အမည်ဖြင့် ထုတ်လွှင့်ခဲ့သည်။ ထိုမှတစ်ဖန် ဗဟန်းမြို့နယ် ရွှေတောင်ကြားရပ်ကွက် လောင်းဝစ္စလမ်း(အင်းလျားမြိုင်လမ်း)သို့ပြောင်းရွှေ့၍ ရန်ကုန်ရေဒီယို(Ragoon Radio) အမည်ဖြင့် အသံလွှင့်ခဲ့သည်။

၁၉၄၆ ခုနှစ် ဖေဖော်ဝါရီ ၁၅ ရက်တွင် ရန်ကုန်ရေဒီယိုကို ဗမာ့အသံ(Burma Broadcasting Station) ဟု အမည်ပြောင်း၍ မြန်မာဘာသာ၊ အင်္ဂလိပ်ဘာသာ အစီအစဉ်များနှင့် ရှမ်းဘာသာ၊ စကောကရင်ဘာသာ၊ ပိုးကရင်ဘာသာနှင့် ဟိန္ဒူစတန်နီဘာသာတို့ဖြင့်ထုတ်လွှင့်ခဲ့သည်။ ထိုနေ့ကို ဗမာ့အသံ၏ အသံလွှင့်လုပ်ငန်းများ တရားဝင်စတင်သည့်နေ့ဟုသတ်မှတ်ခဲ့သည်။ ဗမာ့အသံကို မြန်မာ့အသံသမိုင်းမှတ်တမ်းတွင် ဝင်ဒါမီယာအသံလွှင့်ရုံဟုထင်ရှားသည့် ဗဟန်းမြို့နယ် ဝင်ဒါမီယာခရက်ဆင့်(ယခုပန်းဝါလမ်း) အသံလွှင့်ရုံသို့ပြောင်းရွှေ့ကာ ၁၉၄၈ ခုနှစ် ဩဂုတ် ၂၃ ရက်တွင် စတင်အသံလွှင့်ခဲ့သည်။

ဝင်ဒါမီယာအသံလွှင့်ရုံသည် ၁၉၄၈ ခုနှစ် ဇန်နဝါရီ ၄ ရက် နံနက် ၄ နာရီ မိနစ် ၂၀ တွင် ရန်ကုန်မြို့ အတွင်းဝန်များရုံး၌ကျင်းပခဲ့သည့် လွတ်လပ်ရေးနေ့နိုင်ငံတော်အလံလွှင့်တင်ခြင်းအခမ်းအနားကို ပထမဆုံးတိုက်ရိုက်အသံလွှင့်ခဲ့သည်။ ထိုနေ့ နံနက် ၇ နာရီတွင် ဘုရင်ခံအိမ်တော်၌ကျင်းပသည့် အာဏာလွှဲပြောင်းပွဲအခမ်းအနားကိုလည်း တိုက်ရိုက်အသံလွှင့်ခဲ့သည်။ လွတ်လပ်ရေးရရှိပြီးနောက်ပိုင်းတွင် ဗမာ့အသံသည် နိုင်ငံတော်အခမ်းအနားများ၊ ပါလီမန်အစည်းအဝေးများ၊ ဘောလုံးပွဲများ စသည့်ပြည်သူများစိတ်ဝင်စားသည့် အကြောင်းအရာများကို အခါအားလျော်စွာ တိုက်ရိုက်ထုတ်လွှင့်ခဲ့သည်။

ဗမာ့အသံသည် သတင်းနှင့်ပြန်ကြားရေးလုပ်ငန်းများအပြင် အရေးကြီးသည့် မှတ်တမ်းများကို အသံဖမ်းယူပြီး မှတ်တမ်းဖိုင်များအဖြစ် စုဆောင်းထိန်းသိမ်းခဲ့သဖြင့် အမျိုးသားခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်း၏ မိန့်ခွန်းများကို ယနေ့တိုင် ပြန်လည်နားဆင်နိုင်ခဲ့ကြသည်။ ထို့အတူ ရန်ကုန်မြို့ ကမ္ဘာအေး မဟာပါသာဏလိုဏ်ဂူ၌ ၁၉၅၆ ခုနှစ်တွင်ကျင်းပခဲ့သည့် ဗုဒ္ဓသာသနာသမိုင်းတွင် အလွန်အရေးပါသော ဆဋ္ဌသင်္ဂါယနာတင်ပွဲတွင် မဟာစည်ဆရာတော် ဘဒ္ဒန္တသောဘဏနှင့် မင်းကွန်းတိပိဋကဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသတို့၏ ပိဋကသုံးပုံ အမေး၊ အဖြေများကို အသံဖမ်းယူခဲ့ရာ တန်ဖိုးအလွန်ကြီးမားသည့် သမိုင်းမှတ်တမ်းများဖြစ်ခဲ့သည်။

**ရေဒီယိုကမာရွတ်**

ဗမာ့အသံ၏ အသံလွှင့်လုပ်ငန်းများကို ပိုမိုကျယ်ပြန့်စွာဆောင်ရွက်နိုင်ရန် ၁၉၅၄ ခုနှစ်တွင် အသံလွှင့်ရုံသစ်ကြီးတစ်ခုတည်ဆောက်ရန် ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ပြည်လမ်းပေါ်ရှိ ၁၄ ဒသမ ၂၄၃ ဧကကျယ်ဝန်းသည့် နေရာကိုရွေးချယ်ခဲ့သည်။ ဟံသာဝတီအဝိုင်းအနီး၌ ယနေ့မြင်တွေ့နေရသည့် အသံလွှင့်ရုံသစ်ကြီးကို ထိုစဉ်က နိုင်ငံတော်ဝန်ကြီးချုပ် ဦးနုနှင့် ကချင်၊ ကယား၊ ကရင်၊ ချင်းနှင့် ရှမ်းတိုင်းရင်းသားကိုယ်စားလှယ်ငါးဦးက ၁၉၅၄ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်တွင် အုတ်မြစ်ချ၍ ၁၉၆၀ ပြည့်နှစ် နိုဝင်ဘာ ၄ ရက်တွင် ဖွင့်လှစ်ခဲ့သည်။

အစီအစဉ်ကောင်းများကို ဖန်တီးထုတ်လွှင့်ခဲ့ရာ ဘဝကြေးမုံဇာတ်လမ်းစုံ၊ ဇာတ်လမ်းပမာ နားဆင်စရာ၊ ရေဒီယိုအသံလွှင့်ဇာတ်လမ်း၊ ပုံပြင်လက်ဆောင်၊ သီရိဂေဟာ၊ မြန်မာ့အစာနှင့်အာဟာရ၊ သောတရှင်အတွက် ပြန်ကြားချက်၊ သီချင်းပဟေဠိ စသည့် အစီအစဉ်ကောင်းများစွာကို နားဆင်သူများ နှစ်သက်သဘောကျခဲ့ကြသည်။

ကမာရွတ်မြို့နယ် ပြည်လမ်းအသံလွှင့်ရုံသည် ၁၉၆၀ ပြည့်နှစ်မှစ၍ ၂၀၀၈ ခုနှစ်ထိ အသံလွှင့်လုပ်ငန်းနှင့် ရုပ်မြင်သံကြားထုတ်လွှင့်ခြင်းကို နေ့စဉ်ဆောင်ရွက်ခဲ့သည်။ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားကို နေပြည်တော်သို့ ပြောင်းရွှေ့ခဲ့ပြီးနောက် ကမာရွတ်မြန်မာ့အသံမှ မန္တလေး FM၊ ရွှေ FM ရေဒီယိုထုတ်လွှင့်မှုများ၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားနှင့် ဖော်အဲဗားဂရုတို့ပူးပေါင်းဆောင်ရွက်သည့် MRTV 4 အစီအစဉ် ထုတ်လွှင့်မှုများကို ဆောင်ရွက်လျက်ရှိသည်။

> ❖ ၁၉၄၆ ခုနှစ် ဖေဖော်ဝါရီ ၁၅ ရက်တွင် ရန်ကုန်ရေဒီယိုကို ဗမာ့အသံ(Burma Broadcasting Station)ဟု အမည်ပြောင်း၍ မြန်မာဘာသာ၊ အင်္ဂလိပ်ဘာသာ အစီအစဉ်များနှင့် ရှမ်းဘာသာ၊ စကောကရင်ဘာသာ၊ ပိုးကရင်ဘာသာနှင့် ဟိန္ဒူစတန်နီဘာသာတို့ဖြင့် ထုတ်လွှင့်ခဲ့သည်။ ထိုနေ့ကို ဗမာ့အသံ၏အသံလွှင့်လုပ်ငန်းများ တရားဝင်စတင်သည့်နေ့ဟုသတ်မှတ်ခဲ့သည်။ ဗမာ့အသံကို မြန်မာ့အသံသမိုင်းမှတ်တမ်းတွင် ဝင်ဒါမီယာအသံလွှင့်ရုံဟုထင်ရှားသည့် ဗဟန်းမြို့နယ် ဝင်ဒါမီယာခရက်ဆင့်(ယခု ပန်းဝါလမ်း) အသံလွှင့်ရုံသို့ပြောင်းရွှေ့ကာ ၁၉၄၈ ခုနှစ် ဩဂုတ် ၂၃ ရက်တွင် စတင်အသံလွှင့်ခဲ့သည်။ ❖

ရေဒီယိုကမာရွတ်ဟု ထင်ရှားခဲ့သည့် ပြည်လမ်းအသံလွှင့်ရုံသည် စတုရန်းပေ ၉၃၇၇၀ ကျယ်ဝန်းသည့် နှစ်ထပ်အဆောက်အအုံဖြစ်ကာ အောက်ထပ်တွင် အသံလွှင့်ခြင်းဆိုင်ရာ အခန်းများနှင့် ဓာတ်ပြားတိုက်တို့ကိုထားရှိ၍ အပေါ်ထပ်တွင် ရုံးခန်းများ၊ အစည်းအဝေးခန်းများနှင့် စာကြည့်တိုက်ရှိသည်။ ကမာရွတ်အသံလွှင့်ရုံကို မဖွင့်လှစ်မီ ၁၉၅၈ ခုနှစ် နိုဝင်ဘာ ၂၈ ရက်တွင် ဗမာ့အသံဟူသည့်အမည်ကို မြန်မာ့အသံဟု ပြောင်းလဲခဲ့သည်။ မြန်မာ့အသံမှ တင်ဆက်မှုများကို မြန်မာတစ်နိုင်ငံလုံးသို့ ထုတ်လွှင့်နိုင်ရန် ကမ္ဘာအေး၊ ရေကူးဘူတာအနီးရှိ ဧက ၅၅၀ ကျယ်ဝန်းသည့် မြေနေရာတွင် အသံလွှင့်စက်ရုံတစ်ရုံကို တည်ဆောက်ခဲ့သည်။ ၎င်းအသံလွှင့်စက်ရုံကို ၁၉၅၇ ခုနှစ် မေ ၁ ရက်တွင် ဖွင့်လှစ်ခဲ့ရာ ရေကူးအသံလွှင့်ရုံဟု ထင်ရှားခဲ့သည်။ ကမာရွတ်မြန်မာ့အသံမှထုတ်လွှင့်သည့် အသံများကို ရေကူးအသံလွှင့်ရုံမှတစ်ဆင့် တစ်နိုင်ငံလုံးသို့ ရောက်ရှိစေခဲ့သည်။

ကမာရွတ်မြန်မာ့အသံကို ဖွင့်လှစ်ခဲ့သည့် နေ့မှာပင် မြန်မာပိုင်း၊ အင်္ဂလိပ်ပိုင်းနှင့် တိုင်းရင်းသားဘာသာ အစီအစဉ်များကို ထုတ်လွှင့်ခဲ့သည်။ စတင်ထုတ်လွှင့်စဉ်က နံနက် ၇ နာရီမှ ၉ နာရီထိတစ်ကြိမ်၊ နံနက် ၁၁ နာရီမှ မွန်းလွဲ ၂ နာရီထိ တစ်ကြိမ်၊ ညနေ ၅ နာရီ မိနစ် ၃၀ မှ ည ၉ နာရီ မိနစ် ၃၀ ထိ တစ်ကြိမ် တစ်နေ့လျှင် သုံးကြိမ်ထုတ်လွှင့်ခဲ့သည်။ မြန်မာစံတော်ချိန်ကို နံနက် ၈ နာရီ၊ မွန်းတည့် ၁၂ နာရီနှင့် ည ၈ နာရီတို့တွင် ထုတ်လွှင့်ပေးခဲ့ရာ နံနက် ၈ နာရီနှင့် ည ၈ နာရီသတင်းများ မကြေညာမီ စံတော်ချိန်တီးလုံးကို ယနေ့တိုင် ကြားနေရဆဲဖြစ်သည်။

မြန်မာ့အသံသည် နားဆင်သူပြည်သူများအတွက် ယခုနှစ် ဖေဖော်ဝါရီ ၁၅ ရက်တွင် မြန်မာ့အသံထုတ်လွှင့်မှုသည် ၇၇ နှစ်ပြည့်မြောက်ပြီဖြစ်ကာ ယခုအချိန်တွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသည် ရုပ်မြင်သံကြားထုတ်လွှင့်မှုများကို MRTV News နှင့် MRTV HD တို့အပြင် MITV၊ Farmers၊ Sports၊ လွှတ်တော်၊ NRC(တိုင်းရင်းသားရေးရာ ရုပ်သံ)နှင့် မိတ်ဖက်ရုပ်သံလိုင်းများကိုပါ ထုတ်လွှင့်ပေးလျက်ရှိသည်။ ထို့အတူ နေပြည်တော် FM ရေဒီယို ထုတ်လွှင့်မှုအပါအဝင် အသံလွှင့်လုပ်ငန်းများကို နေ့စဉ်ဆောင်ရွက်လျက်ရှိသည်။

**ပြန်ကြားရေးနှင့် အသံလွှင့်ဦးစီးဌာန**

၁၉၇၂ ခုနှစ်တွင် မြန်မာ့အသံကို ပြန်ကြားရေးဌာနခွဲနှင့်ပူးပေါင်း၍ ပြန်ကြားရေးနှင့် အသံလွှင့်ဦးစီးဌာနဟု တိုးချဲ့ဖွဲ့စည်းခဲ့ကာ ၁၉၇၆ ခုနှစ် ဖေဖော်ဝါရီ ၁၅ ရက်မှစ၍ ကချင်၊ ကယား၊ စကောကရင်၊ ပိုးကရင်၊ ချင်း၊ မွန်၊ ရခိုင်၊ ရှမ်း ဟူသည့် တိုင်းရင်းသားဘာသာ ရှစ်မျိုးဖြင့် အစီအစဉ်တစ်ခုလျှင် မိနစ် ၃၀ စီထုတ်လွှင့်ခဲ့သည်။

မြန်မာ့အသံသည် ၂၀၀၁ ခုနှစ်တွင် ရန်ကုန်မြို့တော်အသံလွှင့်ဌာန(Yangon City FM) က အသံထုတ်လွှင့်ချိန်မတိုင်မီထိ တစ်ခုတည်းသော နိုင်ငံပိုင်အသံလွှင့်ဌာနအဖြစ်ရပ်တည်ခဲ့သည်။

ပြန်ကြားရေးနှင့် အသံလွှင့်ဦးစီးဌာနသည် ပုံမှန်အသံလွှင့်ခြင်းလုပ်ငန်းအပြင် ရောင်စုံရုပ်မြင်သံကြားအစီအစဉ်များကို ၁၉၈၀ ပြည့်နှစ် ဇွန် ၃ ရက်တွင် စမ်းသပ်ထုတ်လွှင့်နိုင်ခဲ့ပြီး နိုဝင်ဘာ ၁ ရက်မှစ၍ နေ့စဉ် တစ်ရက်လျှင် နှစ်နာရီ ပုံမှန်ထုတ်လွှင့်ခဲ့သည်။ နောက်ပိုင်းတွင် ထုတ်လွှင့်ချိန်ကိုတိုးမြှင့်ခဲ့ရာ ယခုအချိန်တွင် မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်များကို နံနက် ၆ နာရီမှ ည ၁၀ နာရီ မိနစ် ၃၀ ထိ ကြည့်ရှုနိုင်ကြသည်။ ၁၉၈၈ ခုနှစ် ဒီဇင်ဘာလမှစ၍ မြန်မာ့အသံနှင့် မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်များတွင် စီးပွားရေးကြော်ငြာများကို သတ်မှတ်နှုန်းထားများကောက်ယူ၍ ထုတ်လွှင့်ပေးခဲ့သည်။

၁၉၉၁ ခုနှစ်တွင် အသံနှင့်ရုပ်မြင်သံကြားထုတ်လွှင့်ခြင်းလုပ်ငန်းများကို ပိုမိုကျယ်ပြန့်စွာဆောင်ရွက်နိုင်ရန် ပြန်ကြားရေးနှင့်အသံလွှင့်ဦးစီးဌာနကို မြန်မာ့ရုပ်မြင်သံကြားနှင့် အသံလွှင့်ဦးစီးဌာနဟု ပြောင်းလဲဖွဲ့စည်းခဲ့ကာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား(MR-TV) ဟူသည့်အမည်ကို ၁၉၉၇ ခုနှစ် နိုဝင်ဘာ ၁၁ ရက်မှ စတင်အသုံးပြုခဲ့သည်။

**နေပြည်တော်သို့**

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားကို နေပြည်တော်၊ တပ်ကုန်းသို့ပြောင်းရွှေ့၍ အသံနှင့်ရုပ်မြင်သံကြားထုတ်လွှင့်မှုများကို ၂၀၀၈ ခုနှစ် မတ် ၁၆ ရက်တွင် စတင်ဆောင်ရွက်ခဲ့သည်။ နေပြည်တော် တပ်ကုန်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား နှစ်ထပ်အဆောက်အအုံတွင် အသံဖမ်းခြင်း၊ အသံလွှင့်ခြင်းနှင့် ရိုက်ကူးခြင်း စတူဒီယိုများအပြင် ပွဲကြည့်စင်ပါရှိသည့် စုဝေးခန်းမကြီး၊ အစည်းအဝေးခန်းမများ၊ သင်တန်းခန်းမများ၊ စားရိပ်သာများ၊ ညှိကြိုခန်းများ၊ ရုံးခန်းများကို ထည့်သွင်းတည်ဆောက်ခဲ့သည်။

နေပြည်တော်အသံလွှင့်ရုံ၏ အနောက်ဘက် နှစ်မိုင်အကွာတွင် အသံလွှင့်စက်ရုံ အမှတ်(၁)နှင့် ခြောက်မိုင်အကွာတွင် အသံလွှင့်စက်ရုံအမှတ်(၂) တို့ကို တည်ဆောက်ခဲ့သည်။

ပြည်သူလူထုအခြေပြုမြန်မာ့အသံသည် အသံလွှင့်ချိန်များကို တိုးမြှင့်ခဲ့ရာ ယခုအခါတွင် မြန်မာ့အသံရေဒီယိုကို နံနက် ၅ နာရီမှ ည ၁၁ နာရီထိ နားဆင်နိုင်ကြပြီဖြစ်သည်။ တိုင်းရင်းသားဘာသာ အသံလွှင့်အစီအစဉ်များကိုလည်း ဘာသာစကား ၁၇ မျိုးဖြင့် ထုတ်လွှင့်လျက်ရှိသည်။

ရုပ်မြင်သံကြားထုတ်လွှင့်မှုတွင်လည်း ထပ်ဆင့်ထုတ်လွှင့်စက်ရုံ ၁၄၅ ရုံ စက်တပ်ဆင်ထားသဖြင့် မြန်မာ့ရုပ်မြင်သံကြားထုတ်လွှင့်မှုများကို တစ်နိုင်ငံလုံးလူဦးရေ၏ ၉၀ ရာခိုင်နှုန်းခန့် ကြည့်ရှုနိုင်ကြပြီဖြစ်သည်။ မြန်မာ့ရုပ်မြင်သံကြား၏ နိုင်ငံတော်အခမ်းအနားများ၊ ပြည်တွင်း၊ ပြည်ပအားကစားပွဲများကို အခါအားလျော်စွာ တိုက်ရိုက်ထုတ်လွှင့်ပြသမှုများကို ကြည့်ရှုသူများ နှစ်ခြိုက်ခဲ့ကြသည်။

နေပြည်တော် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား အဆောက်အအုံအပေါ်ထပ်တွင် ခေတ်အဆက်ဆက်အသုံးပြုခဲ့သည့် ရုပ်သံထုတ်လွှင့်မှုဆိုင်ရာ ပစ္စည်းများကို မှန်ဗီရိုများဖြင့် ခင်းကျင်းပြသထားရာ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသမိုင်းကြောင်းပုံရိပ်များကို လေ့လာနိုင်ကြသည်။

ပြန်ကြားပေးရန်၊ ပညာပေးရန်၊ ဖျော်ဖြေပေးရန် ဟူသည့် ဦးတည်ချက်များဖြင့် ပြည်သူများကို နေ့စဉ်တင်ဆက်ပေးနေသည့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား အစီအစဉ်များသည် နားဆင်ကြည့်ရှုသူပြည်သူများ၏ နှစ်ခြိုက်မှုကိုရရှိခဲ့ကာ အရှိန်အဟုန်ဖြင့် ခရီးနှင်နေဆဲဖြစ်သည်။ မြန်မာနိုင်ငံ၏ ပထမဆုံးသော အသံလွှင့်မီဒီယာတစ်ခုအဖြစ် လွန်ခဲ့သော ၇၇ နှစ်က ပေါ်ထွန်းခဲ့သည့်မြန်မာ့အသံနှင့် လွန်ခဲ့သော ၄၃ နှစ်ကထွက်ပေါ်ခဲ့သည့် မြန်မာ့ရုပ်မြင်သံကြားတို့သည် ခေတ်ရေစီးနှင့်အတူ ပြည်သူများ၏အကျိုးကို ဆက်လက်သယ်ပိုးနိုင်ပါစေကြောင်း ဆန္ဒပြုလိုက်ရပါသည်။

**ကိုးကား**

- **မြန်မာ့အသံနှင့် ရုပ်မြင်သံကြားလေ့လာရေးစရိုးမှတ်စုများ**
- **နှစ် ၆၀ ပြည့် မြန်မာ့အသံမဂ္ဂဇင်း(၂၀၀၆)**
- **မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်(၂၀၁၇)**

# လမ်းလျှောက်ခြင်းဖြင့် စိတ်ကိုကြည်လင်လန်းဆန်းစေနိုင်သည်



မိမိတို့အနေနဲ့တစ်ခါတလေမှာ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ ကြုံဖူးမှာပါ။ အဲဒီအချိန်မှာ မရည်ရွယ်ပါဘဲ ခဏလောက်ဖြစ်ဖြစ် လမ်းထလျှောက်မိတတ်ကြပါတယ်။

အဲဒီလို လမ်းလျှောက်လိုက်ချိန်မှာ မိမိတို့မှာဖြစ်ပေါ်နေတဲ့ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ သက်သာပျောက်ကင်းသွားပြီး တစ်ခါတစ်ရံမှာ အကြံဉာဏ်ကောင်းတွေ ထွက်လာတာကို လက်တွေ့ကြုံဖူးကြမှာပါ။

ပညာရှင်တွေရဲ့ လေ့လာမှုအရဆိုရင်လည်း လမ်းလျှောက်ခြင်းဟာ စိတ်ကိုကြည်လင်လန်းဆန်းစေတယ်လို့ တွေ့ရှိထားပါတယ်။

တစ်ကိုယ်တည်းလမ်းလျှောက်ခြင်းထက် စိတ်တူကိုယ်တူရှိတဲ့ အဖော်တစ်ဦးဦးနဲ့လမ်းလျှောက်ခြင်းက ပိုပြီးတော့တောင် အထောက်အကူဖြစ်စေပါတယ်။

ဒါ့အပြင် ပုံမှန်လမ်းလျှောက်ခြင်းဟာ စိတ်ဖိစီးမှု၊ စိတ်ဓာတ်ကျဆင်းမှုနဲ့ စိတ်ပူပန်မှုတွေကိုလည်း ကျဆင်းစေတယ်လို့ဆိုပါတယ်။

လမ်းလျှောက်ခြင်းဟာ ငွေကုန်ကြေးကျခြင်းလည်း မရှိပါဘူး။ ကိုယ့်ရဲ့တစ်နေ့တာအချိန် ၂၄နာရီထဲကမှ မိနစ် ၃၀လေးသာ ဖဲ့ပေးလိုက်ရုံနဲ့ ပြန်ရလာမယ့် အကျိုးကျေးဇူးတွေက မနည်းလှပါဘူး။

ကိုယ်ကျန်းမာရင် စိတ်ချမ်းသာတယ်လို့ ပြောစမှတ်ရှိသလိုမျိုး စိတ်လည်းချမ်းသာစေ၊ ကိုယ်လည်းကျန်းမာစေဖို့ နေ့စဉ် ဘဝမှာ မိနစ် ၃၀ ကြာ လမ်းလျှောက်ကြပါစို့လို့ တိုက်တွန်းနှိုးဆော်လိုက်ရပါတယ်။

# မော်လိုက်ခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံဧက ၃၀၀၀၀ ကျော် စိုက်ပျိုးပြီးစီး

**မော်လိုက် ဖေဖော်ဝါရီ ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်ခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံဧက ၃၀၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်က ပြောပြ၍ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မော်လိုက်ခရိုင်တွင် ပဲမျိုးစုံသီးနှံဧက ၃၃၂၂၄ ဧကစိုက်ပျိုးရန် လျာထားပြီး ၂၀၂၂ ခုနှစ် အောက်တိုဘာလမှစတင် စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၃၀၄၁၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ မော်လိုက်ခရိုင်မှာ ပဲမျိုးစုံသီးနှံဧက ၃၃၂၂၄ ဧကစိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ပဲမျိုးစုံသီးနှံ ၃၀၄၁၁ ဧက လောက်ပဲ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ ဆောင်းကာလမှာ ပဲမျိုးစုံစိုက်ပျိုးမှုကတော့ ပုံမှန်အတိုင်းပါပဲ။ ပဲမျိုးစုံစိုက်ပျိုးမှုနဲ့ပတ်သက်ပြီး စိုက်နည်းစနစ်တွေ မှန်ကန်စေဖို့၊ မျိုးကောင်းမျိုးသန့်တွေ စိုက်ပျိုးကျဖို့၊ ပိုးမွှားကျရောက်မှု မရှိစေရေးအတွက် ကွင်းဆင်းဆောင်ရွက်ပေးတယ်"ဟု မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်က ပြောပြသည်။



မော်လိုက်ခရိုင်တွင် ပဲမျိုးစုံသီးနှံဧက စိုက်ပျိုးပြီးစီးမှုအနေဖြင့် မော်လိုက်မြို့နယ်တွင် ၆၃၆၄ ဧက၊ ဖောင်းပြင်မြို့နယ်တွင် ၂၄၀၄၇ ဧကတို့ဖြစ်ပြီး သီးနှံအလိုက်စိုက်ပျိုးနိုင်မှုအနေဖြင့် မတ်ပဲ ၄၅၈ ဧက၊ ပဲတီစိမ်းဧက ၁၃၆၀၊ ပဲပုပ် ၇၄၅၁ ဧက၊ ကုလားပဲ ၄၁၉ ဧက၊ စားတော်ပဲ ၂၀၂၀ ဧက၊ ပဲကြီး ၁၀၇ ဧက၊ ပဲကျား ၉၂ ဧက၊ မြေထောက်ပဲဧက ၉၁၇၀၊ အခြားပဲ ၉၂၃၃ ဧကတို့ဖြစ်ကြောင်း သိရသည်။

မော်လိုက်ခရိုင်အတွင်း ပဲမျိုးစုံသီးနှံ စိုက်ပျိုးတောင်သူများကို သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဒေသနှင့်ကိုက်ညီသည့်မျိုးကောင်း၊ မျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ (၂၀၆)

# ရွှေဘိုမြို့နယ် ပန်းရုံကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်ပြီးစီးမှု ကွင်းဆင်းစစ်ဆေး

**ရွှေဘို ဖေဖော်ဝါရီ ၁၄**

ရွှေဘိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သည့်ပန်းရုံကျေးရွာအုပ်စု ပန်းရုံကျေးရွာ၌ ရေရရှိရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ဖေဖော်ဝါရီ ၁၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ရွှေဘိုမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးခိုင်နှင့် ဝန်ထမ်းများသည် ပန်းရုံကျေးရွာရှိ သောက်သုံးရေရရှိရေး ကော်မတီဝင်များနှင့်အတူ စက်ရေတွင်းတူးဖော်ခြင်း၊ စင်မြင့်ရေစင် တည်ဆောက်ခြင်းလုပ်ငန်းများပြီးစီးမှုကို ကြည့်ရှုစစ်ဆေးခဲ့ပြီး ရွှေဘိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးခိုင်က လုပ်ငန်းများ ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားခဲ့သည်။

ရွှေဘိုမြို့နယ် ပန်းရုံကျေးရွာအုပ်စု ပန်းရုံကျေးရွာတွင် အကျယ် လေးလက်မ၊ အနက်ပေ ၇၀၀ စက်ရေတွင်းတူးဖော်ခြင်း၊ ဂါလန် ၂၄၀၀ ဆံ့ စင်မြင့်ရေစင်တည်ဆောက်ခြင်း၊ အလျား ၁၀ ပေ၊ အနံ ရှစ်ပေ၊ အမြင့် ရှစ်ပေ ရေစက်ရုံတည်ဆောက်ခြင်းနှင့် ခြံစည်းရိုးကာရံခြင်းလုပ်ငန်းများကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၃၃ သန်းဖြင့် ရွှေဘိုမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂ ခုနှစ် အောက်တိုဘာလတတိယပတ်တွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းအားလုံး ရာနှုန်းပြည့်ဆောင်ရွက် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကြောင့် ကျေးရွာရှိ အိမ်ထောင်စု ၇၄၀၊ လူ ၃၃၂၇ ဦးတို့ သောက်သုံးရေလုံလောက်စွာ အသုံးပြုနိုင်ပြီဖြစ်ကြောင်း ရွှေဘိုမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးခိုင်ထံမှ သိရသည်။ **သန်းသန်းရိုး**

## သချာဝေဖြာ မင်္ဂလာ

\- မင်္ဂလာ ကောင်းသတင်းဖြင့်
အပေါင်းသင်းတို့ ကြားသိစေ၊
နေ့သစ်ကို ကြိုဆိုပြု
တောင်းဆုရယ်ခြွေ၊
အရှက်ဦးရဲ့ ကျက်သရေ
ပြည့်ဖြိုးဝေ သုခညောင်း၊
သန့်ရှင်းဖြူ မေတ္တာဖြန့်လို့
သင်းပျံ့စေကြောင်း။

\- နေခြည်မှာ ရွှေရည်လောင်းပါလို့
ကျေးငှက်အပေါင်း သံသာချို၊
ဥပုသ်တည် မြတ်တရား
ပွားများကုသိုလ်၊
မပြီးဆုံးသော သံသရာကို
ပြီးပြတ်လို ကျင့်ကြံပွား၊
သာသနာ ကြုံအတွေ့မှာလ
ပျော်မွေ့တရား။

\- သူတော်စင် လူအများကိုလ
မေတ္တာထား ပေးကမ်းလှူ၊
ပဒုမ္မာ ရွှေကြာပန်းကဲ့သို့
ရှင်လန်းတဲ့လူ၊
မနောရယ်ဖြူ
ကူညီကွဲ့ လူသားချင်း၊
အပူဆို ဝေးရာလွင့်ဖို့
မြင့်မြတ်သန့်ရှင်း။

\- မနာလို ဝန်တိုကင်းစေကွဲ့
အေးမြခြင်း မြတ်နိုးကြင်၊
ကုသိုလ်မှီ သီလထုံး
သီကုံးစိတ်တွင်၊
နှလုံးသားလည်း အလှဆင်
ဘဝပင် အဆင်ပြေချော၊
ယဉ်ကျေးစွာ အစဉ်လှတယ်
ဖြူကြမနော။ ။

ချာန်လေး(ပညာရေး)

**ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်**



ကြက်သွန်ဖြူနှင့် ကြက်သွန်နီစားသုံးပေးခြင်းဖြင့် နှလုံးနှင့်အဆုတ်အတွက် အထူးကောင်းမွန်သည်။




# ဆီးရီးယားငလျင်ကပ်ဘေးသင့်နယ်မြေများ ရှင်းလင်းရေးလုပ်ငန်းကို ရုရှားတပ်ဖွဲ့ဝင်များ ကူညီနေ



**မော်စကို ဖေဖော်ဝါရီ ၁၄**

ပြီးခဲ့သည့် ရက်သတ္တပတ်ကျော်က လှုပ်ခတ်ခဲ့သော မြေငလျင်ကပ်ဘေးကို ပြန်လည်တုံ့ပြန်ရာတွင် ဆီးရီးယားနိုင်ငံကို ရုရှားတပ်ဖွဲ့ဝင် ဦးရေ ၃၀၀ ကျော်နှင့် စစ်ဘက်သုံး ယန္တရားယာဉ် ၆၀ တို့က အကူအညီများပေးနေကြောင်း ရိုက်တာသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဆီးရီးယားနိုင်ငံ၌ တပ်စွဲထားသော ရုရှားတပ်ဖွဲ့ဝင် ဦးရေ ၃၀၀ ကျော်တို့သည် အထူးစစ်သုံးယာဉ် ယန္တရားများနှင့်အတူ ငလျင်ကပ်ဘေးသင့်နယ်မြေများ ရှင်းလင်းရေးလုပ်ငန်းများ၌ ပါဝင်ကူညီနေကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနက ယနေ့တွင် သတင်းထုတ်ပြန်ထားသည်။

ထို့ပြင် ရုရှားတပ်ဖွဲ့ဝင်များသည် ငလျင်ကပ်ဘေးသင့် အလက်ပိုမြို့၌ စားနပ်ရိက္ခာများနှင့် ပိုးသတ်ဆေးများကဲ့သို့ လူသားချင်းစာနာထောက်ထားမှု အကူအညီများ ဖြန့်ဝေပေးခဲ့ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

ဆီးရီးယားနိုင်ငံ အတွင်းရှိ ငလျင်ဒဏ်သင့်နယ်မြေများအတွက် အကူအညီများ ပေးအပ်နိုင်ရန် ဆီးရီးယား အာဏာပိုင်များနှင့် ဆက်သွယ်ညှိနှိုင်းနေကြောင်း ရုရှားအစိုးရတာဝန်ရှိသူများကပြောကြားခဲ့သည်။

ရုရှားနိုင်ငံသည် ၁၀ နှစ်ကျော်ကြာ ဆီးရီးယားပြည်တွင်းစစ်၌ ၂၀၁၅ ခုနှစ်တွင် စစ်ရေးအရ ကြားဝင်ခဲ့ရာ ဆီးရီးယားအစိုးရတပ်များက တစ်နိုင်ငံလုံးနီးပါးကို ပြန်လည်ထိန်းချုပ် ထားနိုင်ခဲ့ကြောင်း သိရသည်။

လက်ရှိတွင် ရုရှားနိုင်ငံသည် ဆီးရီးယားနိုင်ငံ၌ စစ်ရေးအရ အခိုင်အမာအခြေချထားသောနိုင်ငံဖြစ်ကြောင်း သိရသည်။

KKO

# အီရန်သမ္မတ အက်ဘရာဟင်ရိုင်စီ တရုတ်နိုင်ငံသို့ ရောက်ရှိ

**ပေကျင်း ဖေဖော်ဝါရီ ၁၄**

သုံးရက်ကြာ ခရီးစဉ်အဖြစ် တရုတ်နိုင်ငံသို့ ရောက်ရှိနေသော အီရန်သမ္မတ အက်ဘရာဟင်ရိုင်စီသည် ယနေ့တွင် ပေကျင်းမြို့၌ တရုတ်သမ္မတရှီကျင့်ဖျင်နှင့်တွေ့ဆုံခဲ့ကြောင်း အေအက်ဖ်ပီသတင်းဌာနက ဖော်ပြခဲ့သည်။

အီရန်သမ္မတ အက်ဘရာဟင်ရိုင်စီသည်တရုတ်သမ္မတ ရှီကျင့်ဖျင်၏ဖိတ်ကြားချက်အရ ယနေ့တွင် တရုတ်နိုင်ငံသို့ ရောက်ရှိလာခဲ့ခြင်းဖြစ်သည်။


သုံးရက်ကြာ ခရီးစဉ်အတွင်း တရုတ်နိုင်ငံနှင့် အီရန်နိုင်ငံတို့ အနေဖြင့် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်အများအပြား လက်မှတ်ရေးထိုးနိုင်ဖွယ်ရှိသည်။

အက်ဘရာဟင်ရိုင်စီ၏အဆိုပါခရီးစဉ်သည် အီရန်သမ္မတတစ်ဦး၏ နှစ် ၂၀ အတွင်း ပထမဆုံးသော တရုတ်ခရီးစဉ်ဖြစ်သည်။

တရုတ်နှင့် အီရန်နှစ်နိုင်ငံစလုံး ကမ္ဘာ့ရေးရာ ပြဿနာများကို အကြောင်းပြု၍ အမေရိကန်နိုင်ငံနှင့် ဆက်ဆံရေးတင်းမာနေစဉ် တရုတ်နိုင်ငံ ပေကျင်းမြို့သို့ အီရန်သမ္မတ အက်ဘရာဟင်ရိုင်စီ ရောက်ရှိလာခြင်းဖြစ်သည်။

တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် အီရန်သမ္မတ အက်ဘရာဟင်ရိုင်စီတို့သည် ပြီးခဲ့သည့်နှစ်စက်တင်ဘာလအတွင်း ဥဇဘက်ကစ္စတန်နိုင်ငံ၌ ကျင်းပခဲ့သည့် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ ထိပ်သီးညီလာခံ၌ ပထမဆုံးအကြိမ်တွေ့ဆုံဆွေးနွေးခဲ့ပြီး ဖြစ်ကြောင်း သိရသည်။

KKO



# တောပုန်းဓားပြများ ထကြွမှုကိုရင်ဆိုင်ရာတွင် ကင်ညာစစ်ဘက် လက်နက်ကိုင်တပ်ဖွဲ့ဝင်များက ရဲတပ်ဖွဲ့နှင့်အတူပူးပေါင်းဆောင်ရွက်မည်

**နိုင်ရိုဘီ ဖေဖော်ဝါရီ ၁၄**

ကင်ညာနိုင်ငံ အနောက်မြောက်ပိုင်းဒေသများ၌ ပေါ်ပေါက်နေသည့် တောပုန်းဓားပြများထကြွမှုကို ရင်ဆိုင်ရာတွင် ကင်ညာစစ်ဘက် လက်နက်ကိုင်တပ်ဖွဲ့ဝင်များက ရဲတပ်ဖွဲ့နှင့်အတူ ပူးပေါင်းဆောင်ရွက်မည် ဖြစ်ကြောင်း ရိုက်တာသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

တောပုန်းဓားပြများနှင့်ကျွဲ၊ နွားခိုးဂိုဏ်းများထကြွမှုကြောင့်ကင်ညာနိုင်ငံ အနောက်မြောက် နယ်စပ်တစ်လျှောက်၌ ပြီးခဲ့သည့်ခြောက်လအတွင်း အရပ်သား ဦးရေ ၁၀၀ ကျော်နှင့် ရဲတပ်ဖွဲ့ဝင် ၁၆ ဦးတို့ သေဆုံးခဲ့ကြရသည်။

ယူဂန္ဓာနိုင်ငံနှင့် နယ်မြေချင်းထိစပ်နေသည့် ကင်ညာနိုင်ငံ အနောက်မြောက်ပိုင်း နယ်မြေများ၌ ဒေသလုံခြုံရေးပြန်လည် တည်ဆောက်မည်ဖြစ်ကြောင်း ကင်ညာသမ္မတ ဝီလျံရူတိုက ကတိပြုထားသည်။

လက်ရှိအချိန်တွင် ကင်ညာအစိုးရသည် ကင်ညာအနောက်မြောက်ပိုင်း ရစ်ဖ်တောင်ကြားဒေသ၌ သုံးရက်အတွင်း လက်နက်များအပ်နှံရန်ညွှန်ကြားထားပြီးအပ်နှံမှု မရှိခဲ့ပါက ဥပဒေကြောင်းအရ အပြည့်အဝတုံ့ပြန်မည်ဖြစ်ကြောင်း ကင်ညာ ပြည်ထဲရေးဝန်ကြီးဌာနက ယနေ့တွင် သတင်းထုတ်ပြန်ထားသည်။

အဆိုပါ အစီအစဉ်အတွက် ကင်ညာတပ်မတော်မှ တပ်ဖွဲ့ဝင်များကို ရစ်ဖ်တောင်ကြားဒေသ ခရိုင်ခြောက်ခုသို့ ဖေဖော်ဝါရီ ၁၅ ရက်တွင် စတင်စေလွှတ်မည်ဖြစ်ကြောင်း ကင်ညာကာကွယ်ရေးဝန်ကြီးဌာနက ကြေညာချက်ထုတ်ပြန်ထားသည်။

အဆိုပါ ကင်ညာစစ်ဘက်တပ်ဖွဲ့ဝင်များသည် ကျွဲ၊ နွားခိုးဂိုဏ်းများနှင့် တောပုန်းဓားပြများရန်ကို ရင်ဆိုင်ရာတွင် ရဲတပ်ဖွဲ့ကို ကူညီမည်ဖြစ်ကြောင်း သိရသည်။

KKO

# မစ်ချီဂန်တက္ကသိုလ်၌ သေနတ်ပစ်ခတ်မှုဖြစ်ပွား လူသုံးဦး သေဆုံး၍ ငါးဦး ဒဏ်ရာရရှိ

**နယူးယောက် ဖေဖော်ဝါရီ ၁၄**

အမေရိကန်နိုင်ငံ မစ်ချီဂန်တက္ကသိုလ် ပရဝဏ်အတွင်း၌ သေနတ်သမားတစ်ဦး၏ပစ်ခတ်မှုကြောင့် ဖေဖော်ဝါရီ ၁၃ ရက်ညပိုင်းက လူသုံးဦးသေဆုံး၍ ငါးဦးဒဏ်ရာများရခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

ပစ်ခတ်မှုကျူးလွန်သူ သေနတ်သမားမှာလည်း ကိုယ့်ကိုယ်ကိုယ် ပစ်ခတ်ထားဖွယ်ရှိသည့် သေနတ်ဒဏ်ရာကြောင့် သေဆုံးခဲ့ရကြောင်း အမေရိကန်ရဲတပ်ဖွဲ့၏ အဆိုအရ သိရသည်။

အသက် ၄၃ နှစ်ရှိ အဆိုပါ သေနတ်သမားသည် မစ်ချီဂန်တက္ကသိုလ်နှင့်ပတ်သက်ဆက်နွယ်မှုကင်းသူဖြစ်ရာ ပစ်ခတ်မှုကျူးလွန်ရခြင်း၏ရည်ရွယ်ချက်ကို မှန်းဆရခက်ကြောင်း ရဲတပ်ဖွဲ့က သတင်းထုတ်ပြန်ထားသည်။

အဆိုပါ သေနတ်သမားသည် မစ်ချီဂန်တက္ကသိုလ်ပရဝဏ်အတွင်း နေရာပေါင်း နှစ်နေရာ၌ပစ်ခတ်မှုကျူးလွန်ခဲ့ခြင်းဖြစ်သည်။

သေနတ် ပစ်ခတ်မှုအတွင်း ဒဏ်ရာရခဲ့သူငါးဦးစလုံးမှာဒဏ်ရာများပြင်းထန်ကြောင်း မစ်ချီဂန်ပြည်နယ်ရဲတပ်ဖွဲ့က ပြောကြားထားသည်။

သေနတ်ပစ်ခတ်မှု ဖြစ်ပွားပြီး လေးနာရီကြာတွင် သေနတ်ဒဏ်ရာဖြင့်သေဆုံးနေသည့် သေနတ်သမားကို ရဲတပ်ဖွဲ့ဝင်များက ရှာဖွေတွေ့ရှိခဲ့ရကြောင်း သိရသည်။

KKO

# ကာဂျစ်စတန်နိုင်ငံက စီအက်စ်တီအို၏ ယခုနှစ် ပူးတွဲစစ်ရေးလေ့ကျင့်မှုကို အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်

**မော်စကို ဖေဖော်ဝါရီ ၁၄**

ရုရှားနိုင်ငံ ဦးဆောင်သော စုပေါင်းလုံခြုံရေး စာချုပ်အဖွဲ့ (စီအက်စ်တီအို) နိုင်ငံများ၏ ငြိမ်းချမ်းမှုထိန်းသိမ်းရေး ပူးတွဲစစ်ရေးလေ့ကျင့်မှုကို အာမေးနီးယားနိုင်ငံအစား ကာဂျစ်စတန်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည် ဖြစ်ကြောင်း ရိုက်တာသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အာမေးနီးယား နိုင်ငံသည် စီအက်စ်တီအို ငြိမ်းချမ်းမှုထိန်းသိမ်းရေးပူးတွဲစစ်ရေးလေ့ကျင့်မှုများကို အိမ်ရှင်အဖြစ် လက်ခံကျင်းပရန် ပြီးခဲ့သည့်လက ငြင်းပယ်ထားသည်။

သို့သော် စီအက်စ်တီအို ငြိမ်းချမ်းမှုထိန်းသိမ်းရေး ပူးတွဲစစ်ရေးလေ့ကျင့်မှုများကို ကာဂျစ်စတန်နိုင်ငံက ၎င်း၏သဘောဆန္ဒအလျောက် အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပမည် ဖြစ်ကြောင်း စီအက်စ်တီအိုအဖွဲ့ တာဝန်ရှိသူများက ပြောကြားခဲ့သည်။

ကာဂျစ်စတန် နိုင်ငံသည် စီအက်စ်တီအိုငြိမ်းချမ်းမှုထိန်းသိမ်းရေး ပူးတွဲစစ်ရေးလေ့ကျင့်မှုကို ၂၀၂၂ခုနှစ်အတွင်း လက်ခံကျင်းပရန် စီစဉ်ထားသော်လည်း စီအက်စ်တီအိုအဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံဖြစ်သော တာဂျစ်ကစ္စတန်နိုင်ငံနှင့် နယ်စပ်ပဋိပက္ခများ ဖြစ်ပွားခဲ့ပြီးနောက် အစီအစဉ်ကို ဖျက်သိမ်းခဲ့သည်။

စီအက်စ်တီအို စာချုပ်အဖွဲ့ကို ဆိုဗီယက်ခေတ်လွန် နိုင်ငံပေါင်း ခြောက်နိုင်ငံနှင့် ဖွဲ့စည်းထားပြီး




အာမေးနီးယား၊ဘီလာရုစ်၊ ကာဇက်စတန်၊ ရုရှား၊ တာဂျစ်ကစ္စတန်၊ ကာဂျစ်စတန်နိုင်ငံတို့ဖြင့် ဖွဲ့စည်းထားသည်။

စီအက်စ်တီအို စာချုပ်အဖွဲ့၏ ယခုနှစ်ငြိမ်းချမ်းမှု ထိန်းသိမ်းရေး ပူးတွဲစစ်ရေးလေ့ကျင့်မှုကျင်းပမည့် အချိန်ကို မသိရသေးကြောင်း သိရသည်။

KKO

# SCIENCE AND TECHNOLOGY

## နေ၏မြောက်ဝင်ရိုးစွန်းဒေသ၌ ပလာစမာဓာတ်ငွေ့အစိုင်အခဲပဲ့ထွက်မှုကို နာဆာသိပ္ပံပညာရှင်များက ထောက်လှမ်းတွေ့ရှိခဲ့



**ဝါရှင်တန် ဖေဖော်ဝါရီ ၁၄**

နေ၏မြောက်ဝင်ရိုးစွန်းဒေသ၌ ပလာစမာဓာတ်ငွေ့ အစိုင်အခဲ တစ်ခု ပဲ့ထွက်ခဲ့မှုကို အမေရိကန် အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသ စီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ) သိပ္ပံပညာရှင်များက ထောက်လှမ်းတွေ့ရှိခဲ့ကြောင်း The Daily Mail သတင်းစာက ဖေဖော်ဝါရီ ၁၃ ရက်က ရေးသား တင်ပြထားသည်။

နေ၏ မြောက်ဝင်ရိုးစွန်းနယ်မြေ၌ ရောမပလာစမာဓာတ်ငွေ့ အစိုင်အခဲတစ်ခု ပဲ့ထွက်ခဲ့ပြီး အလွန်ကြီးမားသည့် ဝင်ရိုးစွန်း ပလာစမာဓာတ်ငွေ့မုန်တိုင်းအဖြစ် ပြောင်းလဲသွားကြောင်း နာဆာသိပ္ပံပညာရှင်များက ပြောကြားသည်။

နေမျက်နှာပြင်တွင် ပလာစမာဓာတ်ငွေ့အစိုင်အခဲ ပဲ့ထွက်၍ ဝင်ရိုးစွန်းမုန်တိုင်းအဖြစ်ပြောင်းလဲသွားပုံကို ပထမဆုံးအကြိမ်အဖြစ် သိပ္ပံပညာရှင်များ တွေ့ကြုံခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်သည် နေ၏ သံလိုက်စက်ကွင်းများ နေရာပြောင်းရွှေ့မှုနှင့် သက်ဆိုင်နေနိုင်ကြောင်း နာဆာသိပ္ပံပညာရှင်များက ယူဆထားသည်။

နေ၏ ပလာစမာဓာတ်ငွေ့ အစိုင်အခဲ ပဲ့ထွက်မှုဖြစ်စဉ်သည် ရှစ်နာရီခန့်ကြာမြင့်ခဲ့ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

နေမျက်နှာပြင် လှုပ်ရှားမှု အမြင့်မားဆုံး ကာလအတွင်းသို့ ၁၁ နှစ်လျှင်တစ်ကြိမ် ဝင်ရောက်မှုဖြစ်စဉ်ကြောင့် ပလာစမာဓာတ်ငွေ့ အစိုင်အခဲ ပဲ့ထွက်ခဲ့ခြင်းဖြစ်နိုင်ကြောင်း သိပ္ပံပညာရှင်များက သုံးသပ်ထားသည်။ KKO


## နာဆာ၏လူစီအာကာသယာဉ် ပထမဆုံးလေ့လာမည့်ဂြိုဟ်သိမ်ကို ဒင်ကီနက်ရှ်ဂြိုဟ်သိမ်ဟူ၍ အမည်ပေး

**ဝါရှင်တန် ဖေဖော်ဝါရီ ၁၄**

အမေရိကန်အစိုးရ အမျိုးသား လေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)၏ လူစီအာကာသယာဉ် ပထမဆုံးလေ့လာမည့်ဂြိုဟ်သိမ်ကို ဒင်ကီနက်ရှ် ဟူ၍ အမည်သစ် ပေးထားပြီဖြစ်ကြောင်း Phys.org သတင်းဝက်ဘ်ဆိုက်က ဖေဖော်ဝါရီ ၁၃ ရက်က ရေးသား တင်ပြထားသည်။

အဆိုပါဂြိုဟ်သိမ်ကို ဒင်ကီနက်ရှ်ဂြိုဟ်သိမ်ဟူ၍ အမည်ပေးရန် နိုင်ငံတကာ နက္ခတ္တရူပဗေဒအသင်းချုပ်က သဘောတူထားကြောင်း သိရသည်။

ဒင်ကီနက်ရှ် ဟူသောနာမည်သည် လူစီအမည်ရှိ ရှေးဦးလူတူ ကျောက်ဖြစ်ရုပ်ကြွင်း၏ အီသီယိုးပီးယားဘာသာ နာမည်ဖြစ်သည်။




အင်္ဂါဂြိုဟ်နှင့် ကြာသပတေးဂြိုဟ်တို့ကြားရှိ ဂြိုဟ်သိမ်ခါးပတ်ကွင်းနယ်မြေအတွင်း တည်ရှိသည့် ဒင်ကီနက်ရှ်ဂြိုဟ်သိမ်ကို ၁၉၉၉ ခုနှစ်တွင် ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လူစီအာကာသယာဉ် လေ့လာရမည့် ဂြိုဟ်သိမ်များစာရင်းတွင် ထည့်သွင်းခဲ့ပြီးနောက် ၎င်းဂြိုဟ်သိမ်ကို ဒင်ကီနက်ရှ်ဂြိုဟ်သိမ်ဟူ၍ အမည်ပေးရန် နာဆာသိပ္ပံပညာရှင်များက အဆိုပြုထားခြင်းဖြစ်သည်။

လူစီ အာကာသယာဉ်သည် ယခုနှစ် နိုဝင်ဘာ ၁ ရက်တွင် ဒင်ကီနက်ရှ်ဂြိုဟ်သိမ်ကို အနီးကပ်ဖြတ်ကျော်ပျံသန်းမည်ဖြစ်ကြောင်း သိရသည်။ KKO

## ရုရှားအာကာသအေဂျင်စီက နိုင်ငံတကာအာကာသစခန်းသို့ ဆိုယုဇ်အာကာသလူသယ်ယာဉ် လူမဲ့လွှတ်တင်ရေးအစီအစဉ် ဆိုင်းငံ့

**မော်စကို ဖေဖော်ဝါရီ ၁၄**

နိုင်ငံတကာ အာကာသစခန်းသို့ ဆိုယုဇ် အာကာသလူသယ်ယာဉ် တစ်စင်း လူမဲ့ လွှတ်တင်မည့် အစီအစဉ်ကို ရုရှားအာကာသ အေဂျင်စီက ဆိုင်းငံ့ထားကြောင်း Phys.org သတင်းဝက်ဘ်ဆိုက်က ဖေဖော်ဝါရီ ၁၃ ရက်က ရေးသား တင်ပြထားသည်။

နိုင်ငံတကာ အာကာသစခန်း၌ ဆိုက်ကပ်ထားသော ပရိုဂရက်စ် MS-82 အာကာသကုန်တင်ယာဉ်၌ ဓာတ်ငွေ့ယိုစိမ့်မှုပြဿနာဖြစ်ပွားခဲ့ပြီးနောက် ဆိုယုဇ်အာကာသ လူသယ်ယာဉ် လွှတ်တင်ရေးအစီအစဉ်ကို ရုရှားအာကာသအေဂျင်စီက ဆိုင်းငံ့ထားခြင်းဖြစ်ကြောင်း သိရသည်။

ရုရှား အာကာသအေဂျင်စီသည် မူလက ဆိုယုဇ်အာကာသ လူသယ်ယာဉ်ကို ဖေဖော်ဝါရီ ၂၀ ရက်တွင် လွှတ်တင်ရန် စီစဉ်ထားကြောင်း သိရသည်။

ပရိုဂရက်စ် MS-82 အာကာသကုန်တင်ယာဉ် ဓာတ်ငွေ့ယိုစိမ့်မှုသည် နှစ်လတာကာလအတွင်း ဒုတိယမြောက် ရုရှားအာကာသယာဉ် ဓာတ်ငွေ့ယိုစိမ့်မှုဖြစ်သည်။

ပြီးခဲ့သည့်နှစ် ဒီဇင်ဘာလအတွင်းကလည်း နိုင်ငံတကာ အာကာသစခန်း၌ ဆိုက်ကပ်ထားသည့် ဆိုယုဇ် အာကာသလူသယ်ယာဉ်တစ်စင်းတွင် အအေးပေးစနစ်ဓာတ်ငွေ့ယိုစိမ့်မှုဖြစ်ပွားခဲ့ရာ ကမ္ဘာမြေသို့ပြန်မည့် အာကာသယာဉ်မှူး သုံးဦး အာကာသစခန်းယာဉ်ပေါ်တွင် သောင်တင်ခဲ့ရသည်။

ရုရှားနိုင်ငံသည် အထက်ပါ အာကာသယာဉ်မှူးသုံးဦးကို ပြန်လည်ခေါ်ယူရေးအတွက် ဆိုယုဇ်အာကာသ လူသယ်ယာဉ်သစ်ကို လူမဲ့ထိန်းကျောင်းမှုစနစ်ဖြင့် လွှတ်တင်ရန် စီစဉ်ထားခြင်းဖြစ်ကြောင်း သိရသည်။ KKO

# HEALTH

## ကိုဗစ်ရောဂါဖြစ်ပွားဖူးသူများ၌ ဆီးချိုရောဂါများ ဖြစ်ပွားနိုင်ခြေ ပုံမှန်ထက်မြင့်မားနိုင်ဖွယ်ရှိ

**နယူးယောက် ဖေဖော်ဝါရီ ၁၄**

ကိုဗစ်ရောဂါ ဖြစ်ပွားခဲ့ဖူးသူများတွင် ပုံစံ-၁ ဆီးချို သို့မဟုတ် ပုံစံ-၂ ဆီးချိုရောဂါများဖြစ်ပွားနိုင်ခြေ ပုံမှန်ထက်မြင့်မားလာနိုင်ဖွယ်ရှိကြောင်း ယူပီအိုင်သတင်းဌာနက ဖေဖော်ဝါရီ ၁၃ ရက်က ရေးသားတင်ပြထားသည်။

ကိုရိုနာဗိုင်းရပ်သည် ကျောက်ကပ်၊ အူသိမ်နှင့် ပန်ကရိယကဲ့သို့ ကိုယ်တွင်းအင်္ဂါများပေါ်ရှိ လက်ခံအင်ဇိုင်းများ၌ တွယ်ကပ်နိုင်စွမ်းရှိရာ အင်ဆူလင် ထုတ်လုပ်နိုင်မှုအဆင့်အပေါ် အကျိုးသက်ရောက်မှုရှိလာနိုင်ကြောင်း အမေရိကန်နိုင်ငံ ပင်ဆယ်ဗေးနီးယားတက္ကသိုလ်မှ သိပ္ပံပညာရှင်များက ပြောကြားသည်။

သို့ဖြစ်ရာ ကိုဗစ်ရောဂါဖြစ်ပွားဖူးသူများတွင် ပုံစံ-၁ သို့မဟုတ် ပုံစံ-၂ ဆီးချိုရောဂါဖြစ်နိုင်ခြေလည်း ပုံမှန်ထက် မြင့်တက်လာနိုင်ဖွယ်ရှိကြောင်း သုတေသနပညာရှင်များက သုံးသပ်ထားသည်။

အမေရိကန် သုတေသနပညာရှင်များ၏ အဆိုအရ ကိုဗစ်ဖြစ်ပွားဖူးသူများ၏ ပုံစံ-၁ နှင့် ပုံစံ-၂ ဆီးချိုရောဂါများ ဖြစ်နိုင်ခြေမှာ ကိုဗစ်မဖြစ်ဖူးသူများထက် ၆၆ ရာခိုင်နှုန်းထိ ပို၍မြင့်မားနိုင်ဖွယ်ရှိကြောင်း သိရသည်။

သို့ရာတွင် ကိုဗစ်ကြောင့်ဆီးချိုရောဂါများဖြစ်ရသည်ဟူ၍ မိမိတို့အနေဖြင့် ယတိပြတ်ပြော၍မရဘဲ သုတေသနလုပ်ငန်းများ ထပ်မံလုပ်ဆောင်ရန်လိုကြောင်း သုတေသနပညာရှင်များက ဝန်ခံထားသည်။

KKO

## အသည်းအဆီဖုံးလူနာများ အားစိုက်လေ့ကျင့်ခန်း ပြုလုပ်ခြင်းဖြင့် အသည်း၌အဆီစုစည်းမှုကိုလျှော့ချနိုင်

**နယူးယောက် ဖေဖော်ဝါရီ ၁၄**

အရက်သောက်သုံးမှုနှင့်မသက်ဆိုင်သော အသည်းအဆီဖုံးရောဂါ (NAFLD) လူနာများအနေဖြင့် အထိုက်အလျောက် အားစိုက်ရသည့် လေ့ကျင့်ခန်းများပြုလုပ်ပါက အသည်း၌အဆီစုစည်းမှုပမာဏကို လျှော့ချနိုင်ကြောင်း Health Day News ဆေးပညာသတင်းဝက်ဘ်ဆိုက်က ဖေဖော်ဝါရီ ၁၃ ရက်က ရေးသားတင်ပြထားသည်။

NAFLD လူနာများအနေဖြင့် ရက်သတ္တတစ်ပတ်လျှင် မိနစ် ၁၅၀ ထိ အချိန်ပေး၍ အထိုက်အလျောက် အားစိုက်ရသော လေ့ကျင့်ခန်းများ ပြုလုပ်ပေးပါက အသည်း၌အဆီစုစည်းမှုပမာဏကို သိသိသာသာ လျှော့ချနိုင်ကြောင်း အမေရိကန် သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

အမေရိကန် သုတေသနပညာရှင်များသည် NAFLD ရောဂါအပေါ် လေ့ကျင့်ခန်းပြုလုပ်မှု၏ အကျိုးသက်ရောက်မှုကို ဖော်ထုတ်ရေးအတွက် NAFLD လူနာ ၅၅၁ ဦး ပါဝင်သည့် လေ့လာချက်ပေါင်း ၁၄ ခုကို အသေးစိတ်စိစစ်ခဲ့သည်။

လေ့လာချက်မှ ထွက်ပေါ်လာသောရလဒ်များအရ ရက်သတ္တတစ်ပတ်လျှင် မိနစ် ၁၅၀ ထိ အချိန်ပေး၍ လေ့ကျင့်ခန်းပြုလုပ်သူ NAFLD လူနာများသည် အသည်း၌ အဆီစုစည်းမှုကို ၃၀ ရာခိုင်နှုန်းထိ လျှော့ချနိုင်ကြောင်း သိရသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ အထိုက်အလျောက်အားစိုက်ရသည့် လေ့ကျင့်ခန်းများကို လုံလုံလောက်လောက် ပြုလုပ်ပေးခြင်းသည် စံမီကုထုံးများကလျှော့ချပေးနိုင်သည့်ပမာဏ၏ ၃၀ ရာခိုင်နှုန်းထိ အသည်း၌ အဆီစုစည်းမှုကို လျှော့ချပေးနိုင်ကြောင်း အမေရိကန် သုတေသနပညာရှင်များက ပြောကြားသည်။

KKO



## နိုင်ငံတကာ အားကစားသတင်းများ

# ဖီဖာတစ်နှစ်တာအကောင်းဆုံးအသင်း ဆန်ခါတင်စာရင်း၌ စီရော်နယ်ဒို၊ မက်ဆီ၊ အမ်ဘာက်ပီနှင့် ဘယ်လင်ဟမ်တို့ပါဝင်



**ပဲရစ် ဖေဖော်ဝါရီ ၁၄**

ကမ္ဘာ့ဘောလုံး အဖွဲ့ချုပ်က ထုတ်ပြန်ခဲ့သည့် ဖီဖာတစ်နှစ်တာ အကောင်းဆုံးအသင်း ကစားသမား ၂၆ ဦးစာရင်းတွင် တိုက်စစ်မှူး စီရော်နယ်ဒို၊ မက်ဆီ၊ အမ်ဘာက်ပီနှင့် ကွင်းလယ်ကစားသမား ဘယ်လင်ဟမ်တို့ ပါဝင်ခဲ့ကြောင်း Fotmob.com က ယနေ့တွင် ဖော်ပြခဲ့သည်။

စီရော်နယ်ဒိုသည် ပြီးခဲ့သည့် နိုဝင်ဘာလက မန်ယူအသင်းနှင့် လမ်းခွဲခဲ့ပြီးနောက် ဆော်ဒီအာရေဗျ ကလပ် အယ်နာဆာအသင်းသို့ ပြောင်းရွှေ့ခဲ့သော်လည်းတစ်နှစ်တာ အကောင်းဆုံးအသင်းကစားသမား စာရင်းတွင် ပါဝင်လာခဲ့ပြီး ၂၀၀၇ ခုနှစ်နောက်ပိုင်းတွင် တိုက်စစ်မှူး မက်ဆီနှင့်အတူ အဆိုပါကစားသမား စာရင်းတွင် နှစ်စဉ်ပါဝင်ခဲ့သည်။

တစ်နှစ်တာအကောင်းဆုံးအသင်း တွင် စီရော်နယ်ဒိုနှင့် မက်ဆီသည် မန်စီးတီးတိုက်စစ်မှူး ဟာလန်း၊ အမ်ဘာက်ပီ၊ နေမာ၊ လီဝမ်ဒေါစကီး၊ ဘင်ဇီးမားတို့နှင့် တိုက်စစ်ပိုင်းတွင် ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ကွင်းလယ် ပိုင်းတွင် အန်ဒိုဖာနန်ဒက်၊ ဘယ်လင်ဟမ်တို့က ကက်စ်မဲရိုး၊ ဒီဘရိုင်း၊ ဂါဗီ၊ မိုဒရစ်၊ ပက်ဒရီ၊ ဗယ်ဗာဒီတို့ပါဝင်ကာ ခံစစ်ပိုင်းတွင် ကန်ဆယ်လို၊ဗန်ဒိုက်၊ရူဒီဂါ၊သီယာဂို ဆေးဗား၊ အယ်ဖွန်ဆိုဒေးဗစ်၊ ဂါဗာ ဒီယိုလ်၊ဟာကီမီ၊သီယိုဟာနန်ဒက်ဇ်နှင့် ဂိုးသမားများအဖြစ် အယ်လစ်ဆန်၊ ကော့တွိုက်နှင့် အေဗီလာအသင်း ကစားသမား မာတီနက်ဇ်တို့ပါဝင် ခဲ့ကြသည်။

အဆိုပါကစားသမား ၂၆ ဦး စာရင်းကို ၂၀၂၁ ခုနှစ် ဩဂုတ် ၈ ရက်မှ ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၁၈ ရက်ထိကစားခဲ့သည့် ကစား သမားများ၏ စွမ်းဆောင်ရည်များ အပေါ် စိစစ်ရွေးချယ်မည်ဖြစ်ပြီး ဖေဖော်ဝါရီ ၂၇ ရက်၌ အကောင်း ဆုံးကစားသမား ၁၁ ဦးစာရင်း ကို ထုတ်ပြန်ကြေညာသွားမည်ဖြစ် ကြောင်း သိရသည်။ ML

# တိုက်စစ်မှူး ဂျာအိုဖီးလစ်ကို အပြီးသတ် ဝယ်ယူရန် ချဲလ်ဆီးအသင်း ကြိုးပမ်း

**လန်ဒန် ဖေဖော်ဝါရီ ၁၄**

ချဲလ်ဆီးအသင်းသည် ဇန်နဝါရီ ကစားသမား အပြောင်းအရွှေ့ ကာလက အေတီကိုအသင်းမှ ခြောက်လအငှားစာချုပ်ဖြင့် ခေါ်ယူ ထားသည့် တိုက်စစ်မှူး ဂျာအို ဖီးလစ်ကို စာချုပ်သက်တမ်းကုန်ဆုံး ပါက ပြောင်းရွှေ့ကြေးစတာလင် ပေါင်သန်း ၁၀၀ ဖြင့် အပြီးသတ် ခေါ်ယူနိုင်ရန် ကြိုးပမ်းနေကြောင်း Fotmob.com က ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၂၃ နှစ်ရှိ ဂျာအိုဖီးလစ် သည် ချဲလ်ဆီးအသင်းသို့ ရောက်ရှိ ခဲ့ပြီး ပွဲဦးထွက်ပွဲစဉ်တွင် တိုက်ရိုက် အနီကတ်ကြောင့် ပွဲပယ်ပြစ်ဒဏ် ကျခံခဲ့ရသော်လည်း ဖေဖော်ဝါရီ ၁၁ ရက်က ကစားခဲ့သည့် ဝက်စ်ဟမ်း အသင်းနှင့်ပွဲစဉ်တွင် ပုံစံကောင်း ပြသ၍ အသင်းအတွက်ဦးဆောင်ဂိုး သွင်းယူပေးနိုင်ခဲ့ရာ ချဲလ်ဆီးအသင်း တာဝန်ရှိသူများက ပရီးမီးယားလိဂ် တွင် အသားကျလွယ်သည့် ၎င်းကို အပြီးသတ်ဝယ်ယူခွင့်ရရှိရန် ကြိုးပမ်း နေခြင်းဖြစ်သည်။

အေတီကိုအသင်းသည် နည်းပြ ဆီမွန်နီ၏ကစားကွက်နှင့် ကိုက်ညီ မှုမရှိသည့် ဂျာအိုဖီးလစ်၏ ပြောင်းရွှေ့ကြေးကို ယခင်က ယူရို သန်း ၁၃၀ ဝန်းကျင်သတ်မှတ်ထား သော်လည်း ချဲလ်ဆီးအသင်းက အပြီးသတ်ဝယ်ယူရန် တရားဝင် ကမ်းလှမ်းခဲ့ပါက ပြောင်းရွှေ့ကြေး လျှော့ချ၍ ရောင်းချနိုင်ဖွယ်ရှိ နေသည်။

ဂျာအိုဖီးလစ်သည် ၂၀၁၉ ခုနှစ်က ပေါ်တူဂီကလပ် ဘင်ဖီကာ အသင်းမှ အေတီကိုအသင်းသို့ ပြောင်းရွှေ့ကြေးယူရို ၁၂၆ သန်း ဖြင့်ရောက်ရှိခဲ့ကာ ခုနစ်နှစ်စာချုပ် ချုပ်ဆိုခဲ့ပြီး စာချုပ်သက်တမ်း ကုန်ဆုံးပါက တစ်နှစ်သက်တမ်းတိုး နိုင်သည့် သဘောတူညီချက်ပါရှိ သော်လည်း ယခုနှစ်တွင် အသင်း နည်းပြဆီမွန်နီနှင့် ဆက်ဆံရေး တင်းမာလာသောကြောင့် အသင်းမှ ထွက်ခွာရန်ဆုံးဖြတ်ခဲ့ပြီး ဇန်နဝါရီ အပြောင်းအရွှေ့ကာလ၌ ချဲလ်ဆီး အသင်းသို့ ခြောက်လအငှားစာချုပ် ဖြင့် ပြောင်းရွှေ့ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ML



# ဖရန့်ဖတ်ခံစစ်ကစားသမား အန်ဒစ်ကာကိုခေါ်ယူရန် ဘာစီလိုနာအသင်း သဘောတူညီမှုရရှိ

**ဘာစီလိုနာ ဖေဖော်ဝါရီ ၁၄**

ဘာစီလိုနာအသင်းက လာမည့် နွေရာသီတွင် ခံစစ်ပိုင်းထပ်မံ ဖြည့်တင်းရန်အတွက် ဖရန့်ဖတ် အသင်းမှ ခံစစ်ကစားသမား အန်ဒစ်ကာကို ခေါ်ယူရန် ဆွေးနွေး ခဲ့ရာ ကစားသမားနှင့်သဘောတူညီ မှုရရှိခဲ့ကြောင်း Goal.com က ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၂၃ နှစ်ရှိ ဗဟိုခံစစ် ကစားသမား အန်ဒစ်ကာသည် ယခုနှစ်ဘောလုံးရာသီ၌ ဖရန့်ဖတ် အသင်းနှင့်အတူ ပြိုင်ပွဲစုံတွင်အဓိက ကစားသမားအဖြစ် ပွဲထွက်ခွင့်ရရှိ နေသော်လည်း ၎င်းအနေဖြင့် လာမည့် ဇွန်လတွင် အသင်းနှင့် စာချုပ်သက်တမ်း ကုန်ဆုံးမည် ဖြစ်ရာ ဖရန့်ဖတ်အသင်းနှင့် သက်တမ်းတိုးရန် ဆန္ဒမရှိဘဲ ဘာစီလိုနာအသင်း၏ကမ်းလှမ်းမှု ကို လက်ခံခဲ့ပြီး ပုဂ္ဂိုလ်ရေးသဘော တူညီမှုရယူခဲ့ခြင်းဖြစ်သည်။

ဘာစီလိုနာအသင်းသည် လက်ရှိ ခံစစ်ပိုင်းတွင် အာရှုဂျို၊ ခရစ် စတန်ဆန်၊ ခွန်ဒီ ၊ ဂါစီယာတို့ရှိနေ သည့်အပြင် အငှားစာချုပ်ဖြင့် သွား ရောက်ကစားနေသည့် လန်ဂလက်နှင့် ဆာဂျီနိုဒက်တို့လည်း လာမည့် နွေရာသီတွင် အသင်းနှင့်ပြန်လည် ပူးပေါင်းမည်ဖြစ်သော်လည်း ဗဟို ခံစစ်ပိုင်းတွင် ကစားသမားသစ် တစ်ဦးထပ်မံအလိုရှိနေသောကြောင့် အန်ဒစ်ကာကို အလွတ်ပြောင်းရွှေ့ ကြေးဖြင့်ခေါ်ယူရန် အကြိုသဘော တူညီမှုရရှိခဲ့ခြင်းဖြစ်သည်။

အန်ဒစ်ကာသည် ၎င်း၏ကစား သမားဘဝကို ၂၀၁၆ ခုနှစ်က ပြင်သစ်ကလပ် အော်ဇေးအသင်း နှင့်စတင်ခဲ့ပြီးနောက် ပုံစံကောင်း ပြသနိုင်ခဲ့သဖြင့် ၂၀၁၈ ခုနှစ်တွင် ဖရန့်ဖတ်အသင်းသို့ ရောက်ရှိခဲ့ပြီး ပြိုင်ပွဲစုံ ၁၆၈ ပွဲ ပါဝင်ခဲ့ရာတွင် သွင်းဂိုး ၁၀ ဂိုးထိသွင်းယူနိုင်ခဲ့သည့် အပြင် အသင်းကို ၂၀၂၁-၂၀၂၂ ယူရိုပါလိဂ်ချန်ပီယံဆုဖလား ရရှိ အောင်စွမ်းဆောင်ပေးနိုင်ခဲ့ကြောင်း သိရသည်။

ML

# 2024 Solheim Cup ပြိုင်ပွဲဝင်မည့် အမေရိကန်အသင်း၏ အသင်းခေါင်းဆောင်အဖြစ် စတေစီလူးဝစ်ကို ခန့်အပ်

**ဝါရှင်တန် ဖေဖော်ဝါရီ ၁၄**

အမေရိကန်နိုင်ငံ အခြေစိုက် အမျိုးသမီး ဂေါက်သီးရိုက်အဖွဲ့ချုပ် LPGA က အမေရိကန်နိုင်ငံ ဗာဂျီး နီးယားပြည်နယ် ဂျိုင်းနက်စ်ဗီးတွင် ကျင်းပမည့် 2024 Solheim Cupဂေါက်သီးရိုက်ပြိုင်ပွဲတွင်ပါဝင် ယှဉ်ပြိုင်မည့် အမေရိကန်အသင်း၏ အသင်းခေါင်းဆောင်အဖြစ် အမေ ရိကန်ဂေါက်သီးရိုက်မယ် စတေစီ လူးဝစ်ကို အသင်းခေါင်းဆောင် အဖြစ်ခန့်အပ်ခဲ့ကြောင်း ထုတ်ပြန် ကြေညာခဲ့သည်ဟု ESPN သတင်း ဌာနက ယနေ့တွင်ဖော်ပြခဲ့သည်။

LPGA အဖွဲ့ချုပ်သည် 2024 Solheim Cup ဂေါက်သီးရိုက်ပြိုင်ပွဲ တွင် အမေရိကန်အသင်းအောင်မြင် မှုရရှိရေးအတွက် ကြိုတင်ပြင်ဆင် နေပြီး စတေစီလူးဝစ်ကို အမေရိကန် အသင်း ကစားသမားရွေးချယ်ရေး အတွက်လည်း အချိန်ယူနိုင်ရန် အသင်းခေါင်းဆောင်အဖြစ် ကြိုတင် ခန့်အပ်ခဲ့ခြင်းဖြစ်သည်။

စပိန်နိုင်ငံ အန်ဒါလူစီယာတွင် ကျင်းပမည့် 2023 Solheim Cupဂေါက်သီးရိုက်ပြိုင်ပွဲတွင်လည်း အမေရိကန်အသင်း၏ အသင်း ခေါင်းဆောင်အဖြစ် စတေစီလူးဝစ် က ဆက်လက်တာဝန်ယူသွားမည် ဖြစ်ပြီး LPGA က အသင်း ခေါင်းဆောင်ကို တစ်နှစ်လျှင် တစ်ကြိမ်သာ ခန့်အပ်လေ့ရှိသော် လည်း စတေစီလူးဝစ်၏ စွမ်းဆောင် ရည်အပေါ် ကြိုက်နှစ်သက်သည့် အတွက်၂၀၂၄ ခုနှစ်အတွက် ထပ်မံ ခန့်အပ်ခဲ့ခြင်းဖြစ်သည်။

စတေစီလူးဝစ်က "2023 Solheim Cupဂေါက်သီးရိုက်ပြိုင်ပွဲ တွင် အမေရိကန်အသင်းကိုအသင်း ခေါင်းဆောင်အဖြစ် တာဝန်ယူခွင့်ရ ခဲ့လို့ဂုဏ်ယူမိပါတယ်။ လာမဲ့ ၂၀၂၄ ခုနှစ်မှာလဲ အသင်းခေါင်းဆောင် အဖြစ် ဆက်လက်တာဝန်ယူခွင့်ရ မှာပါ။ ကျွန်မဘဝအတွက် ဂုဏ်ယူ စရာအကောင်းဆုံးလုပ်ငန်းတာဝန် ပါ။ ဒုတိယအကြိမ်အခွင့်အရေး ထပ်ပြီးပေးအပ်ခဲ့တဲ့ LPGA အဖွဲ့ ချုပ်ကိုလဲ ကျေးဇူးတင်ပါတယ်။ လုပ်နိုင်သမျှ အကောင်းဆုံးကြိုးစား ပြီးလုပ်ဆောင်သွားပါမယ်။ အမေရိ ကန်အသင်းအတွက် အောင်မြင်မှု တွေဆောင်ကြဉ်းပေးနိုင်အောင်လဲ သေချာပြင်ဆင်သွားမှာပါ"ဟု ပြော ကြားခဲ့ကြောင်း သိရသည်။ AZL



## အားကစားသတင်း အတိုအထွာများ

- ပီအက်စ်ဗီအသင်းက အသင်းနှင့်ဆက်ဆံရေးအဆင်မပြေဖြစ် လာသည့် တိုက်စစ်မှူး နေမာကို လာမည့်နွေရာသီတွင် အရောင်းစာရင်းတင်သွင်းရန် စီစဉ်လျက်ရှိသည်။
- ဘိုင်ယန်မြူးနစ်အသင်းက ကန်ဆယ်လိုကို ယူရိုသန်း ၇၀ ဖြင့် အပြီးသတ်ဝယ်ယူခွင့်ပါရှိနေသော်လည်း ယူရိုသန်း ၆၀ ဖြင့် ဝယ်ယူနိုင်ရန် မန်စီးတီးအသင်းနှင့် ထပ်မံဆွေးနွေးမှုပြုလုပ် နေကြောင်း သိရသည်။
- စပါးအသင်းက ဂိုးသမား လိုရစ်နေရာတွင် အစားထိုးရန် ဆီဗီလာဂိုးသမား ဘိုနိုနှင့် အေတီကိုဂိုးသမား အိုဘလက် တို့ကို ပစ်မှတ်ထားနေကြောင်း သိရသည်။
- အာဆင်နယ်အသင်းနှင့် ဘရန့်ဖို့ဒ်အသင်းတို့ပွဲစဉ်တွင် ဆုံးဖြတ်ချက်မှားယွင်းခဲ့သည့် VAR ဒိုင်လူကြီး လီမာဆွန်ကို ထုတ်ပယ်ခဲ့ကြောင်း ပရီးမီးယားလိဂ်ဒိုင်အဖွဲ့ချုပ်က ထုတ်ပြန် ခဲ့သည်။

ML

# ဆောက်သမ်တန်အသင်းက လစ်လပ်နေသည့် နည်းပြရာထူးအတွက် လိဒ်အသင်းနည်းပြဟောင်း ဂျက်ဆီမက်ကို ခန့်အပ်ရန်နီးစပ်နေ

**လန်ဒန် ဖေဖော်ဝါရီ ၁၄**

ဆောက်သမ်တန်အသင်းသည် လစ်လပ်နေသည့် နည်းပြရာထူးအတွက် လိဒ်အသင်းနည်းပြဟောင်း ဂျက်ဆီမက်ကို ခန့်အပ်နိုင်ရန် နီးစပ်နေသည်ဟု Bleacher Report Football သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဆောက်သမ်တန်အသင်းသည် ယခုနှစ်ဘောလုံးရာသီ၌ ရလဒ်များ ဆိုးရွားနေသည့်အတွက် ပြီးခဲ့သည့် ဝုဗ်အသင်းကို ရှုံးနိမ့်ခဲ့သည့်ပွဲစဉ်အပြီး နည်းပြနသန်ဂျုံးကို နည်းပြရာထူးမှ ထုတ်ပယ်ခဲ့ပြီးနောက် လက်ရှိတွင် နည်းပြနေရာလစ်လပ်နေသည့်အတွက် နည်းပြသစ်ခန့်အပ်နိုင်ရန်ကြိုးပမ်းနေသည်။

အသက် ၄၆ နှစ်ရှိ နည်းပြ ဂျက်ဆီမက်သည် ယခုနှစ်ဘောလုံးရာသီတွင် လိဒ်အသင်းကိုတာဝန်ယူကိုင်တွယ်ခဲ့ရာ ရလဒ်ပိုင်းမတည်ငြိမ်မှုများကြောင့် ဖေဖော်ဝါရီ



၅ရက်က ကစားခဲ့သည့် နော်တင်ဟမ်အသင်းကို ရှုံးနိမ့်ခဲ့သည့်ပွဲစဉ်အပြီးတွင် နည်းပြရာထူးမှထုတ်ပယ်ခံခဲ့ရပြီးနောက် လက်ရှိတွင် ကလပ်အသင်းလက်မဲ့ဖြစ်နေသည့်အတွက် ဆောက်သမ်တန်အသင်းက နည်းပြသစ်အဖြစ် ခန့်အပ်လိုနေခြင်းဖြစ်သည်။

ဆောက်သမ်တန်အသင်းသည် အစောပိုင်းက နည်းပြဂျရက်ကို ခန့်အပ်နိုင်ရန် ကြိုးပမ်းခဲ့သော်လည်း မအောင်မြင်သည့်အတွက် နည်းပြဂျက်ဆီမက်ကို ကမ်းလှမ်းခဲ့ခြင်းဖြစ်ပြီး လက်ရှိတွင်သဘောတူညီမှုရရှိရန် နီးစပ်လျက်ရှိနေသည်။

ဆောက်သမ်တန်အသင်းသည် ယခုနှစ်ဘောလုံးရာသီတွင် ပရီးမီးယားလိဂ်ပွဲစဉ် ၂၂ ပွဲ ကစားအပြီး၌ လေးပွဲသာ အနိုင်ရရှိခဲ့ပြီး ရမှတ် ၁၅ မှတ်ဖြင့် အမှတ်ပေးဇယားအောက်ဆုံးတွင် ရပ်တည်နေပြီး တန်းမဆင်းရရန်အတွက် ရုန်းကန်ရဖွယ်ရှိနေကြောင်း သိရသည်။ STA

# ATP Rotterdamပြိုင်ပွဲ ဒုတိယအဆင့်သို့ ဝေါရင်ခါနှင့်ဒီမီထရော့ဗ်တို့ တက်ရောက်

**အမ်စတာဒမ် ဖေဖော်ဝါရီ ၁၄**

နယ်သာလန်နိုင်ငံတွင် ကျင်းပနေသည့် ATP Rotterdam တင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့်သို့ ဝေါရင်ခါနှင့် ဒီမီထရော့ဗ်တို့ တက်ရောက်နိုင်ခဲ့သည်ဟု Ubitennis သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ATP Rotterdam တင်းနစ်ပြိုင်ပွဲ ပထမအဆင့်ပွဲစဉ်များအဖြစ် ဆွစ်ဇာလန် တင်းနစ်ကစားသမား ဝေါရင်ခါနှင့် ကာဇက်စတန်တင်းနစ်ကစားသမား ဘူဘလစ်တို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဝေါရင်ခါက (၇-၆၊ ၆-၃)ရလဒ်ဖြင့် လည်းကောင်း၊ ဘူဂေးလ်ရီးယား တင်းနစ်ကစားသမားဒီမီထရော့ဗ်နှင့်ရုရှားတင်းနစ်ကစားသမား ကာရာဆက်ဗ်တို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဒီမီထရော့ဗ်က (၆-၁၊ ၆-၃) ရလဒ်ဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ပြီး ဒုတိယအဆင့်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။

ဝေါရင်ခါနှင့်ဘူဘလစ်တို့ပွဲစဉ်သည် အကြိတ်အနယ်ရှိခဲ့ပြီး ပထမပွဲငယ်တွင် tie-break အဆင့်ထိ ကစားခဲ့ရပြီး tie-break တွင် ဝေါရင်ခါက အနိုင်ရရှိခဲ့ကာ ဒုတိယပွဲငယ်တွင် ဝေါရင်ခါက ပြတ်သားသည့်ရလဒ်ဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်ပြီး ဒီမီထရော့ဗ်နှင့်ကာရာဆက်ဗ်တို့ပွဲစဉ်တွင် ဒီမီထရော့ဗ်က ပွဲငယ်နှစ်ပွဲစလုံး ပြတ်သားသည့်ရလဒ်များဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

ဒီမီထရော့ဗ်သည် ဒုတိယအဆင့်တွင် ပိုလန်ကစားသမား ဟာကက်ဇ်နှင့် စပိန်ကစားသမား ဘောက်တစ္စတာတို့ပွဲစဉ်မှအနိုင်ရရှိသည့်ကစားသမားဖြင့် ယှဉ်ပြိုင်ရမည်ဖြစ်ကြောင်း သိရသည်။ AZL

# WBA(Regular) ဝယ်သာဝိတ်တန်း ချန်ပီယံကာကွယ်ပွဲအဖြစ် စတာနီယိုနစ်က အော့တစ်ဇ်ဖြင့် ယှဉ်ပြိုင်ထိုးသတ်သွားမည်

**တက္ကဆက် ဖေဖော်ဝါရီ ၁၄**

WBA(Regular) ဝယ်သာဝိတ်တန်းချန်ပီယံကာကွယ်ပွဲအဖြစ် လက်ရှိချန်ပီယံ လစ်သူယေးနီးယားလက်ဝှေ့သမား စတာနီယိုနစ်သည် စိန်ခေါ်သူ အမေရိကန်လက်ဝှေ့သမား အော့တစ်ဇ်နှင့်ဧပြီ ၂၃ ရက်တွင် အမေရိကန်နိုင်ငံ တက္ကဆက်ပြည်နယ်၌ထိုးသတ်မည်ဖြစ်ကြောင်း DAZN သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ရှုံးပွဲမရှိသေးသည့် လက်ဝှေ့သမားနှစ်ဦး၏ ထိပ်တိုက်တွေ့ဆုံမှုဖြစ်သည့်အတွက် ပွဲကြီးပွဲကောင်းတစ်ပွဲဖြစ်လာနိုင်ပြီး စတာနီယိုနစ်က လက်ရှိချန်ပီယံကို ကာကွယ်နိုင်ရေး အကောင်းဆုံးပြင်ဆင်ထားကြောင်းပြောကြားခဲ့ပြီး အော့တစ်ဇ်က ကမ္ဘာ့ချန်ပီယံခါးပတ်အတွက် အကောင်းဆုံးပြင်ဆင်ထားကာ စတာနီယိုနစ်ထံမှ ချန်ပီယံခါးပတ်ကို လွှဲပြောင်း ရယူနိုင်ရေးအတွက် ပြင်ဆင်လေ့ကျင့်မှုများပြုလုပ်ထားသည်ဟု ပြောကြားခဲ့သည်။

အော့တစ်ဇ်က "ကမ္ဘာ့ချန်ပီယံကို စိန်ခေါ်နိုင်ခွင့်ရဖို့ အခက်အခဲတွေ အများကြီးကျော်ဖြတ်ခဲ့ရတယ်။ အခက်အခဲတွေကျော်ဖြတ်နိုင်ခဲ့ပြီးမှ အခုလိုချန်ပီယံကို စိန်ခေါ်ခွင့်ရခဲ့တာပါ။ ကမ္ဘာ့ချန်ပီယံဖြစ်ခွင့်ရဖို့ အများကြီး ပြင်ဆင်ထားပါတယ်။ ကျွန်တော့်ရဲ့ရှုံးပွဲမရှိစံချိန်ကိုဆက်ပြီး ထိန်းသိမ်းနိုင်ဖို့ အာရုံစိုက်သွားပါမယ်။ ရှုံးပွဲမရှိ ကမ္ဘာ့ချန်ပီယံဖြစ်ခွင့်ရမယ်ဆိုရင် ကျွန်တော့်ရဲ့ရည်မှန်းချက်တွေ အမှန်တကယ်ဖြစ်မြောက်လာမှာပါ"ဟု ပြောကြားခဲ့သည်။

လက်ရှိချန်ပီယံ စတာနီယိုနစ်က "အော့တစ်ဇ်က ကမ္ဘာ့ချန်ပီယံဆုအတွက် ကျွန်တော်နဲ့ စိန်ခေါ်ထိုးသတ်ဖို့ ကမ်းလှမ်းလာခဲ့တယ်။ ကျွန်တော့်ဘက်က ပြိုင်ဘက်တိုင်းကို လမ်းဖွင့်ပေးထားတဲ့အတွက် စိန်ခေါ်မှုကို ချက်ချင်းလက်ခံခဲ့ပါတယ်။ ဒီစိန်ခေါ်ပွဲဟာ နှစ်ယောက်လုံးအတွက် ထူးခြားတဲ့စိန်ခေါ်ပွဲတစ်ပွဲဖြစ်လာမှာပါ။ တစ်ယောက်နဲ့တစ်ယောက် လေးစားမှုအပြည့်ရှိတဲ့အတွက် ဒီစိန်ခေါ်ပွဲဟာ ကြီးကျယ်ခမ်းနားတဲ့ စိန်ခေါ်ပွဲဖြစ်လာလိမ့်မယ်။ တကယ့်တိုက်ပွဲတစ်ပွဲဆင်နွှဲရသလို ထိုးသတ်ရမဲ့ စိန်ခေါ်ပွဲတစ်ပွဲဖြစ်လာမှာပါ။လက်ရှိချန်ပီယံကို ကာကွယ်နိုင်ဖို့ အကောင်းဆုံးပြင်ဆင်ထားပါတယ်"ဟုပြောကြားခဲ့ကြောင်း သိရသည်။ AZL

# မန်ယူအသင်းနှင့်ဂါနာချိုတို့ သက်တမ်းတိုးစာချုပ်ချုပ်ဆိုရန် နီးစပ်နေသော်လည်း ပုံရိပ်အသုံးပြုခညှိနှိုင်းမှုအဆင်မပြေသည့်အတွက် ကြန့်ကြာနေ



**မန်ချက်စတာ ဖေဖော်ဝါရီ ၁၄**

မန်ယူအသင်းက ဂါနာချိုကို သက်တမ်းတိုးစာချုပ်ချုပ်ဆိုနိုင်ရန် နီးစပ်နေပြီဖြစ်သော်လည်း ပုံရိပ်အသုံးပြုခညှိနှိုင်းမှုအဆင်မပြေဖြစ်နေသည့်အတွက် ကြန့်ကြာလျက်ရှိနေသည်ဟု မန်ချက်စတာညနေခင်းသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၁၈ နှစ်ရှိ ဂါနာချိုသည် ယခုနှစ်ဘောလုံးရာသီတွင် နည်းပြတန်ဟတ်၏ ယုံကြည်မှုနှင့်အတူ ပွဲကစားခွင့်များရရှိနေပြီး နောက်ပိုင်းပွဲစဉ်များ၌ အကောင်းဆုံးခြေစွမ်းပြသလျက်ရှိနေသောကြောင့် မန်ယူအသင်းက ကာလရှည်သက်တမ်းတိုးစာချုပ်ချုပ်ဆိုလိုနေခြင်းဖြစ်သည်။

လက်ရှိတွင် ဂါနာချိုသည် တစ်ပတ်လုပ်ခ စတာလင်ပေါင် ၇၀၀၀သာရရှိနေသူဖြစ်ပြီး မန်ယူအသင်းက ပြောင်းရွှေ့ကြေးအများအပြားတိုးမြှင့်ပေးပြီး နောက်ထပ်ငါးနှစ်သက်တမ်းတိုးစာချုပ်ချုပ်ဆိုလိုနေသော်လည်း ဂါနာချိုက ပုံရိပ်အသုံးပြုခကို တစ်နှစ်လျှင် စတာလင်ပေါင် သန်း ၁၀၀ ကျော်ထိအလိုရှိနေခြင်းဖြစ်သည်။

မန်ယူအသင်းနှင့် ဂါနာချိုတို့ စာချုပ်သက်တမ်းမှာ တစ်နှစ်သာကျန်ရှိပြီး ဥရောပထိပ်တန်းအသင်းကြီးများကလည်း လက်ရှိဂါနာချို၏ ခြေစွမ်းပိုင်းကြောင့် အလွတ်ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူရန် စောင့်ကြည့်နေသည့်အတွက် မန်ယူအသင်းက ကာလရှည်သက်တမ်းတိုးစာချုပ် ချုပ်ဆိုလိုနေသောကြောင့် လက်ရှိတွင် ပုံရိပ်အသုံးပြုခအတွက် ဆက်လက်ဆွေးနွေးမှုများ ပြုလုပ်လျက်ရှိနေကြောင်း သိရသည်။ STA

# ဗလင်စီယာအသင်းက နည်းပြသစ်အဖြစ် ရူဘင်ဘာဂျာကို ခန့်အပ်

**မက်ဒရစ် ဖေဖော်ဝါရီ ၁၄**

ဗလင်စီယာအသင်းက နည်းပြသစ်အဖြစ် ၎င်းတို့အသင်းမှကစားသမားဟောင်း ရူဘင်ဘာဂျာကို ခန့်အပ်ခဲ့သည်ဟု ကြေညာခဲ့ကြောင်း AS သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဗလင်စီယာအသင်းသည် နည်းပြဟောင်း ဂက်စ်တူဆိုကို ၂၀၂၂ ခုနှစ် ဇူလိုင်ကခန့်အပ်ခဲ့သော်လည်း ယခုနှစ်ဘောလုံးရာသီ၌ရလဒ်များဆိုးရွားနေသည့် အတွက် ဇန်နဝါရီ ၂၉ ရက်က ကစားခဲ့သည့် ဗယ်လာဒိုးလစ်အသင်းကို ရှုံးနိမ့်ခဲ့သည့် ပွဲစဉ်အပြီးတွင် ဂက်စ်တူဆိုကို နည်းပြရာထူးမှ ထုတ်ပယ်ခဲ့သည်။

ဗလင်စီယာအသင်းသည် နည်းပြဂက်စ်တူဆိုကို ရာထူးမှ ထုတ်ပယ်ခဲ့ပြီးနောက် ယာယီနည်းပြအဖြစ် နည်းပြ ဗိုရိုကို တာဝန်ပေးအပ်ခဲ့သော်လည်း ရလဒ်များဆက်လက်ဆိုးရွားနေသည့်အတွက် နည်းပြသစ် အမြန်ဆုံးခန့်အပ်ရန်ကြိုးပမ်းခဲ့ပြီးနောက် ယခုအခါ နည်းပြသစ်အဖြစ် ရူဘင်ဘာဂျာကိုခန့်အပ်နိုင်ခဲ့ခြင်းဖြစ်သည်။

နည်းပြ ဂက်စ်တူဆိုသည် ဗလင်စီယာအသင်းကို စပိန်လာလီဂါပြိုင်ပွဲ ၁၈ ပွဲ တာဝန်ယူကိုင်တွယ်ခဲ့ရာ ငါးပွဲသာနိုင်ပွဲရရှိခဲ့ပြီး ငါးပွဲသရေ ရှစ်ပွဲထိ ရှုံးနိမ့်ခဲ့သကဲ့သို့ ယာယီနည်းပြ ဗိုရိုတာဝန်ယူကိုင်တွယ်ခဲ့ရာတွင်လည်းသုံးပွဲဆက်ရှုံးပွဲကြုံတွေ့ခဲ့ခြင်းဖြစ်သည်။

အသက် ၄၅ နှစ်ရှိ နည်းပြ ရူဘင်ဘာဂျာသည် ကစားသမားဘဝမှအနားယူခဲ့ပြီးနောက် ပရော်ဖက်ရှင်နယ် နည်းပြဘဝကို ၂၀၂၀ ပြည့်နှစ်က စတင်ခဲ့ပြီး စပိန်ကလပ်အသင်းများဖြစ်သည့် ဇာရာဂိုဇာအသင်းနှင့် တီနာဖီးလ်အသင်းတို့ကို တာဝန်ယူကိုင်တွယ်ခဲ့သူဖြစ်ကြောင်း သိရသည်။

STA

# ချန်ပီယံလိဂ်ပြိုင်ပွဲ(၁၆)သင်းအဆင့် ပ-အကျော့ ပွဲကြိုသုံးသပ်ချက်များ

STA

**ဒေါ့မွန် Vs ချဲလ်ဆီး**

**ကစားမည့်ရက်/အချိန် ၁၆-၂-၂၀၂၃ (နံနက် ၀၂း၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**မရှိ**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| **ဒေါ့မွန်** | – | **အိမ်(နိုင်)** | **ဝေး(နိုင်)** | **ဝေး(နိုင်)** |
| **ချဲလ်ဆီး** | – | **ဝေး(သရေ)** | **အိမ်(သရေ)** | **ဝေး(သရေ)** |

ခြေစွမ်းပိုင်းတည်ငြိမ်နေတဲ့ ဒေါ့မွန်အသင်းဟာ အိမ်ကွင်းမှာ ချဲလ်ဆီးအသင်းကိုဖိအားပေးကစားနိုင်မှာပါ။ ချဲလ်ဆီးအသင်းကလဲ လက်ရှိခြေစွမ်းပိုင်းက တည်ငြိမ်မှုမရှိဘဲ ရုန်းကန်နေရလို့ အခုအဝေးကွင်းမှာလဲ ရုန်းကန်ရပါလိမ့်မယ်။ဒါကြောင့် ဒီပွဲမှာ ခြေစွမ်းပိုင်းအသာစီးမှာရှိနေတဲ့ ဒေါ့မွန်အသင်းပဲရလဒ်ကောင်းပါလိမ့်မယ်။

**အင်တာနက်ခန့်မှန်း – ဒေါ့မွန် ၂ – ၁ ချဲလ်ဆီး**

# ဥပဒေပြုရေးဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲများအပေါ် လေ့လာခြင်း (အာမေးနီးယားနိုင်ငံ)

**နိဒါန်း**

အာမေးနီးယားသမ္မတနိုင်ငံသည် ကော့ကေးဆပ် (Caucasus)နှင့် ယူရေးရှား (Eurasia) ဒေသဖြစ်သော အနောက်တောင်အာရှနှင့် အရှေ့ဥရောပတို့ကြားတွင်ရှိပြီး အာရှတိုက်၏ အရှေ့မြောက်ဘက်စွန်းကို မျက်နှာမူလျက်တည်ရှိသော ကုန်းတွင်းပိတ်နိုင်ငံတစ်ခုဖြစ်သည်။ နိုင်ငံ၏အရှေ့ဘက်တွင် အဇာဘိုင်ဂျန်သမ္မတနိုင်ငံ၊ အနောက်ဘက်တွင် တူရကီနိုင်ငံ၊ တောင်ဘက်တွင် အီရန်နိုင်ငံနှင့် အဇာဘိုင်ဂျန်၏ နာ့ခ်ချီဗန်ပြည်နယ်၊ မြောက်ဘက်တွင် ဂျော်ဂျီယန်ဆိုသမ္မတနိုင်ငံတို့နှင့် နယ်နိမိတ်ချင်း ထိစပ်နေသည်။ ပင်လယ်ရေမျက်နှာပြင်အထက် မီတာ ၁၈၀၀ ( ၅၉၀၀ ပေ)တွင်ရှိပြီး ဧရိယာအကျယ်အဝန်း ၂၉၇၄၃ စတုရန်းကီလိုမီတာ (၁၁၄၈၄ စတုရန်းမိုင်) အကျယ်အဝန်းရှိသည်။ နိုင်ငံ၏မြို့တော်မှာ ယေရေဗန်မြို့ (Yerevan) ဖြစ်ပြီး ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၁ ရက်ထိရှိထားသော စာရင်းအရ လူဦးရေ သန်းပေါင်း ၂ ဒသမ ၉၆ သန်းကျော်ရှိသည်။




**အစိုးရဖွဲ့စည်းမှု**

သမ္မတသည် နိုင်ငံတော်၏ အကြီးအကဲဖြစ်သည်။ နိုင်ငံတော်သမ္မတအား အမျိုးသားလွှတ်တော်က ရွေးချယ်တင်မြှောက်ရပြီး နိုင်ငံတော်သမ္မတ၏ သက်တမ်းမှာ ခုနစ်နှစ်ဖြစ်သည်။

အစိုးရသည် အုပ်ချုပ်ရေးအာဏာ၏ အမြင့်ဆုံးအဖွဲ့ဖြစ်သည်။ နိုင်ငံတော်အစိုးရ၏ လုပ်ပိုင်ခွင့်များကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် သက်ဆိုင်ရာဥပဒေများဖြင့် သတ်မှတ်ထားသည်။ ပြည်နယ်အစိုးရအဖွဲ့များ သို့မဟုတ် အခြားသောဒေသန္တရ ကိုယ်ပိုင်အစိုးရအဖွဲ့များသို့ အပ်နှင်းထားသော အုပ်ချုပ်ရေးအာဏာ လုပ်ပိုင်ခွင့်များမှလွဲ၍ အုပ်ချုပ်ရေးအာဏာနှင့် စပ်လျဉ်းသည့် ကိစ္စရပ်အားလုံးသည် အစိုးရ၏ လက်အောက်တွင်ရှိသည်။ အစိုးရအဖွဲ့ကို ဝန်ကြီးချုပ်၊ ဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများဖြင့် ဖွဲ့စည်းထားပြီး ကိုယ်စားလှယ်အများစုက ရွေးချယ်တင်မြှောက်ထားသည့် ကိုယ်စားလှယ်လောင်းအား နိုင်ငံတော်သမ္မတက ဝန်ကြီးချုပ်အဖြစ် ခန့်အပ်သည်။ ဝန်ကြီးချုပ်၏ ထောက်ခံချက်ဖြင့် နိုင်ငံတော်သမ္မတက ဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများကို ခန့်အပ်သည်။ ဝန်ကြီးချုပ်သည် အစိုးရ၏အဓိက မူဝါဒလမ်းညွှန်ချက်များကို ဆုံးဖြတ်ခြင်း၊ အစိုးရ၏လုပ်ငန်းဆောင်တာများကို စီမံခန့်ခွဲခြင်းနှင့် အစိုးရအဖွဲ့ဝင်များ၏လုပ်ငန်းများကို ညှိနှိုင်းဆောင်ရွက်သည်။

**လွှတ်တော်ဖွဲ့စည်းမှု**

အမျိုးသားလွှတ်တော်သည် ဥပဒေပြုရေးအာဏာကို အကောင်အထည်ဖော်ဆောင်ရွက်ရသည့် ပြည်သူများ၏ ကိုယ်စားလှယ်ဖြစ်သည်။ အမျိုးသားလွှတ်တော်သည် အုပ်ချုပ်မှုအာဏာကို ကြီးကြပ်ကွပ်ကဲရပြီး နိုင်ငံတော်၏ ဘဏ္ဍာငွေအရ အသုံးစာရင်းများကို ရေးဆွဲခြင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေက ပေးအပ်ထားသော အခြားလုပ်ငန်းတာဝန်များကို ထမ်းဆောင်ရသည်။ အမျိုးသားလွှတ်တော်တွင် အနည်းဆုံး လွှတ်တော်ကိုယ်စားလှယ် ဦးရေ ၁၀၁ ဦးနှင့် ဖွဲ့စည်းထားပြီး အချိုးကျကိုယ်စားပြုစနစ် (Proportional Representation System) ဖြင့် ရွေးကောက်တင်မြှောက်သည်။ အမျိုးသားလွှတ်တော်၏သက်တမ်းမှာ ငါးနှစ်ဖြစ်သည်။

**ရွေးကောက်ပွဲသမိုင်း**

အာမေးနီးယားနိုင်ငံတွင် ပါလီမန်ရွေးကောက်ပွဲများကို ၁၉၁၉ ခုနှစ်အထိ ကျင်းပခဲ့သည်။ ရွေးကောက်ပွဲ ကျင်းပပြီးနောက်နှစ်တွင် ဆိုဗီယက်ယူနီယံက နိုင်ငံကိုသိမ်းယူသောအခါ ပထမဆုံးသမ္မတနိုင်ငံပြီးဆုံးခဲ့ပြီး ၁၉၉၅ ခုနှစ်အထိ ပါတီစုံရွေးကောက်ပွဲများကို ထပ်မံကျင်းပနိုင်ခြင်းမရှိခဲ့ပါ။

အာမေးနီးယားနိုင်ငံ၏ ၁၉၉၅ ရွေးကောက်ပွဲဥပဒေတွင် ဥပဒေပြုလွှတ်တော်အမတ် ၁၉၀ နေရာအား ကိုယ်စားပြုရန် ပြဋ္ဌာန်းထားသည်။ လွှတ်တော်အမတ်နေရာ ၁၅၀ နေရာကို ပထမအကြိမ်တွင် မဲ ၂၅ ရာခိုင်နှုန်း ရရှိရန်လိုအပ်သော နှစ်ကျော့ပြိုင်စနစ် (Two-round system)ဖြင့် ရွေးကောက်တင်မြှောက်ပြီး ကျန်လွှတ်တော်အမတ်နေရာ ၄၀ ကို နိုင်ငံရေးပါတီကိုသာ ရွေးချယ်မဲပေးနိုင်သော ပါတီအချိုးကျကိုယ်စားပြုမှုစနစ် (Party-list Proportional Representation System) အသုံးပြုကာ ရွေးကောက်တင်မြှောက်ခြင်းဖြစ်သော (Mixed-member Majoritarian system) ဖြင့် ရွေးကောက်တင်မြှောက်သည်။

အာမေးနီးယားနိုင်ငံတွင် အောက်ပါရွေးကောက်ပွဲများကို ကျင်းပသည်-

(က) သမ္မတရွေးကောက်ပွဲများ
(ခ) လွှတ်တော်ရွေးကောက်ပွဲများ
(ဂ) ဒေသန္တရရွေးကောက်ပွဲများ
(ဃ) ဆန္ဒခံယူပွဲများ

၂၀၁၅ ခုနှစ် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲအပြီးတွင် အငြင်းပွားဖွယ်ဖြစ်ရသည့် အာမေးနီးယား၏ အစိုးရစနစ်ကို သမ္မတစနစ်မှ ပါလီမန်စနစ်သို့ ပြောင်းလဲခဲ့ပြီး ရွေးကောက်ပွဲစနစ်အား (mixed-member majoritarian system) မှ ပါတီအချိုးကျကိုယ်စားပြုစနစ် (party-list proportional representation system) သို့ ပြောင်းလဲခဲ့သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ရွေးကောက်ပွဲစနစ် အပြောင်းအလဲများ လုပ်ဆောင်ပြီးနောက် ၂၀၁၅ ခုနှစ် မေ ၂ ရက်တွင် ပါလီမန်ရွေးကောက်ပွဲကို ပထမဆုံးကျင်းပခဲ့သည်။

**ရွေးကောက်ပွဲကော်မရှင်ဖွဲ့စည်းမှု**

ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဗဟိုရွေးကောက်ပွဲကော်မရှင်ကို ဥက္ကဋ္ဌအပါအဝင် အဖွဲ့ဝင်ခုနစ်ဦးဖြင့် ဖွဲ့စည်းထားသည်။ ကော်မရှင်ဥက္ကဋ္ဌသည် ရွေးကောက်ပွဲ လုပ်ငန်းစဉ်များကို ကြီးကြပ်ကွပ်ကဲပြီး ဥပဒေ၊ နည်းဥပဒေနှင့်အညီ ရွေးကောက်ပွဲလုပ်ငန်းစဉ်များကို ဆောင်ရွက်သည်။ ဥက္ကဋ္ဌ၏လက်အောက်တွင် ဒုတိယဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့ရှိသည်။

ဗဟိုအလုပ်အမှုဆောင်အတွင်းရေးမှူးသည် အစည်းအဝေးများ ကျင်းပခြင်းအပါအဝင် လုပ်ငန်းများ ပွင့်လင်းမြင်သာမှုရှိရေး၊ လွယ်ကူချောမွေ့စေရေးတို့အတွက် လုပ်ဆောင်ရသည်။ ရွေးကောက်ပွဲနှင့် သက်ဆိုင်သည့် စာရွက်စာတမ်းများကို ဥပဒေနှင့်အညီသိမ်းဆည်းခြင်း၊ စနစ်တကျစီမံခန့်ခွဲခြင်းများကိုလည်း လုပ်ဆောင်ရသည်။ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်၊ ရွေးကောက်ပွဲလေ့လာသူများနှင့် ရွေးကောက်ပွဲနှင့်သက်ဆိုင်သော အခြားသူများအတွက် ရွေးကောက်ပွဲကော်မရှင်မှ ပြုလုပ်သော သင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများ ပြုလုပ်ရန် ဆောင်ရွက်ပေးရသည်။ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းများအပြင် စာရင်းစစ်ဆေးခြင်းနှင့်သက်ဆိုင်သည့် စာရင်းစစ်လုပ်ငန်းများကိုလည်း ညှိနှိုင်းဆောင်ရွက်ပေးရသည်။

**ဗဟိုနှင့် အဖွဲ့ခွဲများဖွဲ့စည်းပုံ**

"အာမေးနီးယား သမ္မတရွေးကောက်ပွဲဆိုင်ရာ RA ဥပဒေ"အရ အာမေးနီးယား ရွေးကောက်ပွဲကော်မရှင်နှင့်ရွေးကောက်ပွဲလုပ်ငန်းစဉ်များအတွက် အောက်ဖော်ပြပါအတိုင်း ရွေးကောက်ပွဲကော်မရှင်ကို အဆင့်သုံးဆင့်ဖြင့် ဖွဲ့စည်းစီမံခန့်ခွဲသည်။

၁။ အာမေးနီးယားသမ္မတနိုင်ငံ၏ ဗဟိုရွေးကောက်ပွဲကော်မရှင်
၂။ ခရိုင်နှင့် မြူနီစီပယ်အဆင့် ရွေးကောက်ပွဲကော်မရှင်များ
၃။ ရပ်ကွက်အဆင့် ရွေးကောက်ပွဲကော်မရှင်များ

ဗဟိုရွေးကောက်ပွဲကော်မရှင်ကို ဖွဲ့စည်းပုံအခြေခံဥပဒေအရ အောက်ပါအတိုင်းဖွဲ့စည်းသည်။ ဗဟိုရွေးကောက်ပွဲကော်မရှင်တွင် ဥက္ကဋ္ဌအပါအဝင် အဖွဲ့ဝင် ခုနစ်ဦးပါဝင်သည်။ သတ်မှတ်အရည်အချင်းနှင့်ပြည့်မီသော ဗဟိုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များကို အမျိုးသားလွှတ်တော်ကရွေးချယ်တင်မြှောက်ပြီး စုစုပေါင်းလွှတ်တော်ကိုယ်စားလှယ်ဦးရေ၏ အနည်းဆုံး ဆန္ဒမဲအရေအတွက် ငါးပုံသုံးပုံထောက်ခံမဲ ရရှိရမည်ဖြစ်သည်။ ကော်မရှင်၏ သက်တမ်းကာလမှာ ခြောက်နှစ်ဖြစ်သည်။ ဗဟိုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌအပါအဝင် အဖွဲ့ဝင်တစ်ဦးဦးက နှစ်ကြိမ်ထက်ပို၍ ရွေးကောက်တင်မြှောက်ခံပိုင်ခွင့် မရှိစေရပါ။ သတ်မှတ်ပညာအရည်အချင်းနှင့်ကိုက်ညီသူ မည်သူမဆို ဗဟိုရွေးကောက်ပွဲကော်မရှင်၏ အဖွဲ့ဝင်အဖြစ် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ရှိသည်။ တာဝန်ထမ်းဆောင်နေစဉ်ကာလအတွင်း ဗဟိုရွေးကောက်ပွဲအဖွဲ့ဝင်များသည် ပါတီဝင်ဖြစ်ခြင်း သို့မဟုတ် နိုင်ငံရေးလှုပ်ရှားမှုများတွင် ပါဝင်ဆောင်ရွက်ခြင်း မပြုလုပ်ရပါ။ လူထုဟောပြောပွဲများတွင် နိုင်ငံရေးအရ သတ်မှတ်ထားသည့်အတိုင်းသာ ဆောင်ရွက်ရမည်။ ပြဋ္ဌာန်းချက်တစ်ခုခုအား ချိုးဖောက်ပါက ဗဟိုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်၏ လုပ်ပိုင်ခွင့်များကိုရပ်ဆိုင်းရန် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း ငါးပုံသုံးပုံမှ ထောက်ခံပါက အမျိုးသားလွှတ်တော်က ဗဟိုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်၏ လုပ်ပိုင်ခွင့်များကို ရပ်ဆိုင်းမည်ဖြစ်သည်။

**ရွေးကောက်ပွဲစီမံခန့်ခွဲမှု**

ရွေးကောက်ပွဲကျင်းပရန် ပြင်ဆင်မှုများနှင့် ရွေးကောက်ပွဲလုပ်ငန်းစဉ်များကို ဆောင်ရွက်ရန်အတွက် ဗဟိုရွေးကောက်ပွဲကော်မရှင်က ဘဏ္ဍာငွေများကို နိုင်ငံတော်ဘတ်ဂျက်မှ ခွဲဝေသုံးစွဲသည်။ ရွေးကောက်ပွဲလုပ်ငန်းစဉ်များအတွက် စွမ်းရည်မြှင့်သင်တန်းများကိုပို့ချပေးခြင်းနှင့် ရွေးကောက်ပွဲဆိုင်ရာ အဖွဲ့အစည်းများအတွက် စည်းမျဉ်းစည်းကမ်းများကိုလည်း သတ်မှတ်ပေးသည်။ ရွေးကောက်ပွဲကော်မရှင်များ၊ အဖွဲ့ဝင်များနှင့် ရွေးကောက်ပွဲလေ့လာသူများအတွက် လုပ်ငန်းလမ်းညွှန်များကိုလည်း ထုတ်ပြန်သည်။ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ရွေးကောက်ပွဲရလဒ်များထုတ်ပြန်ပြီး သုံးလအတွင်း ဗဟိုရွေးကောက်ပွဲကော်မရှင် အကြီးအကဲ သို့မဟုတ် ခန့်အပ်တာဝန်ပေးသည့် အဖွဲ့ဝင်များသည် ရွေးကောက်ပွဲလုပ်ငန်းစဉ်နှင့်ပတ်သက်၍ ရွေးကောက်ပွဲဆိုင်ရာ ဥပဒေချိုးဖောက်မှုများကို ခွဲခြမ်းစိတ်ဖြာခြင်းနှင့် ဥပဒေပြင်ဆင်ခြင်းတို့ကို အမျိုးသားလွှတ်တော်သို့ ပေးပို့ရသည်။ ရွေးကောက်ပွဲဥပဒေများ ပိုမိုကောင်းမွန်ပြည့်စုံလာစေရန် ဗဟိုရွေးကောက်ပွဲကော်မရှင်သည် အစိုးရထံ အယူခံဝင်နိုင်သည်။

**ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေပြဋ္ဌာန်းမှုနှင့် ပြင်ဆင်မှုများ**

ရွေးကောက်ပွဲဥပဒေကို အပိုင်း (၃) ပိုင်း၊ အခန်း (၃၁) ခန်း၊ ပုဒ်မပေါင်း (၁၄၅) ခုဖြင့် ပြဋ္ဌာန်းထားသည်။ ရွေးကောက်ပွဲဥပဒေများကို အကြိမ်ကြိမ်ပြင်ဆင်ချက်များ ပြုလုပ်ထားသည်ကိုလည်း တွေ့ရသည်။ နောက်ဆုံးပြင်ဆင်ထားသည်မှာ ၂၀၂၁ ခုနှစ် ဧပြီလတွင်ဖြစ်သည်။

**လက်ရှိကျင့်သုံးလျက်ရှိသော ရွေးကောက်ပွဲဆိုင်ရာ ဥပဒေမူဘောင်များ**

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များကို အချိုးကျကိုယ်စားပြုစနစ်ဖြင့် ရွေးကောက်တင်မြှောက်သည်။ မဲအရေအတွက် အနည်းဆုံး ၁၀၁ မဲ ရရှိရမည်ဖြစ်ပြီး လိုအပ်ပါက ထပ်မံတိုးမြှင့်သတ်မှတ်နိုင်သည်။ ပါတီတစ်ခုချင်းစီအတွက် မဲအရေအတွက် ၅ ရာခိုင်နှုန်း ရရှိရမည်ဖြစ်ပြီး ပါတီများစုပေါင်းထားသော မဟာမိတ်ပါတီများအတွက် မဲအရေအတွက် ၇ ရာခိုင်နှုန်းကို (d ' Hondt) နည်းလမ်းဖြင့် ခွဲဝေသတ်မှတ်ပါသည်။ သို့ရာတွင် တတိယအကောင်းဆုံးပါတီ သို့မဟုတ် မဟာမိတ်အဖွဲ့၏ စွမ်းဆောင်နိုင်မှု မည်သို့ပင်ရှိစေကာမူ နိုင်ငံရေးအုပ်စု အနည်းဆုံး သုံးဖွဲ့သည် လွှတ်တော်ထဲသို့ ဝင်ရောက်မည်ဖြစ်သည်။

လွှတ်တော်ကိုယ်စားလှယ်များကို အမျိုးသားမဲခွဲဝေမှုနည်းစနစ်ကိုအသုံးပြု၍ ပါတီများသို့ ခွဲဝေပေးသည်။ အမျိုးသားလူနည်းစုများ (အာရှုရိ၊ ကာ့ဒ်၊ ရုရှနှင့်ယာဇီဒီများ)အတွက် လွှတ်တော်ကိုယ်စားလှယ်နေရာများကို သီးသန့်ခွဲဝေထားရှိသည်။ ကျား/မ ခွဲတမ်းတစ်ခုအတွက် ကျား/မ တစ်ဦးစီ၏ အနည်းဆုံး ကိုယ်စားလှယ်လောင်း ၃၃ ရာခိုင်နှုန်းပါဝင်ရန် လိုအပ်သည်။

ပါတီတစ်ခုသည် မဲအများစုရရှိသော်လည်း အမတ်နေရာ၏ ၅၄ ရာခိုင်နှုန်းမရရှိပါက ၎င်းတို့စုစုပေါင်း၏ ၅၄ ရာခိုင်နှုန်းကို ထပ်ပေါင်းဖြည့်ပေးသည်။ အကယ်၍ ပါတီတစ်ခုသည် အမတ်နေရာရရှိမှု သုံးပုံနှစ်ပုံထက်ကျော်လွန်ပါက သတ်မှတ်ထားသော အရေအတွက်အောက် လျော့နည်းရရှိသောပါတီများကို အနိုင်ရပါတီ၏ အမတ်နေရာများကို ခွဲဝေပေးအပ်သည်။ ပဏာမ မဲရလဒ်များထွက်ပေါ်ပြီး ခြောက်ရက်အတွင်း အစိုးရမဖွဲ့နိုင်ပါက

**စာမျက်နှာ ၁၁ သို့**

➤ စာမျက်နှာ ၁၀ မှအဆက်

မဲအများဆုံးရရှိထားသော ထိပ်သီးပါတီနှစ်ရပ်အတွက် ၂၈ ရက်မြောက်နေ့တွင် ရွေးကောက်ပွဲကို ဒုတိယအကြိမ် ထပ်မံကျင်းပပေးရမည်။ ပထမအကြိမ်တွင် ရရှိထားသော အမတ်နေရာများကို ဆက်လက်ထိန်းသိမ်းထားပြီး ၅၄ ရာခိုင်နှုန်းထက်ကျော်လွန်၍ မဲအများဆုံးရရှိသောပါတီအား အနိုင်ပေးအပ်မည်ဖြစ်သည်။

**နိုင်ငံရေးပါတီများ**

၂၀၂၁ ခုနှစ် ဇွန်လအထိ အာမေးနီးယားနိုင်ငံ၏ တရားရေးဝန်ကြီးဌာနတွင် မှတ်ပုံတင်ထားသည့် နိုင်ငံရေးပါတီပေါင်း ၁၀၀ ရှိသည်။

**လွှတ်တော်ကိုယ်စားလှယ်လောင်း သတ်မှတ်ချက်**

အသက် ၂၅ နှစ်ပြည့်ပြီး နိုင်ငံသားဖြစ်သူ၊ နိုင်ငံ၌ လွန်ခဲ့သည့် ငါးနှစ်အတွင်း အမြဲတမ်းနေထိုင်ခဲ့သူဖြစ်ပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ မည်သူမဆို ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ရှိသည်။

**မဲဆန္ဒရှင်**

မဲပေးသည့်နေ့တွင် အသက်ဆယ့်ရှစ်နှစ်ပြည့်ပြီးသော အာမေးနီးယားနိုင်ငံသားများသည် မဲပေးပိုင်ခွင့်ရှိသည်။ မှတ်ပုံတင်မရှိသော နိုင်ငံသားများသည် ဒေသန္တရရွေးကောက်ပွဲရှိ မဲဆန္ဒရှင်စာရင်းတွင် ပါဝင်ပြီး ရွေးကောက်ပွဲနေ့မတိုင်မီ အနည်းဆုံးခြောက်လခန့် မဲစာရင်းတွင် ပါဝင်နိုင်ရေး မှတ်ပုံတင်ထားရှိရသည်။ မှတ်ပုံတင်ခြင်းမရှိသော နိုင်ငံသားများသည် အာမေးနီးယားရွေးကောက်ပွဲဆိုင်ရာ ဥပဒေနှင့်အညီ သတ်မှတ်ထားသည့် နောက်ဆက်တွဲမဲဆန္ဒရှင်များစာရင်းတွင်ပါဝင်ပါက ရွေးကောက်ပွဲများ၌ မဲပေးရာတွင် ပါဝင်ခွင့်ရှိမည်ဖြစ်သည်။

**ဆန္ဒမဲပေးခြင်း**

ရွေးကောက်ပွဲကျင်းပသည့်နေ့ နံနက် ၈ နာရီတွင် မဲရုံကို စတင်ဖွင့်လှစ်ပြီး ည ၈နာရီတွင် မဲရုံပိတ်သည်။ ဆန္ဒမဲပေးရာတွင်မဲဆန္ဒရှင်များသည် Fingerprint system စက်များဖြင့် မဲဆန္ဒရှင်အချက်အလက်များကို ထည့်သွင်းထားသောစက်တွင် လက်ဗွေနှိပ်၍ မဲလက်မှတ်များပါသောစာအိတ်ကို ထုတ်ယူရသည်။ စာအိတ်ထဲတွင် ဝင်ရောက်ယှဉ်ပြိုင်သော ပါတီကိုယ်စားပြုမဲစာရွက်များပါရှိပြီး လျှို့ဝှက်ဆန္ဒပြုခန်း၌ မိမိမဲပေးလိုသော ပါတီကိုယ်စားပြုစာရွက် တစ်ရွက်ကိုသာ ရွေးချယ်၍ စာအိတ်အတွင်းထည့်ကာ ၎င်းစာရွက်အား မဲပုံးထဲသို့ထည့်ရသည်။ ကျန်မဲစာရွက်များအား လျှို့ဝှက်ဆန္ဒမဲပေးခန်းအနောက်ရှိ အမှိုက်ပုံးထဲသို့ စွန့်ပစ်ရသည်။ ထို့ပြင် နိုင်ငံပြင်ပရောက်နေသော မဲဆန္ဒရှင်များအတွက်လည်း Electronic Voting စနစ်ဖြင့် ကြိုတင်မဲပေးနိုင်သည်။

ရွေးကောက်ပွဲကျင်းပနေစဉ် မဲရုံအတွင်း၌ ကိုယ်စားလှယ်များ၊ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများ၊ နိုင်ငံပိုင်မီဒီယာများနှင့် ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်သည် ဥပဒေအရ မိမိတို့အတွက် သတ်မှတ်ပေးထားသည့်နေရာများတွင်သာ နေရာယူရမည်ဖြစ်ပြီး မဲဆန္ဒရှင်များ၏ လျှို့ဝှက်စွာမဲပေးခွင့်အား မထိခိုက်စေဘဲ မဲပေးခြင်းလုပ်ငန်းစဉ်ကို ဓာတ်ပုံနှင့် ဗီဒီယိုများရိုက်ကူးနိုင်သည်။

**ရွေးကောက်ပွဲရလဒ်များ ရေတွက်ခြင်း၊ ကြေညာခြင်း**

ဆန္ဒမဲပေးသည့်နေ့တွင် ရပ်ကွက်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသည် ဆန္ဒမဲပေးသည့် မဲဆန္ဒရှင်အရေအတွက်အား ခရိုင်ရွေးကောက်ပွဲကော်မရှင်ထံ ၁၁ နာရီ၊ ၁၄ နာရီ၊ ၁၇ နာရီနှင့် ၂၀ နာရီအချိန်များတွင် တင်ပြရမည်ဖြစ်သည်။ ခရိုင်ရွေးကောက်ပွဲကော်မရှင်များသည် အဆိုပါအချက်အလက်များကို ဗဟိုရွေးကောက်ပွဲကော်မရှင်သို့ အချိန်နှင့်တစ်ပြေးညီ ဆက်လက်တင်ပြရသည်။ ဆန္ဒမဲပေးသည့်နေ့တွင် ဗဟိုရွေးကောက်ပွဲကော်မရှင်သည် ရွေးကောက်ပွဲအချက်အလက်များအား ၃ နာရီလျှင် တစ်ကြိမ် ထုတ်ပြန်ရသည်။

ဆန္ဒမဲများကို မဲရုံပိတ်သည့် ည ၈ နာရီအချိန်တွင် မဲရုံတာဝန်ခံများနှင့် ကော်မရှင်အဖွဲ့ခွဲတာဝန်ခံများမှ ကိုယ်စားလှယ်များ၊ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများရှေ့တွင် မဲပုံးများကိုဖွင့်ဖောက်၍ မဲရေတွက်ခြင်းအား ပြုလုပ်သည်။ ဆန္ဒမဲပေးရာတွင်ပါဝင်သည့် မဲဆန္ဒရှင်အရေအတွက်ဆိုင်ရာ အချက်အလက်များကို ထုတ်ပြန်ပြီးနောက် ကော်မရှင်၏ဝက်ဘ်ဆိုက်တွင် ရွေးကောက်ပွဲဆိုင်ရာနယ်မြေအလိုက် ကြေညာခြင်း၊ ရေဒီယိုနှင့်ရုပ်မြင်သံကြားတို့မှ မဲရလဒ်များကို ထုတ်ပြန်ရသည်။

**ကျင်းပပြီးစီးခဲ့သည့်ရွေးကောက်ပွဲများ**

အာမေးနီးယားနိုင်ငံတွင် သမ္မတရွေးကောက်ပွဲများကို ၁၉၉၆ ခုနှစ်၊ ၁၉၉၈ ခုနှစ်၊ ၂၀၀၃ ခုနှစ်၊ ၂၀၀၈ ခုနှစ်၊ ၂၀၁၃ ခုနှစ်နှင့် ၂၀၂၂ ခုနှစ်တို့တွင်လည်းကောင်း၊ လွှတ်တော်ရွေးကောက်ပွဲများကို ၁၉၉၉ ခုနှစ်၊ ၂၀၀၃ ခုနှစ်၊ ၂၀၀၇ ခုနှစ်၊ ၂၀၁၂ ခုနှစ်၊ ၂၀၁၇ ခုနှစ်၊ ၂၀၁၈ ခုနှစ်နှင့် ၂၀၂၁ ခုနှစ်တို့တွင်လည်းကောင်း အသီးသီးကျင်းပခဲ့သည်။

**၂၀၂၁ ခုနှစ် လွှတ်တော်ရွေးကောက်ပွဲ**

အာမေးနီးယားနိုင်ငံတွင် နောက်ဆုံးကျင်းပခဲ့သော လွှတ်တော်ရွေးကောက်ပွဲကို မူလက ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၉ ရက်တွင် ကျင်းပပြုလုပ်ရန် သတ်မှတ်ထားသော်လည်း ၂၀၂၀ တွင် ဖြစ်ပွားခဲ့သော နိုင်ငံရေးပဋိပက္ခ အကျပ်အတည်းများကြောင့် ၂၀၂၁ ခုနှစ် ဇွန် ၂၀ ရက်တွင်စော၍ ကျင်းပခဲ့ပါသည်။

ဗဟိုရွေးကောက်ပွဲကော်မရှင်၏ ထုတ်ပြန်ချက်အရ ထိုရွေးကောက်ပွဲတွင် မဲပေးပိုင်ခွင့်ရှိသောမဲဆန္ဒရှင်ပေါင်း ၂၅၇၈၆၇၈ ဦးရှိပြီး နိုင်ငံတစ်ဝန်းတွင် မဲရုံပေါင်း ၂၀၀၈ ရုံရှိသည်။ ရွေးကောက်ပွဲတွင် ပါတီ ၂၁ ပါတီနှင့်မဟာမိတ်လေးဖွဲ့မှ ကိုယ်စားလှယ်လောင်း ၂၅၁၀ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။ မဲဆန္ဒရှင်စုစုပေါင်း ၁၂၈၁၁၇၄ ဦး၊ မဲပေးပိုင်ခွင့်ရှိသူအားလုံး၏ ၄၉ ဒသမ ၄ ရာခိုင်နှုန်း မဲပေးခဲ့သည်။

ညနေပိုင်းတွင် ဗဟိုရွေးကောက်ပွဲကော်မရှင်အကြီးအကဲ Tigran Mukuchyan သည်ပဏာမ မဲရလဒ်များကို ကြေညာခဲ့သည်။ ဝန်ကြီးချုပ်ဟောင်း Pashinyan ၏ Civil Contract ပါတီသည် ထောက်ခံမဲ ၅၈ ဒသမ ၅ ရာခိုင်နှုန်းနှင့် အမျိုးသားလွှတ်တော်တွင် ၇၂ နေရာဖြင့် ဦးဆောင်နေပြီး ၂၀၁၈ ခုနှစ်ထက် ၁၆ နေရာလျော့နည်းကာ သမ္မတဟောင်း Robert Kocharyan ၏ Armenia Alliance က ၂၇ နေရာနှင့် ၁၈ ဒသမ ၈ ရာခိုင်နှုန်း ရရှိခဲ့သည်။ တတိယနိုင်ငံရေးပါတီအင်အားစုမှာ I Have Honor Alliance ပါတီဖြစ်ပြီး ၅ ဒသမ ၂၃ ရာခိုင်နှုန်းနှင့် ခြောက်နေရာရရှိခဲ့သည်။

**နိဂုံး**

အာမေးနီးယားနိုင်ငံတွင် ကျင့်သုံးလျက်ရှိသော ရွေးကောက်ပွဲစနစ်သည် အချိုးကျကိုယ်စားပြုစနစ်ဖြစ်သောကြောင့် လူနည်းစုမျိုးနွယ်များအတွက်သာမက လွှတ်တော်တွင်ပါတီတစ်ခုတည်းမှ နေရာများစွာ ရရှိမည်မဟုတ်သောကြောင့် မျှတသောစနစ်ဖြစ်သည်။ ထို့ပြင် ဥပဒေအရ လွှတ်တော်တွင် အနည်းဆုံးနိုင်ငံရေးအင်အားစုသုံးခု မဖြစ်မနေပါဝင်ရန် သတ်မှတ်ထားသောကြောင့် ပါတီတစ်ခုတည်းမှလွှတ်တော်တွင် ကြီးစိုးခြယ်လှယ်နိုင်သည့် အခြေအနေများကိုလည်း ကာကွယ်တားဆီးထားသည်။

ရွေးကောက်ပွဲနှင့်သက်ဆိုင်သော ဥပဒေများကိုလည်း ပြင်ဆင်ရန်လိုအပ်ပါက ပြည်လုံးကျွတ် ဆန္ဒခံယူပွဲများကျင်းပ၍ လိုအပ်သလိုပြင်ဆင်ပြဋ္ဌာန်းသောနိုင်ငံဖြစ်သည်။ နိုင်ငံ၏ ရွေးကောက်ပွဲကော်မရှင်သည်လည်း ၎င်းတို့၏လုပ်ပိုင်ခွင့်များကို တိကျစွာလုပ်ဆောင်လျက်ရှိပြီး စွမ်းဆောင်ရည်ပြည့်ဝကာ တရားမျှတ၍ ပွင့်လင်းမြင်သာသော ရွေးကောက်ပွဲများကို အောင်မြင်စွာကျင်းပလျက်ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။ ။

**ရိုး(တောင်ပေါ်မြေ)**

# ဇာတ်မင်းသားကြီး အလက်ာကျော်စွာ စည်သူရွှေနန်းတင်၏ ကြေးရုပ်တုကို အမျိုးသားဇာတ်ရုံ (မန္တလေး)တွင် ထားရှိရန် စီစဉ်လျက်ရှိ




**ရန်ကုန် ဖေဖော်ဝါရီ ၁၄**

ဇာတ်မင်းသားကြီး အလင်္ကာကျော်စွာ စည်သူရွှေနန်းတင်၏ ကြေးရုပ်တုကို အမျိုးသားဇာတ်ရုံ (မန္တလေး) တွင် ထားရှိရန်စီစဉ်လျက်ရှိကြောင်း ဇာတ်မင်းသားကြီး ရွှေနန်းတင်၏သားဖြစ်သူ ဇာတ်မင်းသားကြီး ဦးနန်းဝင်းက ပြောပြ၍ သိရသည်။

ဖခင်ဖြစ်သူ ဇာတ်မင်းသားကြီး ရွှေနန်းတင်နှင့်အဘိုးဖြစ်သူ နန်းတော်ရှေ့ ဆရာတင်တို့သည် နိုင်ငံတော်မှချီးမြှင့်သည့် အလင်္ကာကျော်စွာဘွဲ့ကို ရရှိထားသူများဖြစ်ပြီး နန်းတော်ရှေ့ဆရာတင်၏ ကြေးရုပ်တုကိုအမျိုးသားဇာတ်ရုံ(မန္တလေး) တွင် ထားရှိပြီးဖြစ်သည့်အတွက် ဇာတ်မင်းသားကြီး ရွှေနန်းတင်၏ ကြေးရုပ်တုကိုလည်း အမျိုးသားဇာတ်ရုံ (မန္တလေး)တွင် ထားရှိရန် စီစဉ် ဆောင်ရွက်နေကြောင်း သိရသည်။

"ဘိုးဘိုး နန်းတော်ရှေ့ဆရာတင်ရဲ့ ကြေးရုပ်တုက အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး)မှာ ရှိပြီးသားဖြစ်တဲ့အတွက် ဖေဖေရဲ့ကြေးရုပ်တုကိုလဲ ထားရှိဖို့ တာဝန်ရှိသူတွေကို တင်ပြတဲ့အခါ သူတို့ကလဲ ဝမ်းသာအားရ ခွင့်ပြုပေးတဲ့အပြင် ကူညီပံ့ပိုးမှုတွေပေးတဲ့အတွက် ကြေးရုပ်တုထားရှိနိုင်ရေး စတင်ဆောင်ရွက်နေပါပြီ။ ကြေးရုပ်တုကုန်ကျစရိတ်မှာ ငွေကျပ်သိန်း ၃၀၀ လောက် ကုန်ကျပါမယ်"ဟု ဇာတ်မင်းသားကြီး ဦးနန်းဝင်းက ပြောပြသည်။

ဇာတ်မင်းသားကြီး အလင်္ကာကျော်စွာ စည်သူရွှေနန်းတင်၏ ကြေးရုပ်တုကို မန္တလေး တမ္ပဝတီရုပ်မှ ကြေးသွန်းပညာရှင် ဦးအေးမြိုင်က သွန်းလုပ်မည်ဖြစ်ရာ ကြေးရုပ်တု၏အမြင့်မှာ လေးပေရှိမည်ဖြစ်ပြီး ကြေးရုပ်အောက်ခံခုံမှာအမြင့်ခြောက်ပေရှိမည်ဖြစ်ကြောင်း သိရသည်။

ဇာတ်မင်းသားကြီး အလင်္ကာကျော်စွာ စည်သူရွှေနန်းတင်၏ ကြေးရုပ်တုကို အမျိုးသားဇာတ်ရုံ (မန္တလေး)ရှိ နန်းတော်ရှေ့ဆရာတင်၏ကြေးရုပ်တုနှင့် အငြိမ့်မင်းသမီးကြီး လေဘာတီမမြရင်ရုပ်တုတို့ကြားတွင် ထားရှိမည်ဖြစ်ကြောင်း သိရသည်။ ASH

# The Cut ဇာတ်ကားတွင် မင်းသား အော်လန်ဒိုဘလွန်း ပါဝင်မည်

**နယူးယောက် ဖေဖော်ဝါရီ ၁၄**

The Cut အမည်ရှိ ဇာတ်ကားတွင် ကမ္ဘာကျော် ဟောလိဝုဒ်မင်းသား အော်လန်ဒိုဘလွန်း ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း Deadline သတင်းဝက်ဘ်ဆိုက်က ဖေဖော်ဝါရီ ၁၃ ရက်တွင် ရေးသားတင်ပြထားသည်။


အဆိုပါဇာတ်ကားတွင် မင်းသား အော်လန်ဒိုဘလွန်းသည် ချန်ပီယံဘွဲ့ကို ကာကွယ်ရေးအတွက် ကြိုးဝိုင်းပေါ်ပြန်တက်ရန် ဆုံးဖြတ်ခဲ့သော လက်ဝှေ့လောကမှ အနားယူထားသူတစ်ဦး၏ အကြောင်းကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးပုံဖော်မည်ဖြစ်သည်။

မင်းသား အော်လန်ဒိုဘလွန်းသည် The Cut ဇာတ်ကား၌ အဓိကဇာတ်ကောင်အဖြစ် ပါဝင်မည့်အပြင် ထုတ်လုပ်သူအဖြစ်လည်း တာဝန်ယူမည်ဖြစ်သည်။

The Cut ဇာတ်ကားကို ယခုနှစ် နွေရာသီအတွင်း နိုဗားဒါးပြည်နယ်၌ စတင်ရိုက်ကူးဖွယ်ရှိသည်။

အဆိုပါ ဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ ဂျပ်စတင်းဘူးက ရေးသားပေးထားပြီး ဒါရိုက်တာ ရှောင်အဲလစ်က တာဝန်ယူရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် The Cut ဇာတ်ကား ရုံတင်ပြသမည့်ရက်ကို ထုတ်လုပ်သူများက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။ KKO



# Saw 10 ဇာတ်ကား ရိုက်ကူးရေးလုပ်ငန်းများ ပြီးဆုံးပြီဖြစ်

**နယူးယောက် ဖေဖော်ဝါရီ ၁၄**

Lionsgate ရုပ်ရှင်ကုမ္ပဏီ၏ Saw 10 အမည်ရှိဇာတ်ကား ရိုက်ကူးရေးလုပ်ငန်းများပြီးဆုံးပြီဖြစ်ကြောင်း Movieweb သတင်းဝက်ဘ်ဆိုက်က ဖေဖော်ဝါရီ ၁၃ ရက်တွင် ရေးသားတင်ပြထားသည်။

Saw 10 ဇာတ်ကားသည် ၂၀၀၄ ခုနှစ်ကပင် စတင်ရိုက်ကူးထုတ်လုပ်ခဲ့သော ကမ္ဘာကျော် ထိတ်လန့်သည်းဖိုဇာတ်ကားများ၏ နောက်ဆက်တွဲဇာတ်ကားဖြစ်သည်။

Saw 10 ဇာတ်ကားရိုက်ကူးရေးလုပ်ငန်းပြီးဆုံးမှုကို ဒါရိုက်တာ ကီဗင်ဂရူးတပ်က တွစ်တာစာမျက်နှာပေါ်၌ ဖေဖော်ဝါရီ ၁၀ ရက်တွင် အတည်ပြုထားခြင်းဖြစ်သည်။

Saw 10 ဇာတ်ကားရိုက်ကူးမှုလုပ်ငန်းကို မက္ကဆီကိုစီးတီးမြို့တော်၌ ဖေဖော်ဝါရီ ၁၀ ရက်တွင် အပြီးသတ်ခဲ့ခြင်းဖြစ်ကြောင်း ဒါရိုက်တာဂရူးတပ်၏အဆိုအရ သိရသည်။

ဒါရိုက်တာ ဂရူးတပ်သည် Saw 10 ဇာတ်ကားပေါင်း ကိုးကားအနက် Saw 3D နှင့် Saw VI တို့ကို ရိုက်ကူးပေးခဲ့သူဖြစ်သည်။

Saw 10 ဇာတ်ကားကို ယခုနှစ် ဟောလိုးဝင်းပွဲတော်ကာလ အောက်တိုဘာ ၂၇ ရက်တွင် ရုံတင်ပြသရန် Lionsgate ကုမ္ပဏီက စီစဉ်ထားကြောင်း သိရသည်။

KKO

# Statement on Attacks and Sabotages Against National Education Sector by NUG/CRPH and PDF who are Committing Violations of International Law



Basic Education High School (Alaekyun Village) on fire due to arson attack of KIA group and PDF terrorists.



No (2) Basic Education High School of Loikaw on fire due to the arson attacks of PDF terrorists.

**Nay Pyi Taw February 14**

1. NUG/PDFs, declared as terrorist groups as per existing laws, on the course of utter devastation of the State to forcibly seize the State's power, are recklessly attacking and sabotaging the education of the youths who are the future of the Nation. During a two-year period starting form 1 February 2021 to 31 January 2023, the PDF terrorists under the instructions of NUG had committed 528 bomb attacks and 123arson attacks to schools, Universities and colleges and alsomade 115 threats against education staff not to open schools. In the same period, the terrorists also brutally killed the teachers and education staff rising the death toll to 66 while 25 others were injured. According to the findings of ground inspections, besides destroying schools and killing teachers, the terrorists are found out to be 'using schools for military purposes' which is legally prohibited by the United Nations and certain international organizations.

2. The Resolution 2427 adopted by United Nations Security Council in 2008 reiterates its deep concern at the closure of schools and hospitals in situations of armed conflict as a result of attacks and threats of attacks and also urges all parties to armed conflict to refrain from actions that impede children's access to education and to health services. Moreover, in the "Guidelines for Protecting Schools and Universities from Military Use During Armed Conflict" released by Global Coalition to Protect Education from Attack-GCPEA, it is clearly stated that 'functioning schools and universities should not be used by the fighting forces of parties

*See Page 13*









Bunkers and Trenches Built by KIA Group and PDF Terrorists as a Fortified Base in Basic Education High School (Moetarlay) of Katha Township.



A message left on the wall of the classroom at a Basic Education Sub-Middle School in Mohnyin Township of Kachin State, threatening that the school would be blown up if it is not closed.



Daw Lae Lae, headmistress of sub-high school in Htam Ma Kout Village of Seik Phyu Township brutally killed by PDFs for not joining CDM.



Daw Mya Mya Soe, headmistress of middle school in Shwegyin Village of Singu Township brutally killed by PDFs for not joining CDM.









**Bunkers Fortified with Sandbags Found in the High School which was used by KIA Group and PDF Terrorists as a Fortified Camp.**

***From Page 12***

to armed conflict in any way in support of the military effort' and it further describes that 'parties to armed conflict should neither use force nor offer incentives to education administrators'.

3. Nonetheless, on the pretext of anti-government sentiment, NUG, PDFs and insurgent groups are using schools as military bases after forcibly closing them. On 30 January 2023, it was found that KIA insurgents and PDF terrorist groups had built trenches and bunkers fortified with sandbags as a military base in the basic education high school located in Moetarlay village in Katha township of Sagaing region with the intent to attack against the Tatmadaw military columns, and moreover, villagers of witness also revealed that KIA and PDF groups using arms always bully the unarmed locals and also deploy schools as military bases. Witness accounts of villagers were heard as follow: **"KIA and PDF made the school a bunker where as a military camp they sometimes are stationed. Their strength is between 50 and 100. In December, they came to our village and made the camp as a bunker. When they came to our village, they stayed at that school. I think they are using the school for children as cover. The villagers were forced to build the bunker in the school compound. We had to cook meals for them. Each house had to provide three meals. Sometimes they collected extortion money. Our villagers totally dislike KIA and PDF. As they come every month, the village cannot accept them at all."**

**"They started using the school as cover in December. We had to arrange food such as rice and cooking oil for them. I don't like the acts of such terrorist organizations at tall."**

4. Security personnel joining hands together with local villagers demolished the fortifications built by terrorists and also conducted clean-up activities in the village school. Moreover, in conformity with a phrase prescribed in the International Humanitarian Law urging the UN member States' governments to effectively prevent and protect schools from being used by armed groups for military purposes, Government security personnel are taking all necessary security measures to protect the education sector from reckless destructions and sabotages of the terrorists.

5. In spite of the fact that NUG/PDF terrorists violating the provisions of applicable International Law are harassing and attacking the education of the children using various means, some countries and organizations are found to be engaging with and supporting the NUG/PDF on media by ignoring their acts of terrorism. Such activities are threatening and destroying the safety and peace of innocent civilians' lives. Besides, it is required to heed that supporting the terrorists who are recklessly harassing and destroying the education of the children, the future of the Nation will surely cause unnecessary delays in the endeavours of Myanmar to return to the path of democracy.


6. Against the backdrop of the situation, the statement is released so that the international community can discern that KIA insurgents and NUG/PDF terrorist groups are destroying the education of the children who are future of the country by using schools as covers and fortified bases.

**Information Team**
**State Administration Council**





**Sending a threat letter with LLPDF logo and a bullet to teachers in Longlon Township of Tanintharyi Region.**










# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# နိုင်ငံတကာစစ်မှုရေးရာအပြောပြော

## ရုရှားရေတပ်က ပစ်လွှတ်လိုက်သော Kalibr ခရုဇ်ဒုံးကျည် ရိုမေးနီးယားလေပိုင်နက်ထဲသို့ ဝင်ရောက်ပျံသန်း



ရုရှားရေတပ်သင်္ဘောများက ပစ်လွှတ်တိုက်ခိုက်ခဲ့သော Kalibr ခရုဇ်ဒုံးကျည်နှစ်စင်းသည် ရိုမေးနီးယားလေပိုင်နက်အတွင်းသို့ ဝင်ရောက်ပျံသန်းခဲ့သည်ဟု ယူကရိန်းတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး Valerii Zaluzhnyi က ထုတ်ဖော်ပြောကြားခဲ့ကြောင်း ဖေဖော်ဝါရီ ၁၀ ရက်တွင် ထုတ်ပြန်သည့်သတင်းများအရ သိရသည်။

ရုရှားတပ်ဖွဲ့များသည် Kalibr နှင့် Kh-101 ခရုဇ်ဒုံးကျည် ၇၁ စင်း၊ S-300 မြေပြင်မှ ဝေဟင်ပစ်ဒုံးကျည် ၃၅ စင်းနှင့် Shahed Kamikaze ဒရုန်းခုနစ်စင်းအပါအဝင် ယူကရိန်းပိုင်နက်ကို အကြီးစားဒုံးကျည်၊ ဒရုန်းများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း Valerii Zaluzhnyi က ပြောကြားခဲ့သည်။

ယူကရိန်းလေကြောင်းရန်ကာကွယ်ရေးတပ်ဖွဲ့များသည် ခရုဇ်ဒုံးကျည် ၆၁ စင်းနှင့် ဒရုန်း ငါးစင်းတို့ကို ပစ်ချနိုင်ခဲ့သည်ဟု ၎င်းက ဆိုသည်။ ယူကရိန်းကာကွယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်သော သတင်းအချက်အလက်များအရ ပင်လယ်နက်တွင် တပ်စွဲထားသော ရုရှားရေတပ်သင်္ဘောများက Kalibr ဒုံးကျည်များကို ပစ်လွှတ်ခဲ့ခြင်းဖြစ်သည်ဟုလည်း သိရသည်။

Kalibr ခရုဇ်ဒုံးကျည်များကို ယူကရိန်းပဋိပက္ခစတင်ချိန်မှစ၍ ရုရှားတပ်ဖွဲ့များက ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုခဲ့ကြသည်။ ပဋိပက္ခကို အဆိုပါ Kalibr ခရုဇ်ဒုံးကျည် အစင်း ၃၀ ပစ်လွှတ်၍ ကွပ်ကဲမှုနှင့်ထိန်းချုပ်ရေးဌာနချုပ်နေရာများ၊ လေတပ်စခန်းများနှင့် လေကြောင်းရန်ကာကွယ်ရေးတပ်ခွဲများကို ပစ်မှတ်ထားတိုက်ခိုက်ခြင်းဖြင့် စတင်ခဲ့ခြင်းဖြစ်သည်။ ဒုံးကျည်များကို Buyan-Class Corvettes စစ်ရေယာဉ်များ၊ Admiral Grigorovich-Class ဖရီဂိတ်စစ်သင်္ဘောများနှင့် ရုရှားပင်လယ်နက်ရေတပ်မှ Kilo-Class ရေငုပ်သင်္ဘောများမှ ပစ်ခတ်တိုက်ခိုက်နိုင်စွမ်းရှိသည်။

ရုရှားရေတပ်မှသင်္ဘော ၁၁ စင်းသည် Kalibr ခရုဇ်ဒုံးကျည်များကို ပစ်ခတ်နိုင်သည့် စစ်သင်္ဘော ငါးစင်း အပါအဝင် ပင်လယ်နက်တွင် တပ်စွဲထားကြောင်း ယူကရိန်းရေတပ်ထောက်လှမ်းရေးဌာနမှ ဇန်နဝါရီ ၂၁ ရက်ထုတ်ပြန်သည့် အချက်အလက်များအရ သိရသည်။

ရုရှားနိုင်ငံ၏ သမားရိုးကျတာဝေးပစ်တိုက်ခိုက်မှုစွမ်းရည်၏ အဓိက အစိတ်အပိုင်းများကို ဝေဟင်နှင့် ပင်လယ်မှပစ်လွှတ်သော ခရုဇ်ဒုံးကျည်များဖြစ်သည့် Kh-50၊ AS-23A/B (Kh-101/Kh-102)နှင့် SS-N-30 Kalibr တို့မှပိုင်ဆိုင်ထားခြင်းဖြစ်ပြီး အကွာအဝေးကီလိုမီတာ ၁၅၀၀၊ ကီလိုမီတာ ၄၅၀၀ နှင့် ကီလိုမီတာ ၂၀၀၀ အသီးသီးပစ်ခတ်တိုက်ခိုက်နိုင်စွမ်းရှိကြသည်။

Kalibr က ဆက်လက်တိုးတက်ဖွံ့ဖြိုးထုတ်လုပ်ထားသည့် Kalibr-M သည် စမ်းသပ်ဆဲအဆင့်ဖြစ်ပြီး တိုက်ပွဲဝင်နိုင်မှု အကွာအဝေး ကီလိုမီတာ ၄၅၀၀ ထိ ရောက်ရှိလာကာ ၂၀၂၇ ခုနှစ်ခန့်တွင် တိုက်ပွဲဝင်အသင့်အသုံးပြုနိုင်ရန် မျှော်မှန်းထားသည်။ ရေငုပ်သင်္ဘောများနှင့် စစ်သင်္ဘောများမှ တပ်ဆင်ပစ်လွှတ်နိုင်ရန် အပြင် မြေပြင်အခြေစိုက်ပစ်ခတ်နိုင်သည့်မျိုးကွဲများကို တီထွင်ဖန်တီးလျက်ရှိကြောင်း သိရသည်။

Kalibr (NATO အစီရင်ခံအမည် SS-N-27 Sizzler) သည် Yekaterinburg အခြေစိုက် Novator ဒီဇိုင်းဗျူရို (Almaz-Antey ကာကွယ်ရေးထုတ်လုပ်သူ၏တစ်စိတ်တစ်ပိုင်း)မှထုတ်လုပ်သည့် ရုရှားနိုင်ငံထုတ် ခရုဇ်ဒုံးကျည်ဖြစ်သည်။ ရုရှားစစ်ဘက်သည် လက်ရှိတွင် သင်္ဘောပေါ်၌ သယ်ဆောင်တိုက်ပွဲဝင်နိုင်သည့် Kalibr-NK နှင့် ရေငုပ်သင်္ဘောမှပစ်လွှတ်နိုင်သော Kalibr-PL ဒုံးကျည်များကို အဆင့်မြှင့်တင် ပြုပြင်မွမ်းမံမှုများလုပ်ဆောင်လျက်ရှိသည်။

Kalibr ကို Vertical Launching System (VLS)အသုံးပြု၍ စစ်သင်္ဘောမှ သို့မဟုတ် ရေငုပ်သင်္ဘောများမှ တော်ပီဒိုဒုံးပစ်လောင်ချာပြွန်များကို အသုံးပြုကာ ပစ်လွှတ်နိုင်စွမ်းရှိသည်။ Kalibr ခရုဇ်ဒုံးကျည်သည် မြေပြင်ပစ်မှတ်များကိုအကွာအဝေးကီလိုမီတာ ၂၆၀၀ ထိ တိုက်ခိုက်နိုင်ပြီး ပင်လယ်ရေကြောင်းပစ်မှတ်များကို အကွာအဝေး ၃၇၅ ကီလိုမီတာထိ တိုက်ခိုက်နိုင်စွမ်းရှိသည်။ အခြားသတင်းများအရ 3M14 မျိုးကွဲသည် သာမိုနျူကလီးယားထိပ်ဖူးများသယ်ဆောင်နိုင်ပြီး အကွာအဝေး ကီလိုမီတာ ၂၀၀၀ မှ ကီလိုမီတာ ၂၆၀၀ ထိ တိုက်ပွဲဝင်နိုင်စွမ်းရှိသည်။

Kalibr ခရုဇ်ဒုံးကျည်သည် အစိတ်စိတ်အမွှာမွှာကွဲထွက်သော သို့မဟုတ် ထိုးဖောက်ဝင်ရောက်ဖျက်ဆီးနိုင်သော TNT ပမာဏ ကီလိုဂရမ် ၂၀၀၊ ကီလိုဂရမ် ၄၅၀ နှင့်ညီမျှသော ကီလိုတန် ၅၀ ရှိ ဖျက်စွမ်းအားပြင်းထိပ်ဖူး သို့မဟုတ် နည်းဗျူဟာမြောက် သာမိုနျူကလီးယားထိပ်ဖူးတို့ တပ်ဆင်အသုံးပြုနိုင်သည်။

**Kalibr cruise missile launched by Russian Navy against Ukraine enters airspace of Romania ကို ဘာသာပြန်ဆိုထားပါသည်။**

## ရုရှားနိုင်ငံက Aero India 2023 လေကြောင်းနှင့် စစ်လက်နက်ပစ္စည်းပြပွဲတွင် လက်နက်အမျိုးအစား ၂၀၀ ခန့် ပြသ

ရုရှားနိုင်ငံသည် ဖေဖော်ဝါရီ ၁၃ ရက်မှ ၁၇ ရက်ထိ Balgalore ပြည်နယ်တွင် ဖွင့်လှစ်သည့် Aero India 2023 လေကြောင်းနှင့် စစ်လက်နက်ပစ္စည်းပြပွဲတွင် စစ်လက်နက်ပစ္စည်းအမျိုးအစား ၂၀၀ ခန့်ကိုပြသခဲ့ပြီး ပြပွဲစီစဉ်သူ၏ အဆိုအရ ယခုနှစ်တွင် နိုင်ငံခြားကုမ္ပဏီ ၁၀၉ ခု အပါအဝင် ကုမ္ပဏီ ၈၀၇ ခု ပါဝင်ပြသခဲ့ကြောင်း သိရသည်။

ရုရှားနိုင်ငံ Rosoboronexpoert နိုင်ငံပိုင်စစ်လက်နက်ရောင်းချရေး ကော်ပိုရေးရှင်းသည် Su-57E ထိပ်တန်းပဥ္စမမျိုးဆက် ဘက်စုံသုံးတိုက်လေယာဉ်နှင့် Checkmate အပေါ့စားနည်းဗျူဟာတိုက်လေယာဉ်များအပါအဝင် ရုရှားထုတ်အဆင့်မြင့်ဆုံးလက်နက်နှင့် စစ်ဘက်ဆိုင်ရာစက်ပစ္စည်းကိရိယာအမျိုးအစား ၂၀၀ ခန့်ကို သရုပ်ပြသသွားမည်ဖြစ်ကြောင်း အစောပိုင်းတွင် ပြောကြားခဲ့သည်။

ရုရှားနိုင်ငံ ကိုယ်စားလှယ်အဖွဲ့သည် ပဥ္စမမျိုးဆက်တိုက်လေယာဉ်များ အထူးသဖြင့် Checkmate ဂျက်တိုက်လေယာဉ်များဖန်တီးရာတွင် အိန္ဒိယနှင့် ပူးပေါင်းဆောင်ရွက်မည့် အလားအလာများကို ဆွေးနွေးရန် Rostec ကော်ပိုရေးရှင်းနှင့် နီးစပ်သူတစ်ဦးက TASS သို့ ပြောကြားခဲ့သည်။

ထို့ပြင် Aero India 2023 လေကြောင်းနှင့် စစ်လက်နက်ဆိုင်ရာပြပွဲသို့ လာရောက်လည်ပတ်ကြည့်ရှုသူများသည် Il-76MD-90A(E) စစ်ဘက်သယ်ယူပို့ဆောင်ရေးလေယာဉ်၊ Il-78MK-90A ဝေဟင်ဆီဖြည့်လေယာဉ်၊ Su-35 နှင့် Su-30SME စူပါဆောနစ် လှုပ်ရှားစစ်ကစားနိုင်စွမ်းမြင့်မားသော တိုက်လေယာဉ်များ၊ MiG-35D ဘက်စုံ ရှေ့တန်းကျကျသုံးတိုက်လေယာဉ်များအပြင် အဆင့်မြှင့်တင်ထားသော Ka-52E နှင့် Mi-28NE တိုက်ခိုက်ရေးရဟတ်ယာဉ်များ၊ Mi-171-Sh စစ်ဘက်သယ်ယူပို့ဆောင်ရေး ရဟတ်ယာဉ်များကို ကြည့်ရှုလေ့လာနိုင်မည်ဖြစ်သည်။ ရုရှားနိုင်ငံသည် Orion-E ကင်းထောက်၊ တိုက်ခိုက်ရေး UAV၊ Orlan-10E ကင်းထောက်UAV နှင့် ၂၀၂၂ ခုနှစ်တွင် စတင်ထုတ်ဖော်ပြသခဲ့သော Orlan-30 တို့ကိုလည်း ပြပွဲတွင် ထည့်သွင်းပြသလျက်ရှိသည်။

လေကြောင်းရန်ကာကွယ်ရေးအပိုင်းတွင် Rosoboronexport သည် သီးခြားလေကြောင်းရန်ကာကွယ်ရေးစနစ်အနေဖြင့်သော်လည်းကောင်း၊ ပေါင်းစည်းလေကြောင်းရန်ကာကွယ်ရေးစနစ်ကြီး၏ တစ်စိတ်တစ်ပိုင်းအဖြစ် လုပ်ဆောင်နိုင်သော စနစ်မျိုးကိုသော်လည်းကောင်း နှစ်မျိုးစလုံးလုပ်ဆောင်နိုင်သည့် လေကြောင်းရန်ကာကွယ်ရေး လက်နက်စနစ်မျိုးစုံကို



ခင်းကျင်းပြသလျက်ရှိသည်။ ရုရှား၏ လေကြောင်းရန်ကာကွယ်ရေး လက်နက်စနစ်ပြခန်းတွင် S-400 Triumf တာဝေးပစ်လေကြောင်းရန်ကာကွယ်ရေးစနစ်၊ S-350E Vityaz တာလတ်ပစ်လေကြောင်းရန်ကာကွယ်ရေးဒုံးကျည်စနစ်၊ Viking၊ Tor-M2KM၊ Tor-M2E မြေပြင်မှ ဝေဟင်ပစ်ဒုံးကျည်စနစ်များကို ပြသလျက်ရှိသည်။ ခေတ်မီပြီး အဆင့်မြင့်နည်းဗျူဟာမြောက်နှင့် စစ်ဆင်ရေးသုံးပွဲထိန်းဒုံးကျည်များကို တုံ့ပြန်ဖျက်ဆီးရန် ဒီဇိုင်းထုတ်ထားသည့် Abakan 98R6E မဟာဗျူဟာမြောက် ဒုံးကျည်ကာကွယ်ရေးစနစ်ကို အိန္ဒိယတွင် ပထမဆုံးအကြိမ်ပြသမည်ဖြစ်သည်။ Repellent၊ RLK-MCE၊ RB-504P-E နှင့် RB-504A-E အပါအဝင် ရုရှားထုတ် ဒရုန်းတန်ပြန်တိုက်ဖျက်ရေးစနစ်များကို တွေ့မြင်ရမည်ဖြစ်သည်။

ရုရှားကိုယ်စားလှယ်အဖွဲ့သည် အထူးသဖြင့် Make in India အစီအစဉ်ကို အခြေခံ၍ အိန္ဒိယနှင့် အနာဂတ်တွင် ပူးပေါင်းဆောင်ရွက်မှုများကို ဆွေးနွေးသွားရန်စီစဉ်ထားသည်။

**Russia to showcase 200 types of weapons, equipment at Aero India 2023 show ကို ဘာသာပြန်ဆိုထားပါသည်။**

မင်းမျိုး

# ကန့်ဘလူမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံနေကြာ ၃၀၃၃ ဧက စိုက်ပျိုးပြီးစီး



ယခင်နှစ်က စိုက်ပျိုးခဲ့သည့်နေကြာစိုက်ခင်းကို တွေ့ရစဉ်။

**ကန့်ဘလူ ဖေဖော်ဝါရီ ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံနေကြာ ၃၀၃၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

၂၀၂၂-၂၀၂၃ ခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကန့်ဘလူမြို့နယ်တွင် ဆီထွက်သီးနှံနေကြာ ၂၉၆၈ ဧက စိုက်ပျိုးရန်လျာထားပြီး ၂၀၂၂ ခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၃၀၃၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်သဖြင့် လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

"ကန့်ဘလူမြို့နယ်မှာ နေကြာစိုက်ပျိုးတဲ့အခါ မိုးနေကြာထက် ဆောင်းနေကြာကိုပဲ အဓိကထား စိုက်ပျိုးကြတာပါ။ ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာဆိုရင် နေကြာ ဧက ၂၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားခဲ့ပြီး ဆောင်းနေကြာကို ဧက ၃၀၀၀ ကျော် စိုက်ပျိုးနိုင်ခဲ့ပါတယ်။ ဆောင်းသီးနှံနေကြာတွေကို လျာထားချက်ထက် ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ခဲ့တယ်"ဟု ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်က ပြောပြသည်။

ကန့်ဘလူမြို့နယ်တွင် ၂၀၂၂-၂၀၂၃ ခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံနေကြာ စိုက်ပျိုးတောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် နည်းပညာပေးသင်တန်းများ ပို့ချခြင်း၊ နေကြာမျိုးစေ့များပံ့ပိုးပေးခြင်းနှင့် ယူရီးယားဓာတ်မြေဩဇာများ ပံ့ပိုးပေးခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကန့်ဘလူမြို့နယ်တွင် နေကြာသီးနှံများကို တိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ပညာပေးသင်တန်းများ အရှိန်မြှင့်တင် ဆောင်ရွက်ခြင်း၊ ဝန်ထမ်းနှင့် နေကြာစိုက်ပျိုးမည့်တောင်သူများ စွမ်းဆောင်ရည်မြှင့်မားရေးအတွက် ပညာပေးသင်တန်းများကို အရှိန်မြှင့်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ (၂၀၆)

# မန်တုံမြို့နယ် လွယ်ကော်ကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းနှင့် Box Culvert ၁၀ စင်း တည်ဆောက်ခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**မန်တုံ ဖေဖော်ဝါရီ ၁၄**

ရှမ်းပြည်နယ်(မြောက်ပိုင်း)မန်တုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လွယ်ကော်ကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းနှင့် Box Culvert ၁၀ စင်း တည်ဆောက်ခြင်းလုပ်ငန်းများကို ယနေ့တွင် တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မန်တုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမိုင်းအောင်ကျော်လှိုင်နှင့် တာဝန်ရှိသူများက မန်တုံမြို့နယ် လွယ်ကော်ကျေးရွာ၌ ကုန်ထုတ်လမ်း ဖောက်လုပ်ခြင်းနှင့် Box Culvert ၁၀ စင်း တည်ဆောက်ပြီးစီးမှုများကို ကွင်းဆင်းစစ်ဆေးကြပြီး သက်ဆိုင်ရာ ကုမ္ပဏီမှတာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်ပြီးစီးမှုများကို လိုက်လံရှင်းလင်းပြသရာ မြို့နယ်ဦးစီးမှူးက လုပ်ငန်းလိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။



မန်တုံမြို့နယ် လွယ်ကော်ကျေးရွာ၌ အရှည် ငါးမိုင်၊ အကျယ် ၁၂ ပေ၊ အမြင့် ကိုးလက်မရှိ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းနှင့် အဆိုပါလမ်းပေါ်တွင် Box Culvert ၁၀ စင်း တည်ဆောက်ခြင်းလုပ်ငန်းများကို ၂၀၂၂-၂၀၂၃ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၂၈၅ ဒသမ ၀၇၅ သန်းဖြင့် တင်ဒါအောင်မြင်သည့်ကုမ္ပဏီများက ၂၀၂၂ ခုနှစ် ဇွန်လပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ လက်ရှိတွင် လုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကြောင့် ကျေးလက်ဒေသထွက်ကုန်ပစ္စည်းများကို မြို့ပေါ်ဈေးကွက်အရောက် တိုက်ရိုက်တင်ပို့ရောင်းချနိုင်တော့မည်ဖြစ်ရာ ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် အကျိုးပြုစေမည်ဖြစ်ကြောင်း မန်တုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ကျော်ဇောဦး(မောရှမ်းမြေ)**

# လားရှိုးမြို့နယ် ကောင်းစံကျေးရွာ၌ VDP စီမံကိန်းမိတ်ဆက်ခြင်းနှင့်ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

**လားရှိုး ဖေဖော်ဝါရီ ၁၄**

ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ထပ်မံတိုးချဲ့အကောင်အထည်ဖော်ဆောင်ရွက်မည့် ကောင်းစံကျေးရွာ၌ စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့်ကော်မတီဖွဲ့စည်းခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ လားရှိုးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဘရန်ဆိုင်းက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း(VDP)အကောင်အထည်ဖော် ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များနှင့်ပတ်သက်၍ မိတ်ဆက်ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ လားရှိုးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး၊ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက ကော်မတီဖွဲ့စည်းရာတွင် လိုက်နာရမည့်စည်းကမ်းချက်များ၊ လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ကဏ္ဍအလိုက် ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသော ကျေးရွာသူ၊ ကျေးရွာသားများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း(VDP)ကော်မတီဝင် ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ လားရှိုးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဘရန်ဆိုင်း၊ စီမံကိန်းတာဝန်ခံနှင့်ဝန်ထမ်းများ၊ ကျေးရွာရပ်မိ၊ ရပ်ဖများနှင့် ကျေးရွာသူ၊ ကျေးရွာသားများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ဖြိုးထက်အောင်(ပျော်ဘွယ်)**





## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

**၁၄-၂-၂၀၂၃**

| | | |
|---|---|---|
| **ရွှေ** | | |
| ၁၆ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၆၇၀၀၀၀ |
| ၁၅ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၆၂၈၀၀၀ |
| **(ဖွဲ့ထက်ရွှေဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)** | | |
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၈၂၀၀၀/၈၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၇၂၀၀၀/၇၅၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၇၀၀၀၀/၇၃၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၅၃၀၀၀/၅၆၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၄၂၀၀၀/၄၅၀၀၀ |
| ဧည့်ဗီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၄၁၀၀၀/၄၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၃၅၀၀၀/၃၉၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၁၀၀၀/၁၂၅၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၀၀၀၀/၁၁၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၂၀၀၀/၁၃၀၀၀ |
| စားအုန်းဆီ (တစ်ပိဿာ) | ကျပ် | ၅၆၀၀/၆၀၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၂၆၅ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၃၄၅ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၁၅၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၂၃၀ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၃၀၀ |
| **(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)** | | |
| **အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ** | | |
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့ခိုင်ကောင်းအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၈၅)

# မစိုးရိမ်တိုက်သစ်၊ ပတ္တမြားကျောင်းတိုက်နှင့် နဂါးပရိယတ္တိစာသင်တိုက်များသို့ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် သွားရောက်၍ ဆရာတော်များအားဖူးမြော်ကာ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း



ဆရာတော်ထံ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင် သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

**မန္တလေး ဖေဖော်ဝါရီ ၁၄**

မန္တလေးတိုင်း ဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများလိုက်ပါပြီး ယနေ့နံနက်ပိုင်းက မဟာအောင်မြေမြို့နယ်ရှိ မစိုးရိမ်တိုက်သစ်၊ ချမ်းအေးသာစံမြို့နယ်ရှိ ပတ္တမြားကျောင်းတိုက်နှင့် အောင်မြေသာစံမြို့နယ်ရှိ နဂါးပရိယတ္တိစာသင်တိုက်များသို့ သွားရောက်ပြီး ဆရာတော်များအား ဖူးမြော်ကာ သင်္ကန်းနှင့် နဝကမ္မဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် မစိုးရိမ်တိုက်သစ်သို့ရောက်ရှိပြီး ဓမ္မဂါရဝကျောင်း မစိုးရိမ်တိုက်သစ်နာယက ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တတိက္ခိန္ဒြိယာဘိဝံသ အားလည်းကောင်း၊ ပတ္တမြားကျောင်းတိုက်ဆရာတော် တိုင်းဒေသကြီး သံဃနာယကအဖွဲ့ (ရွှေကျင်)ဥက္ကဋ္ဌ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညာဇောတာဘိဝံသအားလည်းကောင်း၊ နဂါးပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝါသေဋ္ဌာသာရအားလည်းကောင်း ဖူးမြော်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ မူဝါဒများ၊ လမ်းညွှန်ချက်များနှင့်အညီ တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အနီးကပ်ကြီးကြပ်ဆောင်ရွက်နေမှုများနှင့် ဆရာတော်ကြီးများထံမှ ဩဝါဒများခံယူ၍ သာသနာရေးဆိုင်ရာလုပ်ငန်းများကို ဆရာဒကာလက်တွဲပြီး ဆောင်ရွက်နေမှုများနှင့်ပတ်သက်၍ လျှောက်ထားပြီး ဆရာတော်များထံမှ ဩဝါဒများခံယူကာ တိုင်းဒေသကြီးအစိုးရအဖွဲ့ကလှူဒါန်းသည့် သင်္ကန်း၊ နဝကမ္မဝတ္ထုငွေများနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်မိသားစုအလှူအဖြစ် လှူဒါန်းငွေများကို ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**မျိုးကျော်**

# မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများကို တပ်မတော်နယ်လှည့်အထူးဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်



မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင် တပ်မတော်နယ်လှည့် အထူးဆေးကုသရေး အဖွဲ့က ဒေသခံပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးစဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၁၄**

မကွေးတိုင်း ဒေသကြီးအတွင်း ရောက်ရှိနေသော တပ်မတော်နယ်လှည့်အထူးဆေးကုသရေးအဖွဲ့သည် ယနေ့တွင် မင်းလှမြို့နယ် မိကျောင်းရဲကျေးရွာရှိ တိုက်နယ်ဆေးရုံ၌အခြေပြု၍ အဆိုပါကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ စုစုပေါင်း ၂၅၄ ဦးကို ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာရောဂါ ၈၅ ဦး၊ ခွဲစိတ်ရောဂါဦးရေ ၂၀၊ ကလေးရောဂါ ၁၃ ဦး၊ သားဖွားမီးယပ်ရောဂါ ၁၂ ဦး၊ အရိုးရောဂါ ၄၅ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၁၂ ဦး၊ မျက်စိရောဂါ ၅၃ ဦးနှင့် သွားရောဂါ ၁၄ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ထို့ပြင် ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၁၂ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၁၉ ဦးတို့ကို ရွှေ့လျားဓာတ်မှန်ရိုက်ယာဉ်နှင့် ရွှေ့လျားဓာတ်ခွဲခန်းယာဉ်တို့ဖြင့် ရောဂါရှာဖွေ စမ်းသပ်စစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သူ ၁၁ ဦးတို့ကို နီးစပ်ရာတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။ ၎င်းအပြင် နယ်လှည့်အထူးဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများကို သွေးတိုးရောဂါနှင့် ဆီးချို၊ သွေးချိုရောဂါများအကြောင်း ကျန်းမာရေး အသိပညာပေး ဟောပြောဆွေးနွေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို မကွေးတိုင်း ဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

➤ ➤ ➤

## မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဥပဒေရေးရာဝန်ကြီးဌာန ဥပဒေအသိပညာ ပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ သီသီမြင့်အား ဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

## ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်အမှတ်၊ ၂၁ / ၂၀၂၃**

၁၃၈၄ ခုနှစ် တပို့တွဲလပြည့်ကျော် ၁၀ ရက်

(၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလ ၁၄ ရက်)

**ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၄၁၉ အရ ဦးစိုးကြည်အား လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

**အမိန့်အရ**

**အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

## "ပြည်သူ့ကြားက ပြည်သူ့စကား"အစီအစဉ်

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ရင်တွင်းခံစားချက်စကားသံများကို သဇင် FM ၏ "ပြည်သူ့ကြားက ပြည်သူ့စကား"အစီအစဉ်မှ **"နိုင်ငံပိုင်အဆောက်အအုံများအား KNU အဖွဲ့မှ အကြမ်းဖက်မှုကိုလိုလားသူများနှင့် PDF အမည်ခံ အကြမ်းဖက်သမားများက မီးရှို့ဖျက်ဆီးခဲ့မှု"** ခေါင်းစဉ်ဖြင့် ၁၅-၂-၂၀၂၃ ရက် **(ယနေ့)**မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"အပြစ်မဲ့ပြည်သူများအပေါ် ရက်စက်စွာ လုပ်ကြံသတ်ဖြတ်ပြီး အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသော PDF အမည်ခံအကြမ်းဖက်အဖွဲ့ဝင် တရားခံများကို ဖမ်းဆီးရမိ"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ ပါဝင်နိုင်ပြီဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

## ဖေဖော်ဝါရီ ၁၄ ရက် ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် သုံးဦးတွေ့ရှိ

### ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုအခြေအနေ

| | |
|---|---|
| ရောဂါပိုးတွေ့ရှိသူ စုစုပေါင်း | ၆၃၃၈၇၀ ဦး |
| သေဆုံးသူ | ၁၉၄၉၀ ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | ၆၁၄၃၄၅ ဦး |

**နေပြည်တော် ဖေဖော်ဝါရီ ၁၄**

ဖေဖော်ဝါရီ ၁၃ ရက် ည ၈ နာရီမှ ယနေ့ည ၈ နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း ၄၅၀၁ ခုကို စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် သုံးဦး တွေ့ရှိခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

**(သတင်းစဉ်)**

# ကျိုင်းတုံမြို့နယ် ပန်ကွဲတောင်ကျေးရွာ၌ ရပ်ရွာအခြေပြု ပြန်လည်ထူထောင်ရေးသင်တန်းအမှတ်စဉ် (၁/၂၀၂၃)ဖွင့်လှစ်



တြိဂံဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်နီလင်းအောင် ထောက်ပံ့ပစ္စည်းနှင့် အားကစား ပစ္စည်းများ ပေးအပ်စဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၁၄**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ် ပန်ကွဲတောင်ကျေးရွာ၌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြန်လည်ထူထောင်ရေးဦးစီးဌာန မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်း(ကျိုင်းတုံ)မှ ကြီးမှူးဖွင့်လှစ်သည့် ရပ်ရွာအခြေပြု ပြန်လည်ထူထောင်ရေးသင်တန်းအမှတ်စဉ် (၁/၂၀၂၃)ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် ပြုလုပ်ရာ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်နီလင်းအောင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများ၊ လူမှုရေးအသင်းအဖွဲ့များ၊ သင်တန်းသားများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက သင်တန်းဖွင့်အမှာစကားပြောကြားပြီး ပြန်လည်ထူထောင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးက သင်တန်းဖွင့်လှစ်ရခြင်း၏ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ထောက်ပံ့ပစ္စည်းနှင့် အားကစားပစ္စည်းများပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူပြီး သင်တန်းသားများက "ပြန်လာပါ" သီချင်းဖြင့် ဖျော်ဖြေကြသည်။

၎င်းနောက် တိုင်းမှူးက သင်တန်းသားများကို ဂုဏ်ပြုဆုငွေများပေးအပ်ချီးမြှင့်ရာ သင်တန်းသားတစ်ဦးက လက်ခံရယူခဲ့ကြောင်း သတင်းရရှိသည်။

➤ ➤ ➤

# မောင်တောမြို့၌ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် ဖေဖော်ဝါရီ ၁၄**

ရခိုင်ပြည်နယ် မောင်တောမြို့နှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ ဒေသခံပြည်သူများကို ယနေ့တွင် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က အဆိုပါမြို့ရှိ သီရိမင်္ဂလာခန်းမ၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

တိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူ ၁၃၅၁ ဦးတို့ကို မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ကလေးရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ဆေးဝါးကုသမှုများဆောင်ရွက်ပေးပြီး ECG နှင့် အမ်ထရာဆောင်းစက်တို့ဖြင့် ရောဂါရှာဖွေ စမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို နယ်မြေခံတပ်မှ တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လာရောက်ဆေးကုသမှုခံယူကြသူများကို အာဟာရဖြည့်စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။



အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးက ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကို ကြည့်ရှုအားပေးစဉ်။

# (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်ပြခန်းများ၊ တိုင်းရင်းသားရိုးရာအစားအစာနှင့် ဒေသထွက်ကုန်ပစ္စည်းအရောင်းပြခန်းများ ဆက်လက်ပြသ





၂၀၂၃ ခုနှစ် (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်ပြခန်းနှင့် တိုင်းရင်းသားရိုးရာအစားအစာနှင့် ဒေသထွက်ကုန်ပစ္စည်းအရောင်းပြခန်းများ ပြသလျက်ရှိသည့် ပဉ္စမနေ့တွင် လာရောက်ကြည့်ရှုသူများဖြင့် စည်ကားလျက်ရှိစဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၁၄**

၂၀၂၃ ခုနှစ် (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ဝန်ကြီးဌာန၊ ပြည်ထောင်စုနယ်မြေနေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ပြခန်းများ၊ တိုင်းရင်းသားရိုးရာ အစားအစာနှင့်ဒေသထွက်ကုန်ပစ္စည်း အရောင်းပြခန်းများကို ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်ရှိ ပြည်သူ့ရင်ပြင်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိရာ လာရောက်ကြည့်ရှုသူများဖြင့် စည်ကားလျက်ရှိသည်။

အဆိုပါ(၇၆)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ဝန်ကြီးဌာန၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ပြခန်းများ၊ တိုင်းရင်းသားရိုးရာ အစားအစာပြခန်းများ ပြပွဲတွင် ဝန်ကြီးဌာနပြခန်း ၂၅ ခန်း၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီးနှင့်ပြည်နယ်ပြခန်း ၁၅ ခန်း၊ တိုင်းရင်းသားရိုးရာ အစားအစာပြခန်း ၁၅ ခန်း၊ ရန်ကုန်တိုင်းဒေသကြီး စက်မှုဇုန် ၂၉ ဇုန်နှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ အသေးစား၊ အငယ်စား၊ အလတ်စား ထုတ်ကုန်ပစ္စည်းပြခန်းများ အပါအဝင် စုစုပေါင်း ဆိုင်ခန်း ၃၈၅ ခန်း ပါဝင်ပြသကြပြီး ဖေဖော်ဝါရီ ၁၀ ရက်မှ ၁၄ ရက်ထိ ငါးရက်တိုင်တိုင် နံနက် ၉ နာရီမှ ည ၁၀ နာရီထိ ခင်းကျင်းပြသရောင်းချခဲ့ကြသည်။

ပွဲတော်လာပြည်သူများအတွက် ဖျော်ဖြေရေးအစီအစဉ်များအဖြစ် တိုင်းရင်းသားရိုးရာယဉ်ကျေးမှု အကများ၊ ရုပ်ရှင်အနုပညာရှင်များ၊ စတူဒီယိုတေးသံရှင်များနှင့် မျိုးဆက်သစ်အဆိုရှင်များ၏ တေးသီချင်းသီဆိုမှုများဖြင့် အသီးသီးညှော်ခံဖျော်ဖြေတင်ဆက်ကြပြီး အလှူရှင်များကလည်း စတူဒီသာ လာရောက်ကျွေးမွေးလှူဒါန်းကြသည်။

၂၀၂၃ ခုနှစ် (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ဝန်ကြီးဌာန၊ ပြည်ထောင်စုနယ်မြေနေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ပြခန်းများ၊ တိုင်းရင်းသား ရိုးရာအစားအစာနှင့် ဒေသထွက် ကုန်ပစ္စည်းအရောင်းပြခန်းများကို ပြည်သူအများ အခမဲ့လာရောက်လေ့လာဝယ်ယူကြည့်ရှုနိုင်ခြင်းကြောင့် လာရောက်ဈေးဝယ်သူများ၊ လည်ပတ်ကြည့်ရှုသူများဖြင့် ပြပွဲရက်များအတွင်း နေ့စဉ်စည်ကားခဲ့ကြောင်း သတင်းရရှိသည်။

**☆ ကျောဖုံးမှအဆက်**

ခြိမ်းခြောက်မှု ၁၁၅ ကြိမ် ပြုလုပ်ခဲ့ကြပြီး CDM မလုပ်ဘဲ စာသင်ကျောင်းများ ဖွင့်လှစ်သင်ကြားပေးနေသည့်တာဝန်သိနိုင်ငံ့ဝန်ထမ်းကောင်း ဆရာ၊ ဆရာမများနှင့် ပညာရေးဝန်ထမ်းများကို ရက်စက်စွာ လုပ်ကြံသတ်ဖြတ်ခဲ့သဖြင့် သေဆုံးသူ ၆၆ ဦးနှင့် ဒဏ်ရာရသူ ၂၅ ဦးရှိနေပြီဖြစ်သည်။ ထိုသို့ စာသင်ကျောင်းများအား တိုက်ခိုက်ဖျက်ဆီးခြင်း၊ ဆရာ၊ ဆရာမများအား လုပ်ကြံသတ်ဖြတ်ခြင်းများကို ပြုလုပ်ခဲ့သည့်အပြင် ကုလသမဂ္ဂနှင့် နိုင်ငံတကာ အဖွဲ့အစည်းများမှ ဥပဒေအရတားမြစ်ထားသည့် စာသင်ကျောင်းများအား စစ်ရေးအရ အသုံးပြုခြင်းကိုလည်း ပြုလုပ်လျက်ရှိကြောင်း မြေပြင်စစ်ဆေးတွေ့ရှိချက်များအရ သိရှိရသည်။

၂။ ၂၀၀၈ ခုနှစ်တွင် ထုတ်ပြန်ခဲ့သော ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်အမှတ် ၂၄၂၇ တွင် လက်နက်ကိုင်ပဋိပက္ခကြောင့် စာသင်ကျောင်းများ၊ ဆေးရုံများပိတ်ထားရခြင်းကို ရှုတ်ချထားပြီး လက်နက်ကိုင်တိုက်ခိုက်သူများအနေဖြင့် ကလေးသူငယ်များ၏ ပညာသင်ကြားခွင့်များ၊ ကျန်းမာရေးဝန်ဆောင်မှုများနှင့် ပတ်သက်၍ အနှောင့်အယှက်ဖြစ်စေမည့် လုပ်ရပ်များကို ရှောင်ကြဉ်ရန် တိုက်တွန်းထားသည်။ထို့ပြင် ကုလသမဂ္ဂအဖွဲ့အစည်းများဖြင့် ဖွဲ့စည်းထားသော Global Coalition to Protect Education from Attack (GCPEA) အဖွဲ့အစည်းက ထုတ်ပြန်ထားသော **"လက်နက်ကိုင်ပဋိပက္ခအတွင်း စာသင်ကျောင်းများနှင့် တက္ကသိုလ်များအား စစ်ရေးအရ အသုံးပြုခြင်းမှ ကာကွယ်ရန် လမ်းညွှန်ချက်များ"** တွင်လည်း ပညာရေးနှင့် သက်ဆိုင်သော နေရာများကို စစ်ရေးရည်ရွယ်ချက်အတွက် အသုံးချခွင့်မရှိကြောင်း ဖော်ပြထားသကဲ့သို့ ကျောင်းအုပ်ချုပ်သူများ၊ ပညာရေးဝန်ထမ်းများကိုလည်း ဖိအားပေးအကျပ်ကိုင်ခြင်း၊ မက်လုံးပေးစည်းရုံးခြင်းများကို မပြုလုပ်ရန် တားမြစ်ထားပါသည်။



**KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက ကသာမြို့နယ်ရှိ အခြေခံပညာအထက်တန်းကျောင်း(မိုးတားလေး)တွင် စခန်းပြုလုပ်ထားသည့် ဘန်ကာနှင့် ဆက်သွယ်ရေးမြောင်းမှတ်တမ်းဓာတ်ပုံ။**

၃။ သို့သော် NUG၊ CRPH နှင့်၎င်းတို့၏ လက်ဝေခံ PDF အမည်ခံအကြမ်းဖက်အဖွဲ့များနှင့် သောင်းကျန်းသူအဖွဲ့အစည်းများသည် အစိုးရဆန့်ကျင်ရေးကို အကြောင်းပြု၍ စာသင်ကျောင်းများအား အတင်းအဓမ္မပိတ်ခိုင်းပြီး စစ်စခန်းများအဖြစ် အသုံးပြုလျက်ရှိရာ ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၃၀ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့နယ် မိုးတားလေးကျေးရွာရှိ အခြေခံပညာ အထက်တန်းကျောင်း (မိုးတားလေး) စာသင်ကျောင်းအတွင်း၌ KIA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်အဖွဲ့များက တပ်မတော်စစ်ကြောင်းများကို တိုက်ခိုက်ရန် စာသင်ကျောင်းဝင်းအတွင်း စစ်စခန်းသဖွယ် ဘန်ကာများဆောက်လုပ်ထားခြင်း၊ ကတုတ်ကျင်းများ ပြုလုပ်ထားခြင်း၊သဲအိတ်ဘန်ကာများပြုလုပ်ထားခြင်းတို့ကို တွေ့ရှိရပြီး KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်အဖွဲ့များသည် ဒေသခံပြည်သူများအား လက်နက်အားကိုးဖြင့် အနိုင်ကျင့်ပြီး စာသင်ကျောင်းများကို စစ်စခန်းများအဖြစ်အသုံးချလျက်ရှိကြောင်း ကိုယ်တိုင် မျက်မြင်ကြုံတွေ့ခဲ့ရသည့် ရွာသားများ၏ ရင်ဖွင့်စကားသံများကိုလည်း ယခုကဲ့သို့ ကြားသိခဲ့ရပါသည်-

**"ကျောင်းသားတွေ ကျောင်းတက်တဲ့ စာသင်ကျောင်းကိုစခန်းအနေနဲ့ KIA နဲ့ PDF အဖွဲ့က ဘန်ကာတွေ လာလုပ်သွားတာပါ။ စခန်းလုပ်ပြီး ဒီမှာလဲ သူတို့ ရုံးနဲ့ရုံးစါနေပါတယ်။သူတို့အင်အားကတော့ တစ်ခေါက်လာရင် အနည်းဆုံး အင်အား ၅၀ နဲ့ ၁၀၀ ကြား လာပါတယ်။ သဲအိတ်တွေကိုတော့ ပြီးခဲ့တဲ့ ၁၂ လပိုင်းလောက်က ကျွန်တော်တို့ရွာကို လာပြီး သူတို့ စခန်းချတဲ့အချိန်မှာ အကာအကွယ်အနေနဲ့ သူတို့ လုပ်သွားတာပါ။ ကျွန်တော်တို့ရွာကိုလာရင် သူတို့တွေ ဒီစာသင်ကျောင်းမှာပဲ စတည်းချပြီးနေတာများတယ်ဗျ။ ကလေးတွေ ကျောင်းတက်တဲ့စာသင်ကျောင်းကို အကာအကွယ်လုပ်၊ခုတုံးလုပ်ပြီးနေတယ်လို့ပဲ ကျွန်တော်တို့ကတော့ အဲဒီလိုပဲထင်တယ်ဗျ။ စာသင်ကျောင်းတစ်ဝန်းလုံးကို အကာအကွယ်တွေ၊ ဘန်ကာတွေ ဆောက်ထားတာ ရွာသားတွေကိုခေါ်ပြီး အတင်းအဓမ္မခိုင်းပြီးမှ လုပ်ခိုင်းတာဗျ။ များသောအားဖြင့် ဒီကောင်တွေဒဏ်ကို ခံရတာကတော့ ထမင်းတွေချက်ကျွေးရတယ်။ တစ်အိမ်ကို ထမင်းသုံးနပ်၊ ရုံးနဲ့ရုံးစါဆိုရင် ဆက်ကြေးအနေနဲ့ ပိုက်ဆံကောက်ခံတာတွေလည်းရှိတယ်။ ကျွန်တော်တို့ကျေးရွာသားတွေအနေနဲ့ကတော့ KIA၊PDF တွေလာတာကို လုံးဝမနှစ်သက်ပါဘူး။ ကျေးရွာကလည်း ဒီကောင်တွေဒဏ်ခံရတာ အမြဲတမ်း လစဉ်လိုလိုဖြစ်နေတော့ ဒီအဖွဲ့အစည်းကို လုံးဝလက်မခံပါဘူး။"**

**"ကလေးတွေ ကျောင်းတက်တဲ့ စာသင်ကျောင်းကို အကာအကွယ်လာလုပ်တာ၊စခန်းလာလုပ်တာကတော့ ၁၂ လပိုင်းလလယ်လောက်ကတော့ပါ။သူတို့ကို စားရော သောက်ရော ဆန်တွေ၊ ဆီတွေ လုပ်ပေးရပါတယ်။ အခုလို အကြမ်းဖက်အဖွဲ့အစည်းတွေလုပ်ရပ်တွေကို ကျွန်တော့်အနေနဲ့လုံးဝသဘောမကျပါဘူး။"**

၄။ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ၎င်းကျေးရွာ၏ စာသင်ကျောင်းအတွင်းရှိ အကြမ်းဖက်သမားများ ဆောက်လုပ်ထားသော စစ်စခန်းများအား ရွာသူ၊ ရွာသားများနှင့်အတူတကွ ပြန်လည်ဖျက်ဆီးခဲ့ပြီး ကျောင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့သည်။ ၎င်းပြင် နိုင်ငံတကာ လူသားချင်း စာနာထောက်ထားမှုဥပဒေ (International Humanitarian Law) တွင် ဖော်ပြထားသော ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ၏

**စာမျက်နှာ ၂၁ သို့**



**KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက ကသာမြို့နယ်ရှိ အခြေခံပညာအထက်တန်းကျောင်း(မိုးတားလေး)တွင် စခန်းပြုလုပ်ထားသည့် သဲအိတ်ဘန်ကာများမှတ်တမ်းဓာတ်ပုံ။**



CDM မပြုလုပ်သည့်အတွက် PDF အမည်ခံ အကြမ်းဖက်သမားများက သတ်ဖြတ်ခဲ့သည့် ဆိပ်ဖြူမြို့နယ် ထမ္မကောက်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်လှဲ့လှဲ့(သေဆုံး)၏ မှတ်တမ်းဓာတ်ပုံ။



CDM မပြုလုပ်သည့်အတွက် PDF အမည်ခံ အကြမ်းဖက်သမားများက သတ်ဖြတ်ခဲ့သည့် စဉ့်ကူးမြို့နယ် ရွှေကျင်ကျေးရွာ အလယ်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်မြမြစိုး(သေဆုံး)၏ မှတ်တမ်းဓာတ်ပုံ။

**စာမျက်နှာ ၂၀ မှအဆက်**

အစိုးရများအနေဖြင့် အကြမ်းဖက်လက်နက်ကိုင်တပ်ဖွဲ့များက စာသင်ကျောင်းများအား အသုံးပြုခြင်းကို ထိထိရောက်ရောက် တားဆီးပေးရန် တိုက်တွန်းချက်အရ ပညာရေးကဏ္ဍအား အကြမ်းဖက်သမားများ၏ ဆင်ခြင်တုံတရားကင်းမဲ့စွာ ဖျက်ဆီးနေမှုအန္တရာယ်မှ ကာကွယ်တားဆီးနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် လုံခြုံရေးအစီအမံများ ဆောင်ရွက်လျက်ရှိပါသည်။

၅။ NUG၊ CRPH နှင့် ၎င်းတို့၏ လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်အဖွဲ့များသည် နိုင်ငံတကာဥပဒေများ၊ ပြဋ္ဌာန်းချက်များကို ချိုးဖောက်ကာ ကလေးသူငယ်များ၏ ပညာသင်ကြားရေးကို နည်းမျိုးစုံဖြင့် နှောင့်ယှက်တိုက်ခိုက်နေသော်လည်း အချို့သောနိုင်ငံများ၊ အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့၏ အကြမ်းဖက်လုပ်ရပ်များကို မသိကျိုးကျွန်ပြုကာ ၎င်းအဖွဲ့အစည်းများနှင့် ထိတွေ့ဆက်ဆံခြင်း၊ မီဒီယာများပေါ်တွင် အားပေးထောက်ခံခြင်းများကို ပြုလုပ်လျက်ရှိကြောင်း တွေ့ရှိရသည်။ ထိုသို့ပြုလုပ်နေမှုများသည် အပြစ်မဲ့ပြည်သူများ၏ ဘဝလုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးတို့ကို ခြိမ်းခြောက်ဖျက်ဆီးလျက်ရှိပြီး နိုင်ငံတော်၏အနာဂတ်ဖြစ်သည့် ကလေးသူငယ်များ၏ ပညာသင်ကြားရေးကို ဆင်ခြင်တုံတရားကင်းမဲ့စွာ နှောင့်ယှက်ဖျက်ဆီးလျက်ရှိသော အကြမ်းဖက်သမားများကို အားပေးအားမြှောက်ပြုနေခြင်း ဖြစ်ပြီး ထိုသို့အားပေးအားမြှောက်ပြုနေခြင်းသည် မြန်မာနိုင်ငံ၏ ဒီမိုကရေစီလမ်းကြောင်းပေါ် ပြန်လည်ရောက်ရှိရန် ကြိုးပမ်းနေမှုများကို နှောင့်နှေးကြန့်ကြာစေမည်ဖြစ်ကြောင်း သတိပြုရန် လိုအပ်မည်ဖြစ်ပါသည်။

၆။ သို့ဖြစ်ပါ၍ KIA အဖွဲ့နှင့် NUG၊ CRPH နှင့် ၎င်းတို့၏လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်အဖွဲ့များသည် နိုင်ငံတော်၏အနာဂတ်ဖြစ်သော ကလေးသူငယ်များ၏ ပညာသင်ကြားရေးကို ဖျက်ဆီးပြီး ၎င်းတို့၏ လက်နက်ကိုင်တိုက်ခိုက်မှုအတွက် စာသင်ကျောင်းများကို စစ်စခန်းများသဖွယ် အကာအကွယ်ယူ အသုံးချတိုက်ခိုက်နေမှုများကို နိုင်ငံတကာက သိရှိနိုင်ရန် အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**သတင်းထုတ်ပြန်ရေးအဖွဲ့**




KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက အလယ်ကျွန်းရွာ အခြေခံပညာအထက်တန်းကျောင်းအား မီးရှို့ဖျက်ဆီးခဲ့မှု မှတ်တမ်းဓာတ်ပုံ။




PDF အမည်ခံအကြမ်းဖက်သမားများက လှိုင်ကော်မြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းအား မီးရှို့ဖျက်ဆီးခဲ့မှု မှတ်တမ်းဓာတ်ပုံ။



ကချင်ပြည်နယ် မိုးညှင်းမြို့နယ် ပန်လားကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းခွဲရှိ စာသင်ခန်းနံရံပေါ်၌ ခြိမ်းခြောက်စာရေးသားထားရှိမှု မှတ်တမ်းဓာတ်ပုံ။



တနင်္သာရီတိုင်းဒေသကြီး လောင်းလုံမြို့နယ်၌ ကျည်ဆန်တစ်တောင့်နှင့် LLPDF တံဆိပ်ပါ ခြိမ်းခြောက်စာတစ်စောင် ပေးပို့ခြိမ်းခြောက်မှု မှတ်တမ်းဓာတ်ပုံ။










KIA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများက အခြေခံပညာအထက်တန်းကျောင်း(မိုးတားလေး)တွင် စစ်စခန်းပြုလုပ်ထားမှုနှင့်ပတ်သက်၍ ရွာသားများ၏ ရင်ဖွင့်ပြောကြားနေမှု မှတ်တမ်းဓာတ်ပုံ။

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# နိုင်ငံအနှံ့ရေကြီးရေလျှံမှုများကို တောင်အာဖရိကအစိုးရက အမျိုးသားသဘာဝဘေးအဖြစ်ကြေညာ



**ပရီတိုးရီးယား ဖေဖော်ဝါရီ ၁၄**

နိုင်ငံအနှံ့အပြားတွင် ဖြစ်ပေါ်လျက်ရှိသော ရေကြီးရေလျှံမှုများကို ထိထိရောက်ရောက်တုံ့ပြန်ဆောင်ရွက်နိုင်ရန်အတွက် တောင်အာဖရိကအစိုးရက ဖေဖော်ဝါရီ ၁၃ ရက်တွင် အမျိုးသားသဘာဝဘေး အဖြစ်ကြေညာခဲ့ကြောင်း Africa Business သတင်းဌာနကရေးသားဖော်ပြထားသည်။

တောင်အာဖရိကအစိုးရသည် Mpumalanga၊ Estern Cape၊ Gauteng၊ KwaZulu-Natalနှင့် Limpopo စသည့် နိုင်ငံမြောက်ပိုင်းရှိပြည်နယ်များတွင် ဖြစ်ပွားလျက်ရှိသော ရေကြီးရေလျှံမှုများကို ထိထိရောက်ရောက်တုံ့ပြန်နိုင်ရန်အတွက် ၂၀၀၂ ခုနှစ်တွင် အတည်ပြုခဲ့သော သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှု အက်ဥပဒေအရ အဆိုပါရေကြီးရေလျှံမှုအခြေအနေကို နိုင်ငံတော်၏ သဘာဝဘေးအန္တရာယ် အခြေအနေအဖြစ်ကြေညာခဲ့ကြောင်း သိရသည်။

ပစိဖိတ်သမုဒ္ဒရာအတွင်း ရာသီဥတုဖြစ်စဉ်ကြောင့် ဖြစ်ပေါ်လာသော ယခုအခြေအနေသည် မိုးရွာသွန်းမှုကိုပိုမိုစေပြီး တောင်အာဖရိနိုင်ငံကို အဓိကသက်ရောက်မှုများဖြစ်ပေါ်လျက်ရှိကြောင်းနှင့် ဆက်လက်၍ မိုးသည်းထန်စွာရွာသွန်းနေဦးမည်ဖြစ်ကြောင်း မိုးလေဝသဌာနက ခန့်မှန်းထားပြီး စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သော တောင်သူများအတွက် သီးနှံနှင့် တိရစ္ဆာန်ဆုံးရှုံးခြင်းများ ဆက်လက်ဖြစ်ပေါ်နိုင်ကြောင်း သတိပေးထားသည်။

ယခုနှစ်အစောပိုင်းတွင် ပစိဖိတ်သမုဒ္ဒရာအတွင်း လာနီညာဖြစ်စဉ်တစ်ခု ဖြစ်ပေါ်လျက်ရှိခြင်းကြောင့် တောင်အာဖရိကနိုင်ငံအတွင်းပုံမှန်ထက်မိုးရွာသွန်းမှုများဖြစ်ပွားလျက်ရှိကြောင်း သိရသည်။

AZH

# ကယ်လီဖိုးနီးယားပြည်နယ်တွင် မိုးခေါင်မှုကြောင့် သစ်ပင် ၁၆ ဒသမ ၃ သန်းခန့် သေဆုံး

**ဝါရှင်တန် ဖေဖော်ဝါရီ ၁၄**

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ်တွင် မိုးခေါင်မှုကြောင့် ယခင်နှစ်က သစ်ပင် ၃၆ ဒသမ ၃ သန်းခန့် သေဆုံးခဲ့ကြောင်း အမေရိကန် သစ်တောဌာနက ဖေဖော်ဝါရီ ၁၃ ရက်တွင် အစီရင်ခံစာတစ်စောင်ထုတ်ပြန်ထားသည်ဟု Smart News သတင်းဌာနက ယနေ့ ရေးသားဖော်ပြထားသည်။

ကယ်လီဖိုးနီးယားပြည်နယ်တွင် ယခင်နှစ်က မိုးခေါင်ခြင်း၊ အပူချိန်မြင့်မားခြင်း၊ တောမီးလောင်ကျွမ်းခြင်း၊ ရောဂါဘယများနှင့် အင်းဆက်ပိုးမွှားများ ပြည့်ကျပ်နေသောသစ်တောများကြောင့် ခန့်မှန်းခြေ သစ်ပင် ၃၆ ဒသမ ၃ သန်းခန့် ပျက်စီးဆုံးရှုံးခဲ့ကြောင်း အမေရိကန်သစ်တောဌာနက အစီရင်ခံစာတွင် ဖော်ပြထားသည်။

ယခင်နှစ်က ပြည်နယ်ဧရိယာ၏ ၉၄ ရာခိုင်နှုန်းသည် ပြင်းထန်သောမိုးခေါင်မှုနှင့် တွေ့ကြုံခဲ့ရပြီး အခြောက်သွေ့ဆုံးနှင့် အပူဆုံးနှစ်အဖြစ် စံချိန်တင်ခဲ့ကြောင်း၊ ကယ်လီဖိုးနီးယားပြည်နယ်တွင် ယခုနှစ်ဆောင်းရာသီ၌ ပြင်းထန်သောမိုးသက်မုန်တိုင်းများ ဆက်တိုက်ကြုံတွေ့ခဲ့ရသော်လည်း အဆိုပါမုန်တိုင်းများသည် သစ်ပင်များအတွက် လုံလောက်သောမိုးရေချိန်ကို မပေးနိုင်ခဲ့ကြောင်း သစ်တောဌာန၏ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ယခုနှစ်တွင် ရာသီဥတုမှာ စွတ်စိုနေသော်လည်း သစ်ပင်များ ဆက်လက်သေဆုံးနိုင်ကြောင်းနှင့် အကြောင်းရင်းမှာ သစ်ပင်များ သိပ်သည်းစွာပေါက်နေခြင်းကြောင့်ဖြစ်ပြီး ရရှိသောရေအနည်းငယ်ကို သစ်ပင်အများအပြား မျှဝေသုံးစွဲနေရကာ လုံလောက်သောရေပမာဏကို မရရှိနိုင်ကြောင်း ကယ်လီဖိုးနီးယားတက္ကသိုလ်မှ ရာသီဥတုဗေဒပညာရှင် John Abatzoglou က ပြောကြားခဲ့သည်။

AZH

# ရာသီဥတုဖောက်ပြန်မှုထိန်းချုပ်ရေးရည်မှန်းချက်များ အကောင်အထည်ဖော်ရေး နှောင့်နှေးကြန့်ကြာမှုများရှိနေကြောင်း IPCC က သုံးသပ်

**ဘန်း ဖေဖော်ဝါရီ ၁၄**

ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့အစည်းက ဦးဆောင်၍ တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် ရာသီဥတုဖောက်ပြန်မှုထိန်းချုပ်ရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိရာ ရည်မှန်းချက်ကို အကောင်အထည်ဖော်နိုင်ရေးအတွက် နှောင့်နှေးကြန့်ကြာမှုများရှိနေကြောင်း ဆွစ်ဇာလန်နိုင်ငံအခြေစိုက် ရာသီဥတုပြောင်းလဲမှုဆိုင်ရာအစိုးရအဖွဲ့ (IPCC)က သုံးသပ်ချက် ထုတ်ပြန်ခဲ့သည်ဟု France 24 သတင်းဌာနက ဖေဖော်ဝါရီ ၁၃ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ရာသီဥတုဖောက်ပြန်မှု ထိန်းချုပ်ရေးရည်မှန်းချက်အရ ၂၀၃၀ ပြည့်နှစ်တွင် ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့ထုတ်လွှတ်မှု ၄၅ ရာခိုင်နှုန်းကျဆင်းရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်နေသော်လည်း ကမ္ဘာ့နိုင်ငံများတွင် ရည်မှန်းချက်ကို အကောင်အထည်ဖော်ရာ၌ လက်တွေ့လုပ်ဆောင်မှုထက် ဆွေးနွေးမှုများသာ ပိုမိုများနေကြောင်း IPCC က ဝေဖန်သုံးသပ်သွားခဲ့သည်။

"ပဲရစ်ညီလာခံသဘောတူညီချက်အရ ကမ္ဘာကြီးပူနွေးမှုကို လျှော့ချဖို့အတွက် ကမ္ဘာ့နိုင်ငံတွေဟာ သဘောတူညီချက်မှာ လက်မှတ်ရေးထိုးထားပါတယ်။ ဒါပေမဲ့ ကမ္ဘာ့နိုင်ငံတွေဟာ ပေးထားတဲ့ကတိအတိုင်း လိုက်ပါဆောင်ရွက်နိုင်မှုအားနည်းနေတယ်။ လက်တွေ့ဆောင်ရွက်မှုထက် စကားဝိုင်းတွေ၊ ဆွေးနွေးမှုတွေက ပိုများနေတယ်။ ၂၀၃၀ ပြည့်နှစ်မှာ ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့ ထုတ်လွှတ်မှု ၄၅ ရာခိုင်နှုန်းထိ ကျဆင်းဖို့ဆိုတာ ခက်ခဲတဲ့အခြေအနေ ဖြစ်သွားတယ်။ အချိန်သိပ်မရတော့တဲ့အတွက် ရည်မှန်းချက်ကိုအကောင်အထည်ဖော်ဖို့ ခက်ခဲသွားလိမ့်မယ်။ ကမ္ဘာကြီးပူနွေးမှုကို မလျှော့ချနိုင်ဘူးဆိုရင်တော့ ရာသီဥတုဖောက်ပြန်မှုထိန်းချုပ်ရေး စီမံချက်ဟာ အောင်မြင်ဖို့ ရာခိုင်နှုန်းနည်းနေပါတယ်"ဟု IPCC ၏ သိပ္ပံဆိုင်ရာအကြံပေးဖြစ်သူက ဝေဖန်သုံးသပ်သွားခဲ့သည်။



၂၀၁၅ ခုနှစ် ပဲရစ်ညီလာခံသဘောတူညီချက်အရ ကမ္ဘာကြီးပူနွေးမှုကို ၁ ဒသမ ၅ ဒီဂရီစင်တီဂရိတ်ထိ လျှော့ကျလာစေရေး ကမ္ဘာ့နိုင်ငံများကြား သဘောတူညီချက် လက်မှတ်ရေးထိုးထားသော်လည်း စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဖြင့် တိုက်ရိုက်ပတ်သက်ဆက်နွှယ်နေခြင်းကြောင့် ကမ္ဘာ့နိုင်ငံများအနေဖြင့် လိုက်ပါဆောင်ရွက်ရန် နှောင့်နှေးကြန့်ကြာမှုများရှိနေခြင်းဖြစ်ကြောင်း သိရသည်။

**နိုင်းဆက်**

# နယူးဇီလန်နိုင်ငံတွင် ဂါဘရီရယ်လ်လီ ဆိုင်ကလုန်းမုန်တိုင်း တိုက်ခတ်မှုကြောင့် လေကြောင်းခရီးစဉ်များ ယာယီရပ်ဆိုင်းထား

**ဝယ်လင်တန် ဖေဖော်ဝါရီ ၁၄**

နယူးဇီလန်နိုင်ငံတွင် ဖေဖော်ဝါရီ ၁၂ ရက်က ဂါဘရီရယ်လ်လီ ဆိုင်ကလုန်းမုန်တိုင်း တိုက်ခတ်မှုကြောင့် လေကြောင်းခရီးစဉ်တချို့ကို ယာယီရပ်ဆိုင်းထားရကြောင်း နယူးဇီလန်နိုင်ငံ အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု Stuff သတင်းဌာနက ဖေဖော်ဝါရီ ၁၃ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

မုန်တိုင်းကြောင့် နယူးဇီလန်နိုင်ငံမြောက်ကျွန်းနှင့် အော့ကလန်မြို့တို့တွင် လျှပ်စစ်မီးပြတ်တောက်မှုဖြင့် ရင်ဆိုင်နေရသည့် နေအိမ် ၅၈၀၀၀ ကျော်ထိရှိနေပြီး ကယ်ဆယ်ရေးဝန်ထမ်းများနှင့် ဒေသခံပြည်သူများပူးပေါင်းကာ နေအိမ်များတွင် ရေကြီးရေလျှံမှုမဖြစ်ပေါ်စေရေး သဲအိတ်များဖြင့် ရေစီးရာလမ်းကြောင်းများပိတ်ဆို့၍ ရေလွှဲများ ပြုလုပ်ပေးလျက်ရှိကြောင်း၊ နယူးဇီလန်မိုးလေဝသဦးစီးဌာန၏ ထုတ်ပြန်ချက်အရ ဖေဖော်ဝါရီ ၁၄ ရက်နောက်ပိုင်းတွင်လည်း မိုးသည်းထန်စွာ ဆက်လက်ရွာသွန်းလာဖွယ်ရှိနေသည့်အတွက် ရေကြီးရေလျှံမှုအခြေအနေမှာ ပိုမိုဆိုးရွားလာဖွယ်ရှိနေကြောင်း သိရသည်။

"ဂါဘရီရယ်လ်လီ ဆိုင်ကလုန်းမုန်တိုင်းရဲ့ရိုက်ခတ်မှုဟာ အစပျိုးတဲ့အဆင့်မှာပဲ ရှိနေပါသေးတယ်။ အခြေအနေပိုဆိုးလာနိုင်တဲ့အတွက် စာသင်ကျောင်းတချို့ကို ယာယီပိတ်ထားရပြီး လေကြောင်းခရီးစဉ်တွေကိုလဲ ယာယီရပ်ဆိုင်းထားပါတယ်။ လူနေအိမ်ခြေတွေဆီ ရေစီးမသွားဖို့အတွက် သဲအိတ်တွေကာရံပြီး ရေလွှဲပြုလုပ်ပေးနေပါတယ်။ ဘေးလွတ်ရာရွှေ့ပြောင်းဖို့ လိုအပ်လာရင်လဲ အဆင်သင့်ရွှေ့ပြောင်းနိုင်ဖို့အတွက် ယာယီရှက်ဖျင်တဲ ၂၆ လုံး ပြင်ဆင်ပေးထားပါတယ်"ဟု အော့ကလန်မြို့အရေးပေါ်စီမံခန့်ခွဲရေးအေဂျင်စီမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

ဂါဘရီရယ်လ်လီ ဆိုင်ကလုန်းမုန်တိုင်းသည် တစ်နာရီ မိုင် ၈၀ နှုန်းဖြင့် တိုက်ခတ်လျက်ရှိနေသလို မိုးရေချိန်မှာလည်း ၁၀ လက်မထိ မြင့်တက်နေကြောင်း၊ အော့ကလန်မြို့ဧရိယာတချို့တွင် ရေကြီးရေလျှံမှုစတင်ဖြစ်ပွားနေပြီး အော့ကလန်မြို့အရေးပေါ်စီမံခန့်ခွဲရေးအေဂျင်စီက ယာယီရှက်ဖျင်တဲ ၂၆ လုံး အသင့် ပြင်ဆင်ပေးထားကြောင်း ထုတ်ပြန်ခဲ့သည်။

**နိုင်းဆက်**

# အင်္ဂလန်နိုင်ငံ မြောက်ဘက်ပိုင်းနယ်မြေများ၌ ဆီးနှင်းများ ထူထပ်စွာကျဆင်းလာနိုင်

**လန်ဒန် ဖေဖော်ဝါရီ ၁၄**

အင်္ဂလန်နိုင်ငံမြောက်ဘက်ပိုင်းနယ်မြေများ၌ ဖေဖော်ဝါရီလကုန်ပိုင်းနှင့် မတ်လအစောပိုင်းတို့တွင် ဆီးနှင်းများ ထူထပ်စွာကျဆင်းလာနိုင်ပြီး ဆီးနှင်းကျဆင်းမှုမှာ ထု ၁၁ လက်မထိ မြင့်တက်လာနိုင်ကြောင်း ဗြိတိန်မိုးလေဝသစင်တာက သတိပေးချက် ထုတ်ပြန်ခဲ့သည်ဟု Daily Star သတင်းဌာနက ဖေဖော်ဝါရီ ၁၃ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

စကော့တလန်နိုင်ငံတွင်လည်း ဆီးနှင်းထူထပ်စွာကျဆင်းလာနိုင်ပြီး လမ်းမကြီးများထက်တွင် နှင်းထုထူထပ်စွာ ဖြစ်ပေါ်လာနိုင်သည့်အတွက် လမ်းပန်းဆက်သွယ်ရေး အခက်အခဲ ရှိလာနိုင်ကြောင်း၊ ဗြိတိန်မိုးလေဝသစင်တာ၏ ခန့်မှန်းတိုင်းတာချက်အရ ဆီးနှင်းများထူထပ်စွာကျဆင်းမှုသည် ဖေဖော်ဝါရီ ၂၂ ရက်တွင် စတင်လာနိုင်ပြီး ကာလရှည် ဆီးနှင်းထူထပ်စွာကျဆင်းမည့်အရေးဖြင့် ရင်ဆိုင်နေရကြောင်း ဗြိတိန်မိုးလေဝသစင်တာက ထုတ်ပြန်ခဲ့သည်။

"အင်္ဂလန်နိုင်ငံနဲ့စကော့တလန်နိုင်ငံတို့မှာ အပူချိန်လျော့ကျလာတယ်။ အအေးဓာတ်လွှမ်းကဲလာနိုင်တဲ့လက္ခဏာတွေဖြစ်ပေါ်နေပါတယ်။ ဖေဖော်ဝါရီ ၂၂ ရက်လောက်ကနေစတင်ပြီးတော့ ဆီးနှင်းထူထပ်စွာ ကျဆင်းလာနိုင်ပါတယ်။ ဖေဖော်ဝါရီ ၂၂ ရက်ကနေ မတ်လပထမပတ်ထိ ဆီးနှင်းထူထပ်စွာကျဆင်းလာနိုင်တယ်။ ဆီးနှင်းကျဆင်းမှုဟာလဲ ထု ၁၁ လက်မထိရှိနိုင်ပါတယ်။ ဆီးနှင်းဟာ အင်္ဂလန်နိုင်ငံမြောက်ဘက်ပိုင်းနယ်မြေတွေနဲ့ စကော့တလန်နိုင်ငံတို့မှာ ကျဆင်းလာနိုင်ပြီး ကာလရှည်ဆီးနှင်းကျဆင်းမှုတွေ ဖြစ်ပေါ်လာနိုင်ပါတယ်"ဟု ဗြိတိန်မိုးလေဝသစင်တာမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

အင်္ဂလန်နိုင်ငံနှင့် စကော့တလန်နိုင်ငံတို့တွင် လက်ရှိအပူချိန်ကျဆင်းမှုများ စတင်ဖြစ်ပေါ်လာပြီဖြစ်သည့်အတွက် အအေးဓာတ်လွှမ်းကဲလာမည့်လက္ခဏာများ ဖြစ်ပေါ်လျက်ရှိကြောင်း သိရသည်။

**နိုင်းဆက်**

သစ်ပင်စိုက်ပါ တို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

0w Kv M @

# အိမ်ဦးနတ်ကို မြတ်နိုးသူ

မန္တလာမြေ




(၁)

"ကိုစီရေ အမျှ အမျှ အမျှ ကျေးဇူးရှင်ကြီးရေ သွားပေဒုံးတော့။ တော်က ကျုပ်ကိုမုန်းလို့ တစ်ယောက်တည်း ထားပစ်ခဲ့တာမဟုတ်လား ပြောပါဒုံး။ တော်ရှိတုန်းက ကျုပ် ဘာများတာဝန်မကျေတာရှိလဲ။ အခုလဲ တော်ကြိုက်တတ်တဲ့အရက်တစ်ပုလင်းနဲ့ နဂါးဆေးလိပ်တစ်စည်းထည့်ပေးလိုက်တယ်။ တော် ဝအောင်သောက်နော် အီး ဟီး ဟီး"

ဒါက ဖိုးစီရဲ့မိန်းမ မကြည်ရဲ့ မန္တလေးမြောက်ပြင် ရောဝတီမြစ်ကမ်းနံဘေးက တံတားကျိုးသုသာန်အတွင်းက ငိုရှိုက်သံ။ ကျုပ်ကော ဖိုးစီနာရေးလိုက်ပို့တဲ့သူတွေကော သရဏဂုံတင်ပေးတဲ့ဘုန်းကြီးများပါ မိကြည်ကိုကြည့်ပြီး စိတ်မကောင်းဖြစ်ကြရတယ်။ သရဏဂုံတင်ပေးတဲ့ ပေပင်ကျောင်းဘုန်းကြီးကတောင်-

"ဟဲ့ မိကြည် နင့်စိတ်ကိုနင်ထိန်းဒုံးမှပေါ့။ နင် ဒီလောက်ငိုနေရင် ဟိုကောင်ဖိုးစီ ဘယ်အသေဖြောင့်မှာတုံး။ နင်တို့၊ ငါတို့ဝေတဲ့အမျှ သူမရလို့ ဘဝကူးမကောင်းဘဲနေဒုံးမယ်။ နင် အငိုရပ်တော့ ငါဆက်ပြီး ရေစက်ချရဒုံးမယ်"လို့ တားရသည်ထိပင်။ ဖိုးစီအလောင်းမြေမြှုပ်သင်္ဂြိုဟ်ပြီးတာတောင် ဖိုးစီမြေပုံနားက မခွာလို့ မိကြည်ကို အရပ်ထဲကမိန်းမကြီးတွေ မနည်းဆွဲခေါ်ခဲ့ကြရတယ်။ ကျုပ်လဲ ဘယ်စိတ်ကောင်းမှာတုံး။ ဖိုးစီက ကျုပ်ငယ်သူငယ်ချင်း ကျုပ်နဲ့ သက်တူရွယ်တူ နာရေးမှာကမ်းတဲ့ယပ်တောင်လေးကို ဖတ်ကြည့်တော့ "ကိုဖိုးစီ အသက် ၅၁ နှစ်ကောင်းမှု" တဲ့။ ယပ်တောင်ရဲ့အခြားတစ်ဖက်မှာတော့ တိပိဋကဓရ မင်းကွန်းဆရာတော်ကြီး ဦးဝိစိတ္တသာရာဘိဝံသရဲ့ "ရုပ်နာမ်မွေ၊ သင်္ခါရတို့၊ ကိုယ်ကဤပုံ၊ ဖြစ်လိုတုံလည်း၊ တစ်ဖုံဆင်ကွဲ၊ သူတစ်နည်းဖြင့်၊ ဖောက်လွဲတတ်စွာ၊ ဓမ္မတာကို၊ ပညာစက္ခု၊ မြော်ထောက်ရှု၍" အစရှိတဲ့ "အပ္ပမာဒသံဝေဂလင်္ကာလေး"ကိုဖတ်ပြီး ကျုပ် တရားတော်တော်ကျခဲ့ပါတယ်။

(၂)

တကယ်တော့ ဖိုးစီနဲ့ကျုပ်က တစ်ရပ်ကွက်တည်းသားချင်း၊ အိမ်ချင်းကလဲကပ်လျက်၊ ကျုပ်တို့က မန္တလေးမြောက်ပြင် ၁၉ လမ်း ပုလဲဝင်းမှာနေတာ။ ကျုပ်တို့ရပ်ကွက်က ပုလင်းခွံ၊ ဘူးခွံ၊ ဝုန်နီအိတ်ခွံ၊ သတင်းစာ၊ ဗလာစာအုပ်၊ ကျောင်းသုံးစာအုပ်အဟောင်းတွေ ဝယ်တဲ့၊ ရောင်းတဲ့နေရာ။

ကျုပ်သူငယ်ချင်းဖိုးစီအကြောင်း နည်းနည်းပြောဒုံးမယ်။ ဒီကောင်က အရက်သာသောက်တတ်တာ ဘယ်တော့မှ မူးပြီးမဆူဘူး။ ဘယ်သူ့ကိုမှလဲ ရန်မလုပ်ဘူး၊ သဘောကောင်းတယ်၊ ငယ်ငယ်လေးကတည်းက အဖေမရှိတော့ အမေတစ်ခု၊ သားတစ်ခု၊ အမေကို ရိုရိုသေသေလုပ်ကျွေးတယ်။ ကျုပ်တို့နေတဲ့ ရပ်ကွက်က ဧရာဝတီမြစ်နဲ့နီးတော့ ဂေါဝိန်ဆိပ်၊ ကျွဲစွန်းဆိပ်တို့မှာ ကျုပ်တို့ငယ်ငယ်ကတည်းက ဒီကောင်နဲ့ ရေကူးပြိုင်နေကျ၊ စီဘီသမ္ဗန်ကြီးပေါ်ကနေ မြစ်ထဲ ဒိုင်ဗင်အတူထိုးနေကျ။ ပေပင်ဘုန်းကြီးကျောင်းမှာ ကျောင်းတက်တော့လဲအတူတူ၊ ကျောင်းပြေးတော့လဲအတူတူပေါ့။ ဒါကြောင့်လဲ ကျုပ်တို့နှစ်ယောက်စလုံး လေးတန်းတောင်မအောင်တာပေါ့။

"ပညာမရှိ သူ၏ဝန်ထမ်း"စကားအတိုင်း ဖိုးစီကော ကျုပ်ပါ ပညာမတတ်တော့ ဂေါဝိန်ဆိပ်ကမ်းမှာ ကုန်ထမ်းခဲ့ကြရတော့တာပေါ့။ ပြောရမယ်ဆိုရင် ကူလီအလုပ်ပေါ့။ ရွှေကူ၊ ကသာ၊ ဗန်းမော်ကိုသွားတဲ့ သင်္ဘောကြီးတွေပေါ်က ကုန်တွေကို တင်ရ၊ ချရတဲ့ အလုပ်ပေါ့။ ကုန်တွေကို ကိုယ်ထမ်းနိုင်ရင် ထမ်းနိုင်သလောက် ဝင်ငွေရတော့ တစ်နေ့ဝင်ငွေမဆိုးဘူးပေါ့။ "အဖော်ကောင်းတော့ ကျောက်ပန်းတောင်းတစ်ခေါက်" ဆိုသလို ဝင်ငွေလဲကောင်း၊ အဖော်လဲကောင်းတော့ ကျုပ်တို့နှစ်ယောက် ညနေတိုင်းလို ကျွဲစွန်းဆိပ်နားက အရက်ဆိုင်ကို သွားဖြစ်ကြတာပေါ့။ တစ်ရက် မိုးချုပ်ကျုပ် အိမ်ပြန်ရောက်တော့ ကျုပ်အဖေက-

"ဟေ့ကောင်ရွှေမန်း အဖေ မင်းကိုကြည့်နေတာ ကြာပြီ။ ငါမပြောချင်လို့နေနေတာ ဘာလဲ မင်းက ဟိုကောင်ဖိုးစီနဲ့ပေါင်းပြီး နေ့တိုင်း အရက်တွေ သောက်နေတာပေါ့။ ငါ မင်းကို လွှတ်ထားလို့ မဖြစ်တော့ဘူး။ မနက်ဖြန်ကစပြီး မင်းသင်္ဘောဆိပ်ဆင်းပြီး အလုပ်မလုပ်နဲ့တော့။ ငါနဲ့ မီးခြစ်စက်ရုံလိုက်ပြီး အလုပ်လုပ်ရမယ်။ ငါတို့စက်ရုံ မန်နေဂျာကို ငါပြောခဲ့ပြီးပြီ"ဆိုကတည်းက ၂၂ လမ်းက အစိုးရမီးခြစ်စက်ရုံမှာ နေ့စားကနေ အလုပ်စဝင်ခဲ့တာ အခု ပင်စင်ရတဲ့အထိပါပဲ။ အဖေ့ကျေးဇူးကြောင့် ကျုပ် အရက်သမားမဖြစ်ခဲ့ပေမဲ့ အကပ်မရှိတဲ့ဖိုးစီအဖို့တော့ ကူလီဆက်လုပ်ရတာပေါ့။ ကုန်တွေထမ်းရတော့ ကိုယ်လက်တွေနာတော့လဲ စိတ်ဖြေတဲ့သဘောနဲ့ အရက်သောက်ဖြစ်တာလဲ တစ်ပိုင်းပါတာပေါ့လေ။ ကျုပ်လေရှည်နေတာနဲ့ မိကြည်အကြောင်းပြောဖို့ ကျန်သေးတယ်။ မိကြည်ကလဲ ကျုပ်တို့နဲ့ တစ်ရပ်ကွက်တည်း ပုလဲဝင်းသူပါပဲ။ ကျုပ်တို့နဲ့ ကျောင်းနေဖက်ပါပဲ။ သူ့ဘဝကတော့ ဖိုးစီနဲ့ပြောင်းပြန် သူ့မိဘနှစ်ယောက်စလုံး မင်းကွန်းဘက် ဈေးရောင်းသွားရင်း လှေမှောက်ဆုံးသွားကြလို့ ငယ်ငယ်ကတည်းက သူ့အဘွားနဲ့အတူနေရတာ။ သူ့အဘွား ဒေါ်တင်ပုက ညောင်ပင်ဈေးမှာဈေးထွက်တော့ ကျောင်းအားတဲ့နေ့ဆို သူလဲ ဈေးလိုက်ရောင်းရတာပေါ့။ ကုန်ခြောက်ဆိုင်လေးပေါ့။ အဲဒီကနေ ကျုပ်တို့လိုပဲ လူပျို၊ အပျိုအရွယ်တွေ ရောက်လာကြတယ်ဆိုပါစို့။

(၃)

တစ်နေ့ ဖိုးစီအမေ ဒေါ်ငွေး ညောင်ပင်ဈေး ဈေးဝယ်သွားရင်း မိကြည်တို့ဆိုင်ရောက်တော့ မိကြည်က-

"အမေ ဘာယူမှာတုံး။ ကျွန်မသူငယ်ချင်းဖိုးစီကော နေကောင်းလား။ ကျွန်မတို့အိမ်ဘက်တောင်လာလည်ဖော်မရဘူး"လို့ ရွှန်းရွှန်းဝေအောင်ပြောတဲ့အခါ ဒေါ်ငွေးက-

"အေးပါ ငါ့သမီးရယ် ညည်းအပြစ်တင်မယ်ဆိုရင်လဲ တင်ချင်စရာပေါ့။ ငါ့သားဖိုးစီက သင်္ဘောတွေအဝင်၊ အထွက်များလို့ဆိုလားပဲ တစ်ရက်မှအလုပ်မနားဘူး အလုပ်သွားရှာတယ်။ ညနေ သူပြန်လာရင် အမေပြောပြလိုက်ပါမယ်။ အမေ့အတွက်တော့ ကြက်သွန်ဖြူ၊ ကြက်သွန်နီအစိတ်သားစီနဲ့ အာဂျီနိုမိုတိုအထုပ်သေးတစ်ထုပ်ပေးပါ"

"ဟုတ်ကဲ့ပါအမေ ဒါက အမေမှာတဲ့ပစ္စည်းတွေ သေချာလဲ ကားလမ်းကူးဒုံးနော်။ အမေ့ကို ဈေးလဲလျှော့ပေးလိုက်တယ်။ ဖိုးစီကိုလဲ ကျွန်မပြောတာတွေ ပြောပေးဒုံးနော်"

ဒေါ်ငွေးတစ်ယောက် ဈေးကပြန်ရောက်ကတည်းက မကြည်လေးရဲ့အမေ အမေဆိုတဲ့ ခေါ်သံလွင်လွင်လေးကို နားထဲကမထွက်နိုင်သလို သွက်လက်ဖြူးချိုတဲ့ အမူအရာလေးကိုလဲ မျက်စိထဲကမထွက်တော့။ ဒါနဲ့ ညနေ ဖိုးစီအလုပ်ကပြန်ရောက်ရောက်ချင်းဆိုသလို-

"ငါ့သား မင်းလဲ အသက် ၂၀ ပြည့်ပြီးပြီ။ အမေလဲ အသက်ကြီးလှပြီ။ အမေလဲနားချင်ပြီ။ ပြီးတော့ အမေ မြေးချီချင်လှပြီ။ ဒါကြောင့် မင်းအိမ်ထောင်ပြုတော့ တို့အရပ်ထဲက ဒေါ်တင်ပုမြေး မင်းသူငယ်ချင်း မကြည်လေး မဆိုးဘူးထင်တယ်။ ရုပ်ကလေးကလဲ သန့်တယ်။ အမေဈေးသွားတိုင်း အကဲခတ်ကြည့်တော့ ဈေးရောင်းဈေးဝယ်လဲတတ်တယ်။ မတင်ပုလက်လွှဲရတယ်။ ဒီနေ့ အမေဈေးသွားတော့ မင်းကိုတောင်မေးလိုက်သေးတယ်။ သူ့အိမ်လာမလည်လို့ ရန်တောင်ထောင်လိုက်သေးတယ်။ အဲဒါ မင်း ဘယ်လိုသဘောရလဲ"

"ဟာဗျာ အမေကလဲ ဆိုင်းမဆင့်၊ ဗုံမဆင့်"

"မဗျာနဲ့ ငါ တစ်နေ့ကပဲ မတင်ပုကို တီးခေါက်ကြည့်တော့ မတင်ပုကလဲ အကြောင်းသိဓာတ်သိချင်းဘာမှငြင်းစရာမရှိပါဘူး။ လူငယ်ချင်းအဆင်ပြေရင်ပြီးတာပါပဲလို့ပြောတယ်"

"ဟုတ်ကဲ့ပါအမေ ကျုပ်စဉ်းစားကြည့်ပါဒုံးမယ်"

တကယ်တော့ ဒီကောင် သူ့အမေရှေ့မို့ မူလကျို လုပ်နေတာ မိကြည်ကို သူကြိုက်နေတာ ငယ်ကတည်းက ကျုပ်ရိပ်မိတယ်။

(၄)

ဒီလိုနဲ့ ဖိုးစီနဲ့ မိကြည်တို့ နှစ်ဖက်လူကြီးစုံရာနဲ့ ပေပင်ဘုန်းကြီးကျောင်းမှာပဲ မင်္ဂလာဆွမ်းကပ်ပြီး အကြင်လင်မယားဖြစ်ခဲ့ကြတယ်။ သူတို့ယူပြီး သျှောင်နောက်ဆံထုံးပါဆိုသလို မကြည်က ဖိုးစီတို့အိမ်လိုက်နေရှာတယ်။ ဖိုးစီအမေ လူကဲခတ်မှန်တယ်လို့ ပြောရပါမယ်။ ဖိုးစီနဲ့ အိမ်ထောင်ကျပြီးကတည်းက ဖိုးစီအမေကို ယောက္ခမလိုသဘောမထားဘဲ အမေအရင်းလို ပြုစုရှာတယ်။ သူရောက်လာကတည်းက ဖိုးစီအမေဒေါ်ငွေး အိမ်မှုကိစ္စဘာမှမလုပ်ရတော့။ ဥပုသ်နေ့တိုင်း အရပ်ထဲကအဒေါ်ကြီးတွေနဲ့ ဘုန်းကြီးကျောင်းသွား တစ်ခါတစ်ရံ ကျုံးမြောက်ဘက် ၁၂ လမ်းက နဂါးရိပ်သာတောင်သွားနိုင်တယ်။ ဒါပေမဲ့ ဖိုးစီနဲ့ မကြည်တို့က သားသမီးကံမပါတော့ မြေးတော့မချီရဘူးပေါ့။ မိကြည်က ယောက္ခမအပေါ် သာမက လင်သားဖြစ်တဲ့ ဖိုးစီအပေါ်မှာလဲ အတော်ဂရုစိုက်ရှာတယ်။ ငယ်သူငယ်ချင်းမို့လားမသိ အတော်လဲသံယောဇဉ်ကြီးရှာတယ်။ ဖိုးစီအပေါ် တစ်ကောင်ကြွက်တစ်မျက်နှာအမှတ်နဲ့ အတော်လဲချစ်ရှာတယ်။ အပြောချိုပုံလေးကလဲကြည့်ဒုံး။

"ကိုစီ တော့်ကိုယုံပြီး ကျုပ်ယူတာနော်။ တော်အရင်လိုလူပျိုမဟုတ်တော့ဘူး။ အိမ်ထောင်သည်ဖြစ်သွားပြီဆိုတာမမေ့နဲ့နော်။ တော်က ကျုပ်ရဲ့အိမ်ဦးနတ်ပဲ။ ကျုပ်ဘဝမှာ တော်မရှိလို့မဖြစ်ဘူး။ တော့်ကိုအားကိုးပြီး ဒီအိမ်လိုက်လာတာ ညနေအလုပ်ဆင်းရင် အိမ်စောစောပြန်ခဲ့နော်"

လင်သားအပေါ်ထားရှိတဲ့မိကြည်ရဲ့ ခံယူချက်သဘောထား တကယ်မွန်မြတ်လှပေစွ၊ ဖိုးစီ မိန်းမရကံကောင်းလေစွ။ ဒီလိုနဲ့ ဖိုးစီတို့အိမ်ကလေး အရင်ကထက် ပိုသာယာလှပါတယ်။ ဖိုးစီကလဲ အလုပ်ကြိုးစားလုပ်၊ အရက်လဲသိပ်မသောက်တော့ မိကြည်ကလဲ "စီးတဲ့ရေဆည်တဲ့ကန်သင်း" စကားအတိုင်း အိမ်ထောင်ရှင်မပီသတော့ စုမိ၊ ဆောင်းမိတာပေါ့။ ဒါပေမဲ့ အဆိုတော်မေလှမြိုင်ရဲ့ "လာသော အလာဘော၊ ယသော အယသော၊ နိန္ဒာ၊ ပသံသာ သုခ ဒုက္ခ လောကဓံတရားနဲ့ရယ်"ဆိုသလိုပဲ ဖိုးစီတို့အိမ်ထောင်ကျပြီး လေး၊ ငါး၊ ခြောက်နှစ်နေတော့ ဖိုးစီအမေ လူကြီးရောဂါနဲ့ ဆုံးရှာတယ်။ ဖိုးစီလဲ အမေ့စိတ်နဲ့ အရက်ပြန်သောက်တယ်ပေါ့။ မိကြည်က တားပေမဲ့ သူ့ဝသီအတိုင်း ပြန်မပြောနားမထောင်ပေါ့။ ကံဆိုးမသွားလေရာ မိုးလိုက်လို့ရွာဆိုစကားမှန်လေသလားမသိ။ ဖိုးစီအမေဆုံးပြီး ၁၀ နှစ်လောက်ကြာတော့ ဖိုးစီတစ်ယောက် ပင်ပင်ပန်းပန်းကုန်တွေထမ်းခဲ့ရတာကော အရက်သောက်ထားတဲ့အရှိန်ကြောင့်ပါ လေဖြတ်ပြီး အိပ်ရာထဲလဲပါလေရော။ မိကြည် အပြုအစုကောင်းပြီး အင်္ဂလိပ်ဆေး၊ ဗမာဆေးအရိုးအကြောဆရာတွေနဲ့ အသေအချာကုသပေးလို့ စကားပြောနိုင်၊ လမ်းအနည်းငယ်တော့ လျှောက်နိုင်ပါရဲ့။ အလုပ်ကတော့ လုံးဝမလုပ်နိုင်တော့။ ဖိုးစီအလုပ်မလုပ်နိုင်တာကို မကျေမနပ်မဖြစ်ဘဲ မိကြည်က-

"ကိုစီ တော် ဘာမှအားမငယ်နဲ့။ တော့်ကို ကျုပ်လုပ်ကျွေးမယ်။ ကျုပ် ဈေးရောင်းနိုင်သေးတယ်။ တော်လုပ်ကျွေးလာတာလဲကြာလှပြီ။ ဒီတစ်ခါ ကျုပ်

စာမျက်နှာ ၂၅သို့ ➤

# ဟိုင်းကြီးကျွန်းမြို့ရှိ သမိုင်းဝင်ဆံတော်ရှင်မြတ်မော်တင်စွန်းစေတီတော်သို့ တစ်ရက်လျှင် ဘုရားဖူးဦးရေ ၁၀၀၀ ကျော် လာရောက်ဖူးမြော်



**ငပုတော ဖေဖော်ဝါရီ ၁၄**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့ တင်းချောင်းကျေးရွာ ပင်လယ်ကမ်းစပ်တွင်တည်ရှိသည့် သမိုင်းဝင်ဆံတော်ရှင်မြတ်မော်တင်စွန်းစေတီတော်သို့ ဖေဖော်ဝါရီလအတွင်း တစ်ရက်လျှင် ဘုရားဖူးဦးရေ ၁၀၀၀ ကျော် လာရောက်ဖူးမြော်နေကြောင်း ငပုတောမြို့နယ် ခရီးသွားလုပ်ငန်းအသင်းမှ တာဝန်ခံ ဒေါ်နီနီမာက ပြောပြ၍ သိရသည်။

ဟိုင်းကြီးကျွန်းမြို့ တင်းချောင်းကျေးရွာ ပင်လယ်ကမ်းစပ်တွင် တည်ရှိသည့် သမိုင်းဝင်မြတ်မော်တင်စွန်းစေတီတော်သို့ ပြီးခဲ့သည့် ဒီဇင်ဘာလနှင့် ဇန်နဝါရီလတို့က တစ်ရက်လျှင် ဘုရားဖူးဦးရေပျမ်းမျှ ၄၀၀ မှ ၆၀၀ ထိ လာရောက်ဖူးမြော်ခဲ့ပြီး ဖေဖော်ဝါရီလအတွင်း တစ်ရက်လျှင် ဘုရားဖူးဦးရေ ၁၀၀၀ မှ ၁၄၀၀ ထိ လာရောက်ဖူးမြော်လျက်ရှိကြောင်း သိရသည်။

"သမိုင်းဝင်ဆံတော်ရှင်မြတ်မော်တင်စွန်းဘုရားပွဲတော်ကို ၁၃၈၄ ခုနှစ်တပေါင်းလဆန်း ၁ ရက်ကနေ တပေါင်းလပြည့်နေ့ထိ (ဖေဖော်ဝါရီ ၁၉ ရက်မှ မတ် ၅ ရက်ထိ)ကျင်းပပြုလုပ်သွားမှာဖြစ်တယ်။ လက်ရှိ ဘုရားပွဲတော် အကြိုကာလမှာပင် ဘုရားဖူးလာရောက်မှု များပြားနေပါတယ်။ မြတ်မော်တင်စွန်းစေတီက ပင်လယ်ကမ်းစပ်မှာ တည်ရှိတာကြောင့် အပန်းဖြေလာရင်း ဘုရားဖူးသူတွေကများနေတာပါ"ဟု ငပုတောမြို့နယ် ခရီးသွားလုပ်ငန်းအသင်းမှတာဝန်ခံ ဒေါ်နီနီမာက ပြောပြသည်။

သမိုင်းဝင်ဆံတော်ရှင်မြတ်မော်တင်စွန်းစေတီတော်သို့ လာရောက်သည့်ဘုရားဖူးများသည် ရွှေတောင်ဘုရား၊ ငွေတောင်ဘုရား၊ ဖောင်တော်ဆိပ်စေတီ၊ နတ်တောင်နှင့် သိကြားတောင် စသည့်စေတီတော်များကိုလည်း လှည့်ပတ်ဖူးမြော်နေကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ကြံခင်းမြို့နယ် ကိုးအင်းကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နေမှု စစ်ဆေး

**ကြံခင်း ဖေဖော်ဝါရီ ၁၄**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်ခရိုင် ကြံခင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကိုးအင်းကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နေမှုအခြေအနေများကို ယနေ့ နံနက် ၉ နာရီက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြန်အောင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမောင်တင်အောင်၊ မြန်အောင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးဦးတင်ထွန်းအောင်၊ ကြံခင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးယဉ်မင်းဦးနှင့် မြို့နယ်လုပ်ငန်းအရည်အသွေး စစ်ဆေးရေးအဖွဲ့တို့က ကိုးအင်းကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေး ဆွေးနွေးမှာကြားသည်။

ကိုးအင်းကျေးရွာ၌ ကုန်ထုတ်လမ်းအရှည်ပေ တစ်မိုင်လေးဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် တစ်ပေရှိ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းလုပ်ငန်းကို ပြည်ထောင်စုငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေကျပ် ၂၂၃ ဒသမ ၁ သန်းဖြင့် တင်ဒါအောင်မြင်သည့် Royal Golden Power ကုမ္ပဏီက ၂၀၂၂ ခုနှစ် ဇွန်လစတုတ္ထပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ၇၅ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**သံသာ**

➤ စာမျက်နှာ ၂၄ မှအဆက်

အလှည့်ပေါ့။ တော်သာ နေကောင်းအောင်နေနော်"တဲ့။ အဲဒီလိုပြောပြီး နောက်နေ့ကစပြီး မိကြည်ဈေးပြန်ရောင်းပါတော့တယ်။ အရင်လို ညောင်ပင်ဈေးမှာ ကုန်ခြောက်ဆိုင်မဖွင့်နိုင်တော့ ရပ်ကွက်ထဲက မိန်းမတွေလိုပဲ ရပ်ကွက်တကာ ပုလင်းခွံ၊ ဘူးခွံ၊ သတင်းစာဟောင်း၊ ကျောင်းသုံးစာအုပ်ဟောင်းတွေကို လိုက်လံဝယ်ယူပြီး ရပ်ကွက်ထဲက ပစ္စည်းဟောင်းဝယ်တဲ့ဆိုင်တွေကို ပြန်ရောင်းပြီး နေ့စဉ်ဝင်ငွေကို ပင်ပင်ပန်းပန်းရှာရပါတယ်။

(၇)

မိကြည်ရဲ့နိစ္စဓူဝအလုပ်ကို ကျုပ်သတိထားမိတယ်။ မနက်မိုးလင်းတာနဲ့ ဖိုးစိကို အိမ်ထဲကအိမ်ပြင်ကိုတွဲခေါ်လာပြီး အိမ်ရှေ့ခေါင်းရင်း အဖီလေးအောက်မှာရှိတဲ့ ပက်လက်ကုလားထိုင်ပေါ် ထိုင်ခိုင်း မျက်နှာသစ်ပေးပြီး မနက်စာကျွေး၊ မနက်သောက်ရမဲ့ဆေးတိုက်ပါတယ်။ ပြီးတော့ စားပွဲပေါ်ရှိ ထမင်းဟင်း၊ ရေပုလင်း၊ ဆေးလိပ်၊ မီးခြစ်အစရှိတဲ့အဆင်သင့်ပြင်ထားသောစားဖွယ်သောက်ဖွယ်တွေကိုညွှန်ပြကာ-

"ကိုစိ ကျုပ်ဈေးရောင်းသွားအုံးမယ်နော်။ ကိုစိစားဖို့ ဒီမှာစားစရာတွေ အကုန်တင်ထားတယ်။ တော် ဝအောင်စား ကျုပ်အတွက် ချန်မထားနဲ့။ ညနေ တော်သောက်ဖို့ အရက်ကိုတော့ ကျုပ်ဈေးရောင်းရင်း ဝယ်ခဲ့မယ်"

ဒါက မိကြည်ရဲ့ လူမမာဖိုးစိအပေါ် မငြိုမငြင်ပြုနေကျ နေ့စဉ်ဝတ္တရား။ ကျုပ်က မနေနိုင်လို့-

"မိကြည်ရယ် နင့်မှာဝဋ်ကြီးလိုက်တာ။ ငမူးကောင်ဖိုးစိကိုပစ်ထားလိုက်စမ်းပါ။ ဒီကောင့်ကို ဒီလောက်အလိုမလိုက်စမ်းပါနဲ့။ နင်အလိုလိုက်လို့ ဒီကောင်ဆိုးနေတာ"ဆိုတော့ မိကြည်က ကျုပ်ကိုဘာပြန်ပြောလဲသိလား။

"တော် ဒီလိုမပြောပါနဲ့။ ကိုစိလဲ တော့်သူငယ်ချင်းပဲ။ တော်က ယောကျ်ားလေးဆိုတော့ ကျုပ်တို့မိန်းမသားတွေရဲ့ခံစားချက်ကို နားလည်ချင်မှ နားလည်မယ်။ တကယ်တော့ ကျုပ်တို့မိန်းမသားတွေဆိုတာ တံခွန်မရှိတဲ့ဘုရားနဲ့ အလံမရှိတဲ့ရထားတို့ဟာ မတင့်တယ်သလို လင်သားမရှိတဲ့ မိန်းမတွေဟာလဲ မတင့်တယ်ဘူးလို့ ကျုပ်အဘွားပြောလို့ တော့်သူငယ်ချင်းကို ကျုပ်ယူဖြစ်တာပေါ့။ ကျုပ်ကချစ်တာလဲပါတာပေါ့တော်။ တော်သိတဲ့အတိုင်း တော့်သူငယ်ချင်းက သူ့ဟာသူသောက်တတ်တာကလွဲလို့ တစ်ခါမှ ကျုပ်ကိုမဆဲဖူးဘူး၊ မရိုက်ဖူးဘူး။ သူကျန်းမာရေးကောင်းတုံးကဆို ကျုပ်ကို သားမှတ်မှတ်၊ မယားမှတ်မှတ် ပင်ပင်ပန်းပန်းလုပ်ကျွေးရှာတယ်။ ဒါကြောင့် ကုန်ကုန်ပြောမယ်တော် သူ့ဟာသူ အရက်သမားမကလို့ ကျိုးကျိုးကန်းကန်း၊ နူနူဝဲဝဲ ကျုပ်ကတော့ ချစ်နေမှာပဲ။ ကျုပ်ဈေးရောင်းပြန်လာလို့ ပက်လက်ကုလားထိုင်လေးပေါ်မှာထိုင်ပြီး ကျုပ်ပြန်လာတာကို မျှော်နေတဲ့ သူ့မျက်နှာလေးမြင်လိုက်ရရင်ပဲ ကျုပ်ကကျေနပ်နေတာ။ ပြီးတော့ ကိုစိသက်ရှိထင်ရှားရှိနေသရွေ့ မိကြည်ကို ဘယ်သူမှ စော်ကားရဲမှာမဟုတ်ဘူးလို့ ကျုပ်ယုံတယ်။ ဒါကြောင့် ဘယ်သူတားတား ကိုစိအပေါ် ကျုပ်က ဝတ္တရားမပျက်တာပေါ့"တဲ့။ ကဲ. . . ကျုပ်ဘာများတတ်နိုင်အုံးမှာလဲ။ အာဂတော်လေးဝမိန်းမသားပါပဲလား။

(၈)

ဖူးစာကံကုန်တော့လဲ မိကြည်ဘယ်လောက်ပဲပြုစုစေကာမူ ဖိုးစိတစ်ယောက် အသည်းပါခြောက်ပြီး ဖိုးစိအသက် ၅၁ နှစ်မှာပဲ ဆုံးရှာပါတယ်။ မိကြည်မမျှော်လင့်တဲ့မုဆိုးမ၊ မိကြည်ကြောက်တဲ့မုဆိုးမဖြစ်ရရှာပါတော့တယ်။ လင်သားအပေါ်သစ္စာရှိတဲ့မိန်းမသားပီပီ တစ်ပင်လဲမှုတစ်ပင်ထူလဲ မလုပ်ရှာဘူး။ ဖိုးစိနဲ့အတူနေခဲ့တဲ့အိမ်လေးမှာပဲ ဆက်လက်နေထိုင်ပြီး ဖိုးစိပြန်လာလိမ့်နိုးနဲ့ ဖိုးစိထိုင်နေကျ ပက်လက်ကုလားထိုင်လေးပေါ်မှာ နာရေးတုန်းက ပုံကြီးချဲ့ထားတဲ့ ဖိုးစိဓာတ်ပုံလေးကိုကြည့်ကာ နေ့စဉ်ငိုနေလို့ အိမ်နီးနားချင်းတွေက အားပေးဖျောင်းဖျကြရပါတယ်။ တစ်လကိုးသီတင်းထိငိုနေလို့ အဒေါ်ကြီးတစ်ယောက်က-

"မိကြည်ရယ် နင် ဒီလောက်ငိုမနေပါနဲ့တော့။ ညည်းယောကျ်ားဖိုးစိလဲ ပြန်လာတော့မှာမှမဟုတ်တာ။ နင် အားရအောင်ပြုစုပြီးပြီပဲ။ တရားနဲ့ဖြေမှပေါ့။ မနက်ဖြန်ဥပုသ်နေ့ကစပြီး တို့နဲ့ နဂါးရိပ်သာလိုက်ခဲ့။ ဆရာတော်က တရားပြသိပ်ကောင်းတာ"ဆိုကတည်းက ရိပ်သာလိုက်သွားပြီး တစ်ခါတည်း ယောဂီဝတ်သွားလိုက်တာ ဒီကနေ့ထိပါပဲ။ ဩော်. . . မိကြည်လို ဇနီးမယားတွေချည်းသာဆိုရင် လောကကြီး ဒီထက်ပိုပြီးသာယာလာလိမ့်မယ်လို့ ကျုပ်ထင်ပါတယ်။ သူငယ်ချင်းဖိုးစိတစ်ယောက် ကောင်းရာမွန်ရာရောက်ပြီး မိကြည်တစ်ယောက်ဓမ္မနဲ့ ဆက်လက်ပျော်မွေ့နိုင်ပါစေလို့ ဆန္ဒပြုလိုက်ပါတယ်။

## အလှများ

- ဖြူသန့်ရှင်း အမြစ်မကျင်
  အဆစ်တွင် ရွက်သစ်စ၊
  အညွန့်ဝေ အတက်ထွက်
  သစ်ခက်အလှ။

- ဖြူသန့်ရှင်း ပိုးမဝင်
  ကြိုးငင်ရာ လွယ်ကူစွ၊
  ရစ်ချည်ငင် သာအစွမ်း
  ဝါဂွမ်းအလှ။

- ဖြူသန့်ရှင်း အဆင်းမြင်
  သင်းပျံ့ရှင် ဝတ်လွှာရွှ၊
  စွဲမက်ဖွယ် မွှေးကြိုင်လန်း
  ပန်းရဲ့အလှ။

- ဖြူသန့်ရှင်း တေးသံစဉ်
  ပေးမှန်ရှင် အာရုံမြ၊
  ကြည်နူးဖွယ် သာငြိမ့်ညောင်း
  စမ်းချောင်းအလှ။

- ဖြူသန့်ရှင်း ရိုးသားဘဉ်
  မိုးထားအစဉ် မြတ်စိတ္တ၊
  စာရိတ္တကို အခြေပြု
  လူ့ဂုဏ်ရည်လှ။

- အချင်းချင်း အပြစ်မမြင်
  ချစ်ချစ်ခင် နေပါမှ၊
  ညီညွတ်ကာ တည်ထားပြု
  မိသားစုလှ။

- ပြည်သူချင်း အပြုံးဆင်
  နှလုံးဘဝင် ရှိပါမှ၊
  ဖြာပွစိုရှ် ကိုယ်စီကိန်းတော့
  ငြိမ်းချမ်းအလှ။ ။

**ခေတ်သစ်(ကြွေပုဂံ)**


## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

➤ Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထား ဆောင်ရွက်ပါ။

➤ မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လေ့ကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

# ကျေအေးခြင်း၊ ရုပ်သိမ်းခြင်းနှင့် ပြည်နယ်ဒေသန္တရဥပဒေ

စိန်လှိုင်ပိုင်

ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ-၄၉၄ သည် အမှုကို **ရုပ်သိမ်းခွင့်**ပြုရန် လျှောက်ထားခြင်းဖြစ်ပြီး ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ-၃၄၅(၁) သည် အမှုကို **ကျေအေးခွင့်**ပြုရန် လျှောက်ထားခြင်းဖြစ်သည်။ လူအများ၏ ပါးစပ်ဖျားတွင် **ကျေအေးရုပ်သိမ်း**ဟူသော စကားလုံးသည် အသုံးများလျက်ရှိသော်လည်း အမှုကို ကျေအေးခြင်းနှင့် အမှုကိုရုပ်သိမ်းခြင်း မတူကွဲပြားကြောင်း အထက်ပါကျင့်ထုံးများက ညွှန်ပြလျက်ရှိသည်။ မည်သည့်ပုဒ်မများသည် ရုပ်သိမ်းခွင့်ရှိပြီး မည်သည့်ပုဒ်မများသည် ကျေအေးခွင့်ရှိကြောင်း ပြဋ္ဌာန်းချက်ရှိသည်။

သို့ရာတွင် ကျေအေးခြင်း၊ ရုပ်သိမ်းခြင်းနှင့်ပတ်သက်၍ ရာဇဝင်ကျင့်ထုံးဥပဒေအရ အာဏာသက်ရောက်မှုရှိသော်လည်း ၁၉၄၉ ခုနှစ်၊ ကရင်နီပြည်နယ် (ဥပဒေများ တိုးချဲ့ပျံ့နှံ့ခြင်း) ဥပဒေပုဒ်မ-၂ အရ သက်ရောက်မှုမရှိကြောင်း ယခု ကယားပြည်နယ်တွင် ဖြစ်ပွားခဲ့သော အမှုတစ်ခုသည် မြို့နယ်အဆင့်မှ ခရိုင်၊ ခရိုင်အဆင့်မှ ပြည်နယ်၊ ပြည်နယ်အဆင့်မှ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ထိ ရောက်ရှိသွားပြီး စီရင်ထုံးဖွဲ့ခဲ့ရသည့် အမှုတစ်ခုအကြောင်းကို ရေးသားတင်ပြပါမည်။

မူလရုံးအမှုမှာ ၂၀၁၈ ခုနှစ် မတ် ၅ ရက်တွင် ဒီးမော့ဆိုမြို့နယ် ၄ မိုင် မြေနီကုန်းကျေးရွာအနီး သာသနာပိုင်မြေယာ၌ စိုက်ထူထားသည့် ခြံစည်းရိုး အုတ်တိုင် ၂၇ တိုင်ကို ဒေါ်မူထိုက်နှင့် ၎င်း၏သား စောမောင်၊ ဖိလစ်ပိုတို့က ရိုက်ချိုးဖျက်ဆီးသဖြင့် အရေးယူပေးပါရန် ဦးဖရယ်ဒီစိန်က ဒီးမော့ဆိုရဲစခန်းတွင် တိုင်တန်းခဲ့ရာ ၎င်းတို့သုံးဦးအပေါ် ရာဇသတ်ကြီးဥပဒေပုဒ်မ-၄၄၇၊ ၄၂၇၊ ၂၉၄ တို့အရ တရားစွဲဆိုတင်ပို့ခဲ့သည်။

ဒီးမော့ဆိုမြို့နယ်တရားရုံးက ၂၀၁၈ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ်-၅၂ ဖြင့် ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဖိလစ်ပိုသည် အသက် ၁၇ နှစ်ဖြစ်၍ ၂၀၁၉ ခုနှစ် ဂူလိုင် ၂၃ ရက်တွင် ပြဋ္ဌာန်းခဲ့သည့် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေအရ ကလေးသူငယ်ဖြစ်သွားခြင်းကြောင့် ဖိလစ်ပိုအပေါ် ၂၀၁၉ ခုနှစ်၊ ကလေးသူငယ်မှုအမှတ်-၈ ဖြင့် သီးခြားဖွင့်လှစ်ခဲ့သည်။ ၎င်းအမှုကို မူလရုံးတရားလို ဦးဖရယ်ဒီစိန်က ၁၉၄၉ ခုနှစ်၊ ကရင်နီပြည်နယ် (ဥပဒေများတိုးချဲ့ပျံ့နှံ့ခြင်း)ဥပဒေပုဒ်မ-၂ အရ အမှုကျေအေးခွင့်ပြုရန် လျှောက်ထားရာ ဒီးမော့ဆိုမြို့နယ်တရားရုံးက ပယ်ခဲ့သည်။

ဒီးမော့ဆိုမြို့နယ်တရားရုံး၏ ချမှတ်ခဲ့သည့် အမိန့်အပေါ် လွိုင်ကော်ခရိုင်တရားရုံးသို့ ပြင်ဆင်မှုတင်သွင်းရာ ရာဇသတ်ကြီးပုဒ်မ-၄၄၇၊ ၄၂၇ တို့အရ စွဲဆိုမှုကို ကျေအေးခွင့်ပြုပြီး ၂၉၄(ခ) အရ စွဲဆိုမှုကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ-၄၉၄ အရ ရုပ်သိမ်းခွင့် လျှောက်ထားရန် အမိန့်ချမှတ်ခဲ့သည်။ ၎င်းအမိန့်အပေါ် မူလရုံးတရားလိုက ကယားပြည်နယ် တရားလွှတ်တော်သို့ ပြင်ဆင်မှုဆက်လက်တင်သွင်းသော်လည်း ပလပ်ခံရသဖြင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ ရာဇဝတ်ပြင်ဆင်မှု ဆက်လက်တင်သွင်းခဲ့သည်။

လျှောက်ထားသူ၏ တရားလွှတ်တော်ရှေ့နေက ရာဇသတ်ကြီးပုဒ်မ-၂၉၄(ခ) သည် သာမန်အားဖြင့် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ-၄၉၄ နှင့် ပြည်သူ့တရားသူကြီးအဖွဲ့ ညွှန်ကြားချက်အမှတ်-၁၁ တို့အရ ကျေအေးခွင့်မရှိဘဲ ရုပ်သိမ်းခွင့်လျှောက်ထားရမည့် ပုဒ်မဖြစ်သည်မှာ မှန်သော်လည်း ကရင်နီပြည်နယ် (ဥပဒေများတိုးချဲ့ပျံ့နှံ့ခြင်း) ဥပဒေပုဒ်မ-၂ နှင့် ပြည်သူ့တရားသူကြီးအဖွဲ့ ညွှန်ကြားချက်အမှတ်-၁၇ စာပိုဒ်မ-၁၂ (ခ) တို့အရ တရားရုံး၏ခွင့်ပြုချက်ဖြင့် ကျေအေးနိုင်ခွင့်ရှိသည့် အမှုစာရင်းသို့ အတိအလင်းကျရောက်ကြောင်း လျှောက်ထားခဲ့ခြင်းအပေါ် ကျေအေးခွင့်ပြုသည့် အမိန့်ချမှတ်ပေးရန် တင်ပြလျှောက်ထားခဲ့သည်။

ပြည်ထောင်စုရှေ့နေချုပ်ရုံး ဒုတိယညွှန်ကြားရေးမှူးကမူ လွိုင်ကော်ခရိုင်တရားရုံး၏အမိန့်နှင့် ၎င်းအမိန့်ကို ဆက်လက်အတည်ပြုခဲ့သော ကယားပြည်နယ် တရားလွှတ်တော်၏အမိန့်တို့သည် ဥပဒေအရ မှားယွင်းခြင်းမရှိကြောင်း၊ ပြင်ဆင်မှုကိုပလပ်ပေးရန် တင်ပြလျှောက်ထားခဲ့သည်။ လျှောက်ထားခံရသူများ၏ တရားလွှတ်တော်ရှေ့နေက ယခုအမှုသည် မြေယာနှင့်ပတ်သက်ပြီး ကယားလူမျိုးအချင်းချင်းဖြစ်ပွားသည့် သာမန်ကိစ္စသာဖြစ်ပြီး ခိုးမှု၊ ဓားပြမှု၊ လူဆိုးဂိုဏ်းဖွဲ့ပြီး လုယက်မှု၊ လူသတ်မှုမဟုတ်သဖြင့် ကယားပြည်နယ်တစ်ဝန်း တည်ဆဲဥပဒေဖြစ်သော ၁၉၄၉ ခုနှစ်၊ ကရင်နီပြည်နယ် (ဥပဒေများတိုးချဲ့ပျံ့နှံ့ခြင်း) ဥပဒေပုဒ်မ-၂ အရ ကျေအေးခွင့်ပြုသည့်အမိန့်တစ်ရပ် ချမှတ်ပေးပါရန် ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် နော်ခွန်ဇော်ဘာအမှု ၁၉၆၆ ခုနှစ်၊ မ. တ. စ-၁၄၁၇ စီရင်ထုံးကို ကိုးကားလျှောက်ထားခဲ့သည်။



**ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ စိစစ်သုံးသပ်ဆုံးဖြတ်ချက်**

ရာဇသတ်ကြီးပုဒ်မ-၂၉၄(ခ) အရ စွဲဆိုမှုကို ကရင်နီပြည်နယ် (ဥပဒေများတိုးချဲ့ပျံ့နှံ့ခြင်း) ဥပဒေ အရ ကျေအေးခွင့်ပြုပါရန် လျှောက်ထားခြင်းအပေါ် ခွင့်ပြုရန်သင့်၊ မသင့် အဆုံးအဖြတ်ပြုရန်ဖြစ်ကြောင်း၊ **သာမန်အားဖြင့်** ရာဇသတ်ကြီးပုဒ်မ-၂၉၄(ခ) သည် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ-၃၄၅(၁)(၂)အရ ကျေအေးနိုင်သည့်ဖြစ်မှုတွင် အကျုံးဝင်ခြင်းမရှိသည့်အတွက် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ-၄၉၄ နှင့် ပြည်သူ့တရားသူကြီးအဖွဲ့ ညွှန်ကြားချက်အမှတ်-၁၁ တို့အရ ရုပ်သိမ်းခွင့်လျှောက်ထားရမည်ဖြစ်ကြောင်း ဦးစွာစိစစ်ခဲ့သည်။

သို့ရာတွင် ၁၉၂၂ ခုနှစ် မတ် ၂၇ ရက်စွဲပါ နိုင်ငံရေးဌာန အမိန့်ကြော်ငြာစာအမှတ်-၁၀ ဖြင့် ကချင်ပြည်နယ်တွင်လည်းကောင်း၊ ၁၉၄၉ ခုနှစ် ကရင်နီပြည်နယ် (ဥပဒေများတိုးချဲ့ပျံ့နှံ့ခြင်း)ဥပဒေဖြင့် ကယားပြည်နယ်တွင်လည်းကောင်း၊ ၁၉၄၈ ခုနှစ် ချင်းဝိဒေသတိုင်း (ဥပဒေများတိုးချဲ့ပျံ့နှံ့ခြင်း)ဥပဒေဖြင့် ချင်းပြည်နယ်တွင်လည်းကောင်း၊ "ရာဇဝတ်မှုများတွင် ကျေအေးနိုင်ခွင့်ရှိသူများက တရားရုံး၏ခွင့်ပြုချက်ဖြင့် ကျေအေးခွင့်ရှိသော ရာဇသတ်ကြီးပုဒ်မများနှင့် ဖြစ်မှုအမျိုးအစားများကို သတ်မှတ်ပြဋ္ဌာန်းခဲ့ကြောင်း၊" ထို့ပြင် **ဖြစ်မှုဆိုင်ရာအမှုများကျေအေးခြင်းနှင့်ပတ်သက်၍ လိုက်နာရန်အချက်များကို ပြည်သူ့တရားသူကြီးအဖွဲ့ ညွှန်ကြားချက်အမှတ်-၁၇ ဖြင့် ထပ်မံညွှန်ကြားခဲ့သည်ကို ရုံးတော်က စိစစ်ညွှန်ပြခဲ့သည်။**

အဆိုပါညွှန်ကြားချက်အပိုဒ်-၁၂ တွင် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်တို့တွင် ဥပဒေများတိုးချဲ့ပျံ့နှံ့ခြင်းနှင့်ပတ်သက်၍ ပြဋ္ဌာန်းထားသော ဥပဒေများအရ ဖြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပါ ပြဋ္ဌာန်းချက်ကို ပြောင်းလဲပြင်ဆင်ချက်များဖြင့် သက်ဆိုင်စေကြောင်း၊ ထိုသို့ သက်ဆိုင်စေရာတွင် **ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ-၃၄၅ အရ အမှုများကိုကျေအေးခွင့်ရှိကြသည့်အပြင် ကယားပြည်နယ်၊ ချင်းပြည်နယ်နှင့် ကချင်ပြည်နယ်တို့တွင် ကျေအေးခွင့်ရှိကြောင်း သတိပြုရမည်ဟု ထပ်ဆင့်ညွှန်ကြားခဲ့သည်ကို** ပြည်ထောင်စုတရားလွှတ်တော်ချုပ်က စိစစ်ဖော်ထုတ်ခဲ့သည်။

၁၉၄၉ ခုနှစ် ကရင်နီပြည်နယ် (ဥပဒေများတိုးချဲ့ပျံ့နှံ့ခြင်း) ဥပဒေပါဇယားအမှတ်စဉ်-၅ အရ **"လူဆိုးဂိုဏ်းဖွဲ့၍ ကျူးလွန်သည့် လုယက်မှုနှင့် ဓားပြမှုမှ တစ်ပါး ဖြစ်မှုအားလုံးကို နစ်နာသူကိုယ်တိုင်ဖြစ်စေ၊ နစ်နာသူ၏ အုပ်ထိန်းသူကဖြစ်စေ၊ နစ်နာသူ၏ တရားဝင်ကိုယ်စားလှယ်ကဖြစ်စေ တရားရုံး၏ခွင့်ပြုချက်ဖြင့် ကျေအေးနိုင်ခွင့်ရှိကြောင်း ဒေသန္တရဥပဒေဖြင့် ပြဋ္ဌာန်းထားကြောင်း၊** ၁၉၄၉ ခုနှစ် ကရင်နီပြည်နယ် (ဥပဒေများတိုးချဲ့ပျံ့နှံ့ခြင်း)ဥပဒေသည် ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းရှိ ဒေသတစ်ခုဖြစ်သည့် ကယားပြည်နယ်အတွင်း တရားရုံး၏ခွင့်ပြုချက်ဖြင့် ကျေအေးနိုင်ခွင့်ရှိသော ဖြစ်မှုများကို သတ်မှတ်ပြဋ္ဌာန်းထားသည့် ဒေသန္တရဥပဒေဖြစ်ကြောင်း ရုံးတော်က စိစစ်ဖော်ထုတ်ခဲ့သည်။

၁၉၇၃ ခုနှစ် စကားရပ်များ အနက်အဓိပ္ပာယ် ဖွင့်ဆိုရေးဥပဒေပုဒ်မ-၃(ဆ) တွင် **ရှေးဦးကျသော ဥပဒေပြဋ္ဌာန်းချက်တစ်ရပ်နှင့် နောက်ကျသော ဥပဒေပြဋ္ဌာန်းချက်တစ်ရပ်တို့ ကွဲလွဲဆန့်ကျင်နေပါက နောက်ကျသော ဥပဒေပြဋ္ဌာန်းချက်သည် အတည်ဖြစ်စေရမည်**ဟု ပြဋ္ဌာန်းထားရာ ရှေးဦးကျသော ရာဇဝတ်ကျင့်ထုံးဥပဒေက ရာဇသတ်ကြီးဥပဒေပုဒ်မ-၂၉၄ သည် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ-၃၄၅(၁)(၂) အရ ကျေအေးခွင့်မရှိကြောင်း ပြဋ္ဌာန်းခဲ့ပြီး နောက်ကျသည့် ကရင်နီပြည်နယ် (ဥပဒေများတိုးချဲ့ပျံ့နှံ့ခြင်း) ဥပဒေက ကျေအေးနိုင်ခွင့်ရှိကြောင်း အထူးပြဋ္ဌာန်းထားရာ ဥပဒေပါပြဋ္ဌာန်းချက်နှစ်ခု ကွဲလွဲဆန့်ကျင်နေသည်မှာ ထင်ရှားသည့်အတွက် **"၁၉၇၃ ခုနှစ် စကားရပ်များ အနက်အဓိပ္ပာယ်ဖွင့်ဆိုရေးဥပဒေ ပုဒ်မ-၃(ဆ) အရ နောက်ကျသောဥပဒေပြဋ္ဌာန်းချက်ဖြစ်သည့် ၁၉၄၉ ခုနှစ် ကရင်နီပြည်နယ် (ဥပဒေများတိုးချဲ့ပျံ့နှံ့ခြင်း)ဥပဒေကို အတည်ဖြစ်စေရမည်ဖြစ်ကြောင်း** ပြည်ထောင်စုတရားလွှတ်တော်ချုပ်က စိစစ်သုံးသပ်ခဲ့သည်။

ကယားပြည်နယ်တရားလွှတ်တော်က ရာဇဝတ်ကျင့်ထုံးဥပဒေအရ ကျေအေးနိုင်ခြင်းမရှိသည့် ဖြစ်မှုများကို ရုပ်သိမ်းခွင့်လျှောက်ထားနိုင်ခြင်းရှိသည့်အခြေအနေတွင် ၁၉၄၉ ခုနှစ် ကရင်နီပြည်နယ် (ဥပဒေများတိုးချဲ့ပျံ့နှံ့ခြင်း)ဥပဒေပုဒ်မ-၂ ဇယား-၅ အရ မလွှဲမသွေကျေအေးခွင့်ပြုရန်လိုအပ်မည်မဟုတ်ကြောင်း သုံးသပ်ဆုံးဖြတ်ခဲ့သည်။ **ရာဇဝတ်မှုတစ်ရပ်ကို ကျေအေးခြင်းသည် နစ်နာသူ၏ သဘောထားအပေါ် အခြေတည်ပြီး ရုပ်သိမ်းခြင်းသည် တရားစွဲအဖွဲ့အစည်း၏ သဘောထားအပေါ်မူတည်၍ တရားရုံးက အဆုံးအဖြတ်ပြုရခြင်းဖြစ်ကြောင်း၊ နစ်နာသူကိုယ်တိုင် ကျေအေးခွင့်ရနိုင်မည့်အခြေအနေတွင် ရုပ်သိမ်းစေခြင်းဖြင့် နစ်နာသူရရှိနိုင်သောအခွင့်အရေးကို ငြင်းပယ်ရာရောက်မည်ဖြစ်ကြောင်း** ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ဆင်ခြင်သုံးသပ်ခဲ့သည်။

ကယားပြည်နယ်တွင် နေထိုင်၍ အချင်းချင်းမှုခင်းဖြစ်ပွားသော တရားလို၊ တရားခံများသည် အဆိုပါ ပြည်နယ်အတွက် သီးခြားပြဋ္ဌာန်းထားသော ဥပဒေပါ အခွင့်အရေးနှင့် ရပိုင်ခွင့်များကို ရရှိမှသာ တရားမျှတမည်ဖြစ်ကြောင်း၊ ထို့ပြင် ပြည်ထောင်စုတရားစီရင်ရေး ဥပဒေ၏ တရားစီရင်ရေးဆိုင်ရာမူများနှင့်ပတ်သက်၍ ပုဒ်မ-၃(စ)တွင် **"ပြည်သူအချင်းချင်းနှင့်ပတ်သက်သော အမှုကိစ္စများကို ဥပဒေဘောင်အတွင်း၌ ကျေအေးပြီးပြတ်စေရေး"** ဟူသော အခြေခံမူနှင့်အညီ စီရင်ရန်လည်းလိုအပ်မည်ဖြစ်ကြောင်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ဆင်ခြင်သုံးသပ်ခဲ့သည်။

ထို့ကြောင့် ပြင်ဆင်မှုကို ခွင့်ပြုပြီး ဒီးမော့ဆိုမြို့နယ်တရားရုံးက ရာဇသတ်ကြီးပုဒ်မ-၄၄၇၊ ၄၂၇ နှင့် ၂၉၄ တို့ကို ၁၉၄၉ ခုနှစ် ကရင်နီပြည်နယ် (ဥပဒေများတိုးချဲ့ပျံ့နှံ့ခြင်း) ဥပဒေပုဒ်မ-၂ အရ ကျေအေးခွင့်ပြုရန် လျှောက်ထားချက်ကို ပယ်သည့်အမိန့်နှင့် ရာဇသတ်ကြီးပုဒ်မ-၂၉၄(ခ) အရ စွဲဆိုမှုကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်ရန် ချမှတ်သည့် လွိုင်ကော်ခရိုင်တရားရုံးနှင့် ကယားပြည်နယ်တရားလွှတ်တော်၏ အမိန့်တို့ကို ပယ်ဖျက်လိုက်သည်။ ရာဇသတ်ကြီးပုဒ်မ-၂၉၄(ခ) အရ စွဲဆိုမှုကို ၁၉၄၉ ခုနှစ် ကရင်နီပြည်နယ် (ဥပဒေများတိုးချဲ့ပျံ့နှံ့ခြင်း) ဥပဒေပုဒ်မ- ၂ အရ ကျေအေးခွင့်ပြုရန် လျှောက်ထားခြင်းကို ခွင့်ပြုပြီး တရားခံ ဒေါ်မူထိုက်၊ ဦးစောမောင်၊ ဖိလစ်ပိုတို့အား အမှုမှ အပြီးအပြတ်လွှတ်လိုက်သည်။ ဦးဖရယ်ဒီစိန်နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ပါ-၃ ဦးဖရယ်ဒီစိန်နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ပါ-၂ ၂၀၂၀ ပြည့်နှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ်-၂၅၈(ခ) နှင့် ၂၅၉(ခ) အမှုကို ရည်ညွှန်းကိုးကားရေးသားတင်ပြလိုက်ရပါသည်။

# ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၂၇ ဒသမ ၂၂၅ သန်းဖိုးရှိ ဝါတန်ချိန် ၁၅၀၀၀ တင်ပို့ရောင်းချပေးသွားမည်



**ရန်ကုန် ဖေဖော်ဝါရီ ၁၄**

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၂၇ ဒသမ ၂၂၅ သန်းဖိုးရှိ ဝါတန်ချိန် ၁၅၀၀၀ တင်ပို့ရောင်းချပေးသွားမည်ဖြစ်ကြောင်း မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၏ သတင်းများအရ သိရသည်။

ထိုသို့ တင်ပို့ရောင်းချပေးရာတွင် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်၏ ပထမသုံးလဖြစ်သည့် ဧပြီလမှ ဇွန်လထိ ဝါတန်ချိန် ၃၅၀၀၊ ဘဏ္ဍာနှစ်၏ ဒုတိယသုံးလဖြစ်သည့် ဇူလိုင်လမှ စက်တင်ဘာလထိ ဝါတန်ချိန် ၃၅၀၀၊ ဘဏ္ဍာနှစ်၏ တတိယသုံးလဖြစ်သည့် အောက်တိုဘာလမှ ဒီဇင်ဘာလထိ ဝါတန်ချိန် ၄၀၀၀ နှင့် ဘဏ္ဍာနှစ်၏ နောက်ဆုံးသုံးလဖြစ်သည့် ၂၀၂၄ ခုနှစ် ဇန်နဝါရီလမှ မတ်လထိ ဝါတန်ချိန် ၄၀၀၀ တန် စုစုပေါင်း ဝါတန်ချိန် ၁၅၀၀၀ တင်ပို့ရောင်းချပေးသွားမည်ဖြစ်သည်။

ဖောက်သည်ဈေးကွက်နိုင်ငံများတွင် ဝါတစ်တန်လျှင် အမေရိကန်ဒေါ်လာ ၁၈၁၅ ဒေါ်လာရရှိရန် ခန့်မှန်းထားကြောင်း၊ လက်ရှိပြည်တွင်းဝါဈေးကွက်များတွင် ဝါ(ခြောက်) တစ်ပိဿာလျှင် ငွေကျပ် ၂၉၅၀ မှ ၃၀၀၀ ကျော်ထိ ပေါက်ဈေးရှိနေပြီး ယခင်နှစ်က ဝါ(ခြောက်) တစ်ပိဿာလျှင် ငွေကျပ် ၁၉၅၀ မှ ငွေကျပ် ၂၀၀၀ ကျော်သာဈေးရရှိခဲ့သည့်အတွက် ယခုနှစ် ဝါတစ်ပိဿာလျှင် ငွေကျပ် ၁၀၀၀ ကျော်ထိ ဈေးပိုမိုရရှိနေကြောင်း သိရသည်။ (၃၃၆)

# ဘိုကလေးမြို့နယ်တွင် ဒေသထွက်ငါးမြွေထိုးခြောက်များ အရောင်းသွက်နေ

**ဘိုကလေး ဖေဖော်ဝါရီ ၁၄**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဘိုကလေးမြို့နယ်တွင် ဒေသထွက် ငါးမြွေထိုးခြောက်များကို အခြားဒေသများမှ မှာယူအားကောင်းနေခြင်းကြောင့် အရောင်းသွက်နေကြောင်း ဘိုကလေးမြို့နယ်ရှိ ငါးခြောက်မျိုးစုံရောင်းဝယ်ရေးလုပ်ငန်းရှင် ဒေါ်သီရိက ပြောပြ၍ သိရသည်။

ဘိုကလေးမြို့နယ်တွင် ငါးခြောက်ရောင်းဝယ်ရေးလုပ်ငန်းရှင်များက ဒေသထွက်ငါးမြွေထိုးများကို အစိမ်းဝယ်ယူပြီး စနစ်တကျ အခြောက်လှန်းကာ ရောင်းချနေကြောင်း၊ အဆိုပါ ငါးမြွေထိုးခြောက်များကို ရန်ကုန်တိုင်းဒေသကြီးက ယခုလအတွင်း ဝယ်ယူအားကောင်းနေခြင်းကြောင့် အရောင်းသွက်နေကြောင်း သိရသည်။

"အခုလ ပထမပတ်လောက်ကတည်းက ငါးမြွေထိုးခြောက်အရောင်း သွက်နေပါတယ်။ မနှစ်ကနဲ့ အရင်နှစ်တွေက ငါးခြောက်အရောင်းအဝယ်လုပ်ငန်းတွေ တော်တော်မကောင်းဖြစ်ခဲ့ရတာ။ လက်ရှိ ပုံမှန်ထက်ကို တော်တော်လေး အရောင်းသွက်နေပါတယ်။ ရန်ကုန်ဈေးကွက်က ငါးမြွေထိုးခြောက် မှာယူမှုအားကောင်းနေလို့ပါ။ ငါးမြွေထိုးခြောက်လုပ်ငန်းက ဘိုကလေးဒေသခံတွေရဲ့ ဒေသစီးပွားရေးလုပ်ငန်းတစ်ခုဖြစ်ပါတယ်။ အခုလို ငါးခြောက်တွေမှာကုန်များလာတာကြောင့် နယ်ပယ်အသီးသီးက ငါးမြွေထိုးခြောက်လုပ်ငန်း လုပ်ကိုင်သူတွေလဲ အဆင်ပြေလာပါတယ်" ဟု ဘိုကလေးမြို့နယ်ရှိ ငါးခြောက်မျိုးစုံ ရောင်းဝယ်ရေးလုပ်ငန်းရှင် ဒေါ်သီရိက ပြောပြသည်။



ဘိုကလေးမြို့နယ် ဒေသထွက် ငါးမြွေထိုးခြောက်များကို ရန်ကုန်ဈေးကွက်သို့ ၂၀၂၂ ခုနှစ် ဒီဇင်ဘာလနှင့် ၂၀၂၃ ခုနှစ် ဇန်နဝါရီလက တစ်ရက်လျှင် ၁၀ ပိဿာမှ ပိဿာ ၂၀ ထိသာရောင်းအားရှိခဲ့ကြောင်း၊ လက်ရှိ ဖေဖော်ဝါရီလတွင် တစ်ရက်လျှင် ပိဿာ ၆၀ မှ ၇၅ ပိဿာထိ အရောင်းသွက်လာကြောင်း၊ အဆိုပါ ငါးမြွေထိုးခြောက် တစ်ပိဿာလျှင် ငွေကျပ် ၈၅၀၀ မှ ၂၅၀၀၀ ထိပေါက်ဈေးရှိနေကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# မိုင်းပန်မြို့နယ် ကုန်းကျိုင်းကျေးရွာ၌ စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**မိုင်းပန် ဖေဖော်ဝါရီ ၁၄**

ရှမ်းပြည်နယ် (တောင်ပိုင်း) လင်းခေးခရိုင် မိုင်းပန်မြို့နယ် ကုန်းကျိုင်းကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ရန်ပုံငွေဖြင့် စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် လင်းခေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးလှမျိုးအောင်၊ မိုင်းပန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမိုင်းမြင့်နိုင်ထွန်း၊ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက ကုန်းကျိုင်းကျေးရွာ၌ စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ဆောင်ရွက်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများ ရေရှည်တည်တံ့ခိုင်မြဲစေရန် ပြင်ဆင်ထိန်းသိမ်းခြင်း လုပ်ငန်းများအပြင် အိမ်တိုင်ရာရောက်ရေရရှိအောင် ဆောင်ရွက်ကြစေလိုကြောင်း ဆွေးနွေးမှာကြားသည်။

ကုန်းကျိုင်းကျေးရွာ၌ အနက်ပေ ၄၀၀၊ အကျယ် လေးလက်မ စက်ရေတွင်းတူးဖော်ခြင်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ရန်ပုံငွေကျပ် ၁၀ သန်းနှင့် ပြည်သူထည့်ဝင်ငွေကျပ် သုည ဒသမ ၆၄ သန်း စုစုပေါင်းငွေကျပ် ၁၀ ဒသမ ၆၄ သန်းဖြင့် မိုင်းပန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ၂၀၂၂ ခုနှစ် အောက်တိုဘာလ ဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

စက်ရေတွင်း တူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်ပေးခြင်းဖြင့် ကုန်းကျိုင်းကျေးရွာရှိ အိမ်ခြေ ၂၆ အိမ်၊ လူ ၉၅ ဦးအတွက် သန့်ရှင်းသောသောက်သုံးရေ ဖူလုံစွာ အသုံးပြုနိုင်တော့မည်ဖြစ်ကြောင်း လင်းခေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးလှမျိုးအောင်က ပြောပြ၍ သိရသည်။

**မင်းမြင့်မိုရ်**

# မိုးညှင်းမြို့နယ် အင်းလေးကျေးရွာ၌ ဘက်စုံသုံးခန်းမတည်ဆောက်နေမှု စစ်ဆေး

**မိုးညှင်း ဖေဖော်ဝါရီ ၁၄**

ကချင်ပြည်နယ် မိုးညှင်းခရိုင် မိုးညှင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ဖြင့် အင်းလေးကျေးရွာ၌ ကျေးရွာဘက်စုံသုံးခန်းမတည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ဖေဖော်ဝါရီ ၁၃ ရက် မွန်းလွဲပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုးညှင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြသိန်းဝင်း၊ VDP စီမံကိန်းတာဝန်ခံ၊ တာဝန်ခံအင်ဂျင်နီယာတို့နှင့်အတူ အင်းလေးကျေးရွာ၌ ကျေးရွာဘက်စုံသုံးခန်းမဆောင် တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာကော်မတီဝင်များနှင့်တွေ့ဆုံကာ ဆောင်ရွက်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများကို အကျိုးရှိရှိ အသုံးချရန်နှင့် ရေရှည်တည်တံ့ခိုင်မြဲရေး ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရန် ဆွေးနွေးမှာကြားသည်။

အင်းလေးကျေးရွာ၌ အလျားပေ ၆၀၊ အနံပေ ၃၀ နှင့် အမြင့် ၁၂ ပေရှိ ကျေးရွာဘက်စုံသုံးခန်းမဆောင်တည်ဆောက်ခြင်းလုပ်ငန်းကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ပံ့ပိုးရန်ပုံငွေကျပ် သိန်း ၁၀၀၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် ၈၇ သိန်း စုစုပေါင်းငွေကျပ် ၁၈၇ သိန်းဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နည်းပညာကူညီပံ့ပိုးကာ ၂၀၂၂ ခုနှစ် သြဂုတ်လ ဒုတိယပတ်ကစတင်၍ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ဆောင်ရွက်ခဲ့ရာ ယခုအခါ ရာနှုန်းပြည့်ပြီးစီးနေပြီဖြစ်ကြောင်း မိုးညှင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြသိန်းဝင်းက ပြောပြ၍ သိရသည်။

**ချမ်းဦးကို**

# နမ့်ခမ်းမြို့နယ် ဟိုပုံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး


**နမ့်ခမ်း ဖေဖော်ဝါရီ ၁၄**

ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်ခရိုင် နမ့်ခမ်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သည့် ဟိုပုံကျေးရွာအုပ်စု ဟိုပုံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ သတ္တမအကြိမ် ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ နမ့်ခမ်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင့်နိုင်မိုးက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ အခြားမိသားစုဝင်ငွေတိုးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ကျေးရွာသူ၊ ကျေးရွာသားများအနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကို ထိရောက်အောင်မြင်အောင် ဆောင်ရွက်ကြစေလိုကြောင်း ဆွေးနွေးမှာကြားသည်။

ထို့နောက် နမ့်ခမ်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက ဟိုပုံကျေးရွာ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များနှင့်အတူ ဟိုပုံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း သတ္တမအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၄၃ ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ တစ်ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၄၄ ဦးကို မြစိမ်းရောင် ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၂၆ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **ကျော်ခိုး**


ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်



ကိုဗစ်-၁၉ ရောဂါပိုးရှိသူထံမှ အခြားသူတစ်ဦးထံ အလွယ်တကူ ပိုးမကူးစက်နိုင်စေရန် အိမ်အပြင်ထွက်လျှင် နှာခေါင်းစည်း(Mask) တပ်ပါ။

# ဗုဒ္ဓဂယာသို့ ဘုရားဖူးကုသိုလ်

ဒေါက်တာသန့်စင်(ရှုပဗေဒ)



စာရေးသူတို့ စီးနင်းလိုက်ပါလာသော MAI လေကြောင်းလိုင်းမှ ဘိုးရင်းလေယာဉ်သည် ဇန်နဝါရီ ၁၅ ရက် ညနေ ၄ နာရီခန့်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှစတင်ထွက်ခွာလာပြီး အိန္ဒိယနိုင်ငံ ဘီဟာပြည်နယ် ဂယာမြို့ (GAYA)လေဆိပ်သို့ အိန္ဒိယနိုင်ငံ စံတော်ချိန် ညနေ ၅ နာရီ မိနစ် ၃၀ ခန့်တွင် ကောင်းမွန်စွာဆိုက်ရောက်သည်။ အိန္ဒိယနိုင်ငံနှင့် မြန်မာနိုင်ငံသည် အချိန်တစ်နာရီခန့်ကွာခြားပြီး လေယာဉ်ဆိုက်ရောက်ချိန်တွင် မြန်မာစံတော်ချိန် ၆ နာရီ မိနစ် ၃၀ ဖြစ်သည်။ ထို့ကြောင့် လေယာဉ်စီးရချိန်သည် နှစ်နာရီခန့်ကြာမြင့်သည်။ လေယာဉ်ခရီးစဉ်အတွင်း လေယာဉ်ပေါ်တွင် ခေါက်ဆွဲကြော်သို့မဟုတ် ထမင်းနှင့် ကြက်သားဟင်း၊ ကော်ဖီ၊ လက်ဖက်ရည်၊ အခြားဖျော်ရည်များဖြင့် လေယာဉ်မယ်များက ဧည့်ခံကျွေးမွေးသည်။ စာရေးသူတို့ လေယာဉ်တွင် ခရီးသည်ဦးရေ ၁၂၀ ကျော်လိုက်ပါလာပြီး အားလုံးနီးပါး ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့များဖြစ်သည်။

"ဂယာ"လေဆိပ်သည် အိန္ဒိယနိုင်ငံ ပြည်တွင်းလေဆိပ်တစ်ခုဖြစ်ပြီး မြန်မာနိုင်ငံ ပုဂံ-ညောင်ဦးလေဆိပ်အရွယ်မျှသာရှိသည်။ လေဆိပ်တွင် လိုအပ်သည့် စစ်ဆေးမှုများနှင့် စာရွက်စာတမ်းများကို ပြသပြီး အသင့်စောင့်ဆိုင်းနေသော "ခင်နန္ဒာ"အပြည်ပြည်ဆိုင်ရာခရီးသွားလုပ်ငန်းမှ လာကြိုသည့် အဲကွန်းဘတ်စကားများဖြင့် မိမိတို့တည်းခိုမည့် ဂယာမြို့ရှိ မြန်မာဘုန်းတော်ကြီးကျောင်း "ရတနာဗောဓိကျောင်းတိုက်"သို့ ဆက်လက်ထွက်ခွာလာကြသည်။ ထိုကျောင်းတိုက်သည် မြန်မာနိုင်ငံမှ ဘုန်းတော်ကြီးများ သီတင်းသုံးနေထိုင်ရာ ကျောင်းတိုက်ဖြစ်သည်။ ဘုန်းကြီးကျောင်းအတွင်းရှိ သုံးထပ်တည်းခိုဆောင်တွင်ရှိသော အခန်းများ၌ ခရီးသည်များကို နေရာချထားပေးသည်။ စာရေးသူတို့အဖွဲ့မှာ ဘုရားဖူးခရီးသည် ၃၇ ဦးပါရှိပြီး ကျန်အဖွဲ့များမှာ ကိုယ့်အဖွဲ့နှင့်ကိုယ် အခြားမြန်မာဘုန်းကြီးကျောင်းများတွင် လူခွဲ၍ တည်းကြသည်။ ညနေပိုင်း ဘုန်းကြီးကျောင်းတွင် ညစာထမင်းစားကြပြီး မြတ်စွာဘုရားပွင့်တော်မူရာ မဟာဗောဓိစေတီကို သွားရောက်ဖူးမြော်ကြသည်။

မြတ်စွာဘုရားပွင့်တော်မူရာ ဗောဓိပင်နှင့် ရွှေပလ္လင်နေရာအနီး၌ စာရေးသူတို့ ဘုရားဖူးအဖွဲ့ကို ဗုဒ္ဓဂယာတွင် သီတင်းသုံးတော်မူနေဆဲ မြန်မာဘုန်းတော်ကြီး ဒေါက်တာအရှင်သုဒဿန (သုဒဿနာရာမ ကျောင်းတိုက်၊ ဘုရားကုန်း၊ သန်လျင်မြို့) ဆရာတော်ကဦးဆောင်ပြီး ဗုဒ္ဓ၏တရားတော်များ ရွတ်ဖတ်ပူဇော်ကြပါသည်။ မဟာဗောဓိစေတီတော်အတွင်း၌ရှိသည့် မြတ်စွာဘုရားရှင် ဆင်းတုတော်ကို ကြာသက်နှီး ကပ်လှူပူဇော်ခဲ့ကြသည်။ ဘုရားပွင့်တော်မူရာ ဗောဓိပင်နေရာတွင် တရားနာခြင်း၊ ဘုရားရှင်ကိုယ်တော်မြတ်ကြီးအား ရည်မှန်းပြီး ကြာသက်နှီး ဆက်ကပ်ပူဇော်ခြင်းတို့ကို ကိုယ်တိုင်ပြုလုပ်ခဲ့ရသည့်အတွက် ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၁၅ ရက် ညကို စာရေးသူမေ့နိုင်တော့မည်မဟုတ်ပါ။ အလွန်ကြည်နူးရပါသည်။ စာရေးသူနှင့်အတူ ဇနီးဖြစ်သူ၊ ဇနီး၏အစ်မနှင့် သူ၏ခင်ပွန်းတို့အပါအဝင် စာရေးသူတို့လေးဦးသည် ဗောဓိပင်အောက်တွင် မြန်မာဘုန်းတော်ကြီးဟောကြားသည့် တရားများကိုနာယူကာ မဟာဗောဓိစေတီတော်ကြီးကို ရှိခိုးကန်တော့ပြီး ညပိုင်းတွင် တည်းခိုရာ ရတနာဗောဓိကျောင်းတိုက်သို့ ဘုရားဖူးအဖွဲ့နှင့်အတူ ပြန်ခဲ့ကြသည်။

ဘုရားလောင်းသည် ကဆုန်လပြည့်နေ့တွင် သေနနိဂုံးရွာသူ "သုဇာတာ"သူဌေးကတော် ရွှေခွက်နှင့်လှူဒါန်းသည့် ယနာနို့ဆွမ်းကို ဘုဉ်းပေးခဲ့သည်။ ဆွမ်းလုတ်ပေါင်း ၄၉ လုတ် ဘုဉ်းပေးခဲ့ပြီး ရွှေခွက်ကို သုဇာတာထံမှ အလှူခံခဲ့ကာ နေရဥ္စရာမြစ်အတွင်းသို့ အဓိဋ္ဌာန်ဖြင့်မျှောလိုက်သည်။ ဘုရားလောင်းသည် ရွှေခွက်ကိုမျှောပြီးနောက် ဗောဓိညောင်ပင်သို့ ကြွချီရာလမ်း၌ သောတ္ထိယအမည်ရှိ မြက်ထမ်းယောက်ျားနှင့် တွေ့လေသည်။ သောတ္ထိယသည် ဘုရားလောင်းအား ကြည်ညိုလွန်းလှသဖြင့် မြက်ရှစ်ဆုပ်ကို စေတနာသဒ္ဓါတရားထက်သန်စွာ လှူဒါန်းခဲ့သည်။ အဆိုပါမြက်ရှစ်ဆုပ်ကို ဗောဓိညောင်ပင်ခြေရင်း၌ ဘုရားလောင်းက သစ္စာအဓိဋ္ဌာန်ပြုကာ ကြဲဖြန့်ခဲ့ရာ ပလ္လင်တော်ပေါ်ပေါက်လာသည်။ ထိုပလ္လင်တော်ထက်ဝယ် ဘုရားလောင်းသည် ပွင့်တော်မူခဲ့ခြင်းဖြစ်သည်။

မဟာဗောဓိစေတီတော်ပတ်လည်တွင် ဘုရားပွင့်တော်မူပြီးနောက် ခုနစ်ရက်စီနေရာ ခုနစ်နေရာမှာ ဖလသမာပတ်ချမ်းသာနှင့် စံတော်မူခဲ့သည့်နေရာ ခုနစ်နေရာကို "သတ္တသတ္တာဟ"စံတော်မူသည့်နေရာများ ဟုခေါ်သည်။ ထိုနေရာများမှာ-

(၁) ဘုရားဖြစ်တော်မူပြီး ဗောဓိပင်အောက်တွင်ပင် ဖွဲ့ခွေကာ ခုနစ်ရက်ကြာအောင် ဖလသမာပတ်ချမ်းသာ ခံစားတော်မူနေရာ၊

(၂) ပလ္လင်တော်မှထကာ ဗောဓိပင်အနီး အရှေ့မြောက်အရပ်တွင်ရပ်တော်မူ၍ ဘုရားဖြစ်ရာ ပလ္လင်နေရာကို ခုနစ်ရက်တိတိ မမှိတ်သော မျက်စိဖြင့် ကြည့်တော်မူပြီး ဝိမုတ္တိရသ ခံစားသည့်နေရာ၊

(၃) ဗောဓိပင်နှင့် ရပ်တော်မူရာကြား အရှေ့အနောက်ရှည်လျားသည့် စင်္ကြံဝယ် ခုနစ်ရက်ကြာအောင် စင်္ကြံကြွတော်မူရာနေရာ၊

(၄) ဗောဓိပင်၏ အနောက်မြောက်သို့ ကြွတော်မူပြီး ထိုနေရာရှိ နတ်တို့ဖန်ဆင်းထားသော ရတနာစံကျောင်းတော်တွင် ခုနစ်ရက်တိုင်အောင် နေတော်မူကာ အဘိဓမ္မာတရားတော်ကို ဆင်ခြင်တော်မူပါသည်။ အဘိဓမ္မာခုနစ်ကျမ်း၏အဆုံးကျမ်းဖြစ်သော ပဋ္ဌာန်းတရားတော်ကို ဆင်ခြင်တော်မူရာနေရာ၊

(၅) "အဇပါလ"မည်သည့် ပညောင်ပင်ဆီသို့ ကြွတော်မူပြီး ခုနစ်ရက်ကြာအောင် ဖလသမာပတ်ချမ်းသာကို ခံစားတော်မူရာနေရာ၊

(၆) ဗောဓိပင်၏ အရှေ့တောင်ဘက် အလံ ၅၀ အကွာတွင်ရှိသည့် မုစလိန္ဒ(ကျည်းပင်)အောက်ကို ကြွတော်မူပြီး ဖလသမာပတ် ခုနစ်ရက်ကြာ ခံစားတော်မူရာနေရာ၊

(၇) မုစလိန္ဒမှ ဗောဓိပင်နှင့် အလံ ၄၀ ကွာသည့် လင်းလွန်းပင်ရှိရာကို ကြွတော်မူပြီး ခုနစ်ရက်ပတ်လုံး ဖလသမာပတ် ခံစားတော်မူရာ နေရာတို့ဖြစ်ပါသည်။

ထိုအချိန်ထိ မည်သည့်အာဟာရကိုမျှ ဘုဉ်းပေးတော်မမူပါ။ သုဇာတာလှူဒါန်းသည့် ယနာနို့ဆွမ်း ၄၉ လုတ်သည် ထိုသတ္တသတ္တာဟ ၄၉ ရက်အတွင်း မြတ်စွာဘုရားရှင်မှာ ဩဇာပြန့်လျက်ရှိကြောင်းကို ဖတ်ရှုခဲ့ရသည်။

လင်းလွန်းပင်ရိပ်၌ မြတ်စွာဘုရားသည် သတ္တမခုနစ်ရက်ပတ်လုံး ဖလသမာပတ် ဝင်စားတော်မူသည်။ ၄၉ ရက်မြောက်နေ့၌ ဥက္ကလာပတိုင်းမှ လှည်းပေါင်း ၅၀၀ ကို ဦးဆောင်လာသော လှည်းကုန်သည် တပုဿနှင့် ဘလ္လိက ညီနောင်တို့က ပျားမုန့်ဆွမ်း လှူဒါန်းဆက်ကပ်သည့်နေရာတွင် အထိမ်းအမှတ်အဖြစ် အုတ်တိုက်ငယ်တစ်ခုတည်ရှိသည်။ မြတ်စွာဘုရားရှင်သည် ဘုရားအဖြစ်သို့ရောက်ရှိပြီး ပထမဆုံးဆွမ်းကို ကပ်လှူခွင့်ရသောနေရာဖြစ်သည်။

အထက်ပါနေရာများရှိသော မဟာဗောဓိစေတီအတွင်းသို့ဝင်ရာတွင် လုံခြုံရေးအရ အထပ်ထပ်စစ်ဆေးသည်။ လက်ကိုင်ဖုန်း၊ ကင်မရာ စသည်တို့ကို ယူဆောင်ပါက သက်ဆိုင်ရာသို့ အခွန်ပေးဆောင်ပြီး စစ်ဆေးပြီးမှသာ ဝင်ခွင့်ရသည်။

ဒုတိယနေ့ ခရီးစဉ်အဖြစ် ဂယာမြို့မှ ၁၅၇ မိုင်အကွာရှိ "ဗာရာဏသီ"မြို့သို့ ခရီးထွက်ခဲ့ကြသည်။ ဇန်နဝါရီလတွင် ဂယာမြို့၏အပူချိန်မှာ ၇ ဒီဂရီစင်တီဂရိတ်ခန့်ရှိပြီး အအေးဓာတ်များသောကြောင့် အနွေးထည်များဝတ်ကာ သွားရသည်။ ဗာရာဏသီရှိ ဓမ္မရာဇိက ပညာရိပ်သာ မြန်မာဘုန်းတော်ကြီးကျောင်းသို့ရောက်ရှိပြီး လေးယောက်အခန်းတစ်ခန်းတွင် ခေတ္တအနားယူကြသည်။ ညနေပိုင်းတွင် မိဂဒါဝုန်သို့သွားကြသည်။

ရှင်တော်ဗုဒ္ဓသည် ဘုရားအဖြစ်သို့ရောက်တော်မူပြီးနောက် "သဟမ္ပတိ" ဗြဟ္မာကြီးက တရားဟောရန် ဘုရားရှင်အား လျှောက်ထားသည်။ မြတ်စွာဘုရားသည် ဗာရာဏသီပြည်အနီး မိဂဒါဝုန်တောသို့ ကြွတော်မူကာ အရှင်ကောဏ္ဍညမထေရ် အမှူးရှိသော ပဉ္စဝဂ္ဂီငါးဦးနှင့် နတ်ဗြဟ္မာပရိတ်သတ်တို့အား မဟာသက္ကရာဇ် ၁၀၃ ခုနှစ် ဝါဆိုလပြည့်နေ့ နေမဝင်မီ လထွက်စအချိန်တွင် နေဝင်လထွက်ဓမ္မစက်ဆိုသည့်အတိုင်း ဓမ္မစကြာဒေသနာတော် ဟောကြားတော်မူရာ အရှင်ကောဏ္ဍညမထေရ်နှင့်တကွ တစ်ဆယ့်ရှစ်ကုဋေသော နတ်ဗြဟ္မာတို့သည် သောတာပတ္တိဖိုလ်တည်ကြသည်။

စာရေးသူတို့ဘုရားဖူးအဖွဲ့သည် မြတ်စွာဘုရား ဓမ္မစကြာတရားဦး ဟောရာနေရာကို ရောက်ရှိကြပြီး ဗာရာဏသီရှိ မြန်မာဘုန်းတော်ကြီးကျောင်းမှလိုက်ပါပို့ဆောင်ပေးသည့် ဆရာတော်နှင့်အတူ ထိုနေရာတွင် ဓမ္မစကြာတရားတော်ကို ရွတ်ဖတ်ပူဇော်ကြသည်။ ထိုသို့ရွတ်ဖတ်ပူဇော်ပြီး မိဂဒါဝုန်အတွင်း အဓိကနေရာများကို လှည့်လည်ဖူးမြော်ကြသည်။

မြတ်စွာဘုရားသည် ဝါဆိုလပြည့်ကျော် ၅ ရက်၌ ပဉ္စဝဂ္ဂီငါးဦးတို့အား အနတ္တလက္ခဏာသုတ်တရားတော်ကို ဆက်လက်ဟောကြားတော်မူရာ တရားအဆုံး၌ ပဉ္စဝဂ္ဂီငါးဦးစလုံးသည် အာသဝေါကင်းကွာသည့် ရဟန္တာများအဖြစ်သို့ ရောက်ရှိခဲ့သည်။ သံဃာရတနာစတင်ပေါ်ထွန်းခြင်းသည် ပဉ္စဝဂ္ဂီငါးဦးမှ စတင်ခဲ့ပါသည်။

မိဂဒါဝုန်တောအတွင်း အသောကမင်းကြီး တည်ထားခဲ့သော ကျောက်စာတိုင်နေရာကိုလည်း ရောက်ရှိခဲ့ကြသည်။ မိဂဒါဝုန်မှအပြန်တွင် ဂင်္ဂါမြစ်သို့သွားရောက်ကာ မြစ်အတွင်းသို့ စက်လှေများဖြင့် လှည့်လည်ကြည့်ရှုကြသည်။ ညပိုင်းတွင် မိမိတို့တည်းခိုရာ ဘုန်းကြီးကျောင်းသို့ပြန်ကာ ညအိပ်ရပ်နားကြသည်။

တတိယနေ့ခရီးစဉ်အဖြစ် ဗာရာဏသီမှ ဂယာမြို့သို့ အဲကွန်းဘတ်စကားဖြင့် ပြန်လာကြသည်။ နေ့လယ်ပိုင်းတွင် ဂယာမြို့သို့ရောက်ရှိပြီး ညနေပိုင်းတွင် မြတ်စွာဘုရားလောင်း ဒုက္ကရစရိယာအကျင့်ကို ခြောက်နှစ်တိုင်တိုင် ကျင့်ကြံအားထုတ်ခဲ့သည့် ဥရုဝေလတောင်တန်းကို သွားရောက်ကြသည်။

ဗုဒ္ဓဂယာခရီးစဉ်၏ စတုတ္ထနေ့တွင် ဂယာမြို့မှ ၆၁ မိုင်ခန့်ကွာဝေးသော ရာဇဂြိုဟ်မြို့သို့ ခရီးထွက်ခဲ့ကြသည်။ ဗိမ္ဗိသာရမင်းကြီး နန်းစိုက်ရာမြို့ဖြစ်ခဲ့သည်။ နာလန္ဒာတက္ကသိုလ်ဟောင်းကို သွားရောက်လေ့လာကြသည်။ နာလန္ဒာတက္ကသိုလ်ဟောင်းကျောင်းတော်ကြီးသည် မီးရှို့ဖျက်ဆီးခံခဲ့ရပြီး ဗုဒ္ဓစာပေဆိုင်ရာ စာအုပ်စာပေ၊ ပုရပိုက်များစွာ ဖျက်ဆီးခံခဲ့ရကြောင်း သိရသည်။ ကျန်ရှိနေသည့်ကျောင်းတော်၏ အုတ်ရိုးအုတ်ပုံတို့သာရှိသည်။ ထို့မှတစ်ဆင့် အိန္ဒိယနိုင်ငံ ဘီဟာပြည်နယ်တွင် ဖွင့်လှစ်ထားသော နာလန္ဒာ တက္ကသိုလ်အသစ်သို့ သွားရောက်ကြသည်။

နာလန္ဒာတက္ကသိုလ်အသစ်တွင် မြန်မာနိုင်ငံမှ ပညာသင်ရဟန်း ၃၆ ပါးနှင့် ဆရာလေးတစ်ပါးတို့အတွက် အလှူငွေများ လှူဒါန်းခဲ့ကြသည်။ နေ့လယ်စာထမင်းကို ရာဇဂြိုဟ်မြို့ရှိ "အောင်မြေရာဇဂြိုဟ်" မြန်မာကျောင်းတိုက်တွင် စားသုံးကြပြီး ဆရာတော်နှင့်ဘုန်းတော်ကြီးကျောင်းအတွက် အလှူငွေများ လှူဒါန်းခဲ့ကြသည်။ ထို့မှတစ်ဆင့် ဂိဇ္ဈကုဋ်တောင်ခြေသို့သွားရောက်ပြီး တောင်ထိပ်ကို ထိုင်ခုံစက်လှေကားဖြင့် တက်ရောက်ကာ တောင်ထိပ်ရှိ ကမ္ဘာ့ငြိမ်းချမ်းရေးစေတီသို့ သွားရောက်ဖူးမြော်ကြသည်။ ဂျပန်နိုင်ငံကတည်ထားသောစေတီတော်ဟုသိရသည်။ ညနေပိုင်းတွင် ရာဇဂြိုဟ်မှ ဂယာမြို့သို့ ပြန်လည်ထွက်ခွာလာကြပြီး ဂယာမြို့ရှိ သုဇာတာသူဌေးကတော် ယနာနို့ဆွမ်းကပ်ရာနေရာကို သွားရောက်ကြသည်။ ညပိုင်းတွင် ဂယာမြို့ရှိ ဘုန်းတော်ကြီးကျောင်းတွင်တည်းခိုကြပြီး ဆရာတော်အား ဖူးမြော်ကာ ကျောင်းအတွက် အလှူငွေများ လှူဒါန်းခဲ့ကြသည်။

ဗုဒ္ဓဂယာခရီးစဉ်၏နောက်ဆုံးနေ့ နံနက်ပိုင်း နံနက်စာသုံးဆောင်ပြီး ဂယာမြို့ရှိ မဟာဗောဓိစေတီကို ထပ်မံဖူးမြော်ကြသည်။ အပြန်တွင် မဟာဗောဓိစေတီအနီးရှိ ဈေးတွင် ဈေးဝယ်ကြသည်။ ဈေးမှာ စည်ကားသောဈေးဖြစ်ပြီး အဝတ်အထည်များ၊ အိန္ဒိယကော်ဇောများ၊ လက်ဆောင်ပစ္စည်းဆိုင်များ၊ အိန္ဒိယမုန့်အချိုဆိုင်များရှိကာ အချို့ဆိုင်များမှာ မြန်မာစကားပြောနိုင်သည့်သူများ ရှိသည်။ ညနေပိုင်းတွင် ဂယာလေဆိပ်သို့သွားကြပြီး ညနေ ၆ နာရီခန့်တွင် MAI လေကြောင်းလိုင်းဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ပြန်ခဲ့ကြရာ ညပိုင်းတွင် ရန်ကုန်မြို့သို့ ချောမောစွာ ပြန်လည်ရောက်ရှိခဲ့ကြသည်။

ဗုဒ္ဓဂယာဘုရားဖူးခရီးစဉ်တစ်ခုလုံးတွင် ရောက်ရှိရာနေရာတိုင်း၌ တည်းခိုခဲ့ရသည့် မြန်မာဘုန်းတော်ကြီးကျောင်းများမှ ဆရာတော်နှင့်တကွ ခရီးစဉ်အတွင်း လိုက်ပါပို့ဆောင်ကာ ရှင်းလင်းဟောကြား ပြသပေးသည့် ဆရာတော်များအားလည်း အထူးကျေးဇူးတင်ကန်တော့အပ်ပါသည်။ ဗုဒ္ဓဂယာသည် မြန်မာဗုဒ္ဓဘာသာဝင်များ သွားရောက်ဖူးမြော်သင့်သောနေရာတစ်ခုဖြစ်ပါကြောင်း ရေးသားဖော်ပြအပ်ပါသည်။

**ကိုးကား**

(၁) **ဗုဒ္ဓဂယာလမ်းညွှန် (ခင်နန္ဒာ အပြည်ပြည်ဆိုင်ရာခရီးသွားလုပ်ငန်း)**

(၂) **ဗုဒ္ဓ၏ဓမ္မအမွေများ (ဓမ္မဆိုင်ရာမေးခွန်းနှင့်အဖြေများ) ဦးဆန်းလင်း(ဆည်မြောင်း) သာကစ္ဆာ ဓမ္မဇောတိကဓဇ**







## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ နွားထိုးကြီးမြို့၊ အခြေခံပညာ အထက်တန်းကျောင်း၊ Grade-11 တွင် ပညာသင်ကြားနေသော မသက်မွန်ဖြိုး ၏ ဖခင်အမည်မှန်မှာ နိုင်ငံသားစိစစ်ရေးကတ်နှင့် အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးညွန့်ဝေ ဖြစ်ပါကြောင်း။

**ဦးညွန့်ဝေ(၉/နထက(နိုင်)၀၈၅၈၅၃)**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၊ ရွှေဘုန်းရှိန်ရပ်ကွက်၊ အကွက်(၈၃၁)၊ အိမ်အမှတ်(၁၂၉/၂၉)နေ ကျွန်တော် ဦးခင်သောင်း+ဒေါ်စန်းနု တို့၏သား **မောင်မိုးဇော်ထက်(၉/မဟမ(နိုင်)၀၄၀၆၄၄)** သည် မိဘတို့၏ဆိုဆုံးမမှုကို မနာခံဘဲ အမျိုးမျိုးစိတ်ဆင်းရဲအောင်ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်ပါကြောင်းနှင့် နောက်နောင် ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို လုံးဝ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။

*(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)*

**ဦးခင်သောင်း (၉/မရတ(နိုင်)၀၁၃၇၁၂)**
**ဒေါ်စန်းနု (၉/မရတ(နိုင်)၀၁၃၇၁၃)**

ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

နာနတ်သီးထဲတွင်ပါရှိသော သတ္တုဓာတ်တိုးဆန့်ကျင်ပစ္စည်းက အသက်ရှူလမ်းကြောင်းကို တိုးတက်ကောင်းမွန်စေသည်။



“အဂတိပယ်ခွာ ပြည်သာယာ”
Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

---

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm

မူးယစ်ဆေးဝါး
ပန်းတိုင်သစ်
စိတ်သစ်
လူသစ်
ဘဝသစ်

စာပေ
မြင့်မှ
လူမျိုး
တင့်မည်

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၁၂)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး"မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

(ဃ) ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေး။

**၂။ စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ဂ) သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်နိုင်ရေး ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်း(MSME)များကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

(ဃ) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် ပြည်သူ့လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားရေးစိတ်ဓာတ်ကို အခြေခံသည့် ကိုးကွယ်ယုံကြည်မှု၊ ယဉ်ကျေးမှု၊ အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) နိုင်ငံ၏ အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင်တည်ဆောက်၍ တစ်မျိုးသားလုံးသက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ်ဖြစ်ပေါ်လာရေး။

(ဃ) ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များမွေးထုတ်နိုင်ရန် ဘက်စုံပညာရေးကဏ္ဍမြှင့်တင်ရေး။

❖ ပြည်ပပို့ကုန်တိုးမြှင့်တင်ပို့နိုင်ရန်အတွက် ရေးဆွဲအကောင်အထည်ဖော်လျက်ရှိသည့် အမျိုးသားပို့ကုန်မဟာဗျူဟာ၏ ဦးစားပေးပို့ကုန်အမယ်ထဲတွင် ဆန်နှင့်ဆန်ထွက်ပစ္စည်းကဏ္ဍသည် ဦးစားပေးကဏ္ဍတစ်ရပ်အဖြစ်ပါဝင်...

❖ ဆန်စပါးတင်ပို့မှုမြှင့်တင်ရေးမဟာဗျူဟာ၏ မျှော်မှန်းချက်သည် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဝင်ငွေတိုးပွားလာစေရေးအတွက် အရည်အသွေးမြင့်မားပြီး သဘာဝပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေဖြစ်မည့် ရေရှည်ဖွံ့ဖြိုးတိုးတက်သည့် ဆန်စပါးထုတ်လုပ်ရေးနှင့် တင်ပို့ရေးဖြစ်...

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ် အောက်တိုဘာ ၆ ရက်တွင် ကျင်းပပြုလုပ်သော မြန်မာ့ဆန်စပါးညီလာခံ-၂၀၂၂ ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)**

# နိုင်ငံတကာဥပဒေစံနှုန်းများကို ချိုးဖောက်နေသော NUG၊ CRPHနှင့် ၎င်းတို့၏ လက်ဝေခံ PDFအမည်ခံ အကြမ်းဖက်အဖွဲ့များ၏ ပညာရေးကဏ္ဍကို တိုက်ခိုက်ဖျက်ဆီးမှုများနှင့်ပတ်သက်၍ အသိပေးထုတ်ပြန်ချက်

**နေပြည်တော် ဖေဖော်ဝါရီ ၁၄**

၁။ တည်ဆဲဥပဒေများအရ အကြမ်းဖက်အဖွဲ့အစည်းများအဖြစ် သတ်မှတ်ထားသည့် NUG၊ CRPH နှင့် ၎င်းတို့၏လက်ဝေခံ PDF အမည်ခံအကြမ်းဖက်အဖွဲ့များသည် ၎င်းတို့အာဏာရရှိရေးအတွက် အလုံးစုံပျက်သုဉ်းရေးလမ်းစဉ်ကို ကိုင်စွဲပြီး နိုင်ငံတော်၏ အနာဂတ်ဖြစ်သောလူငယ်များ၏ပညာရေးကဏ္ဍကို ဆင်ခြင်တုံတရားကင်းမဲ့စွာ နည်းမျိုးစုံဖြင့် နှောင့်ယှက်တိုက်ခိုက်ဖျက်ဆီးလျက်ရှိသည်။ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက် မှ ၂၀၂၃ ခုနှစ် ဇန်နဝါရီလကုန်ထိ NUG အဖွဲ့၏စေခိုင်းချက်အရ PDF အမည်ခံအကြမ်းဖက်သမားများသည် နိုင်ငံတစ်ဝန်းလုံးရှိ စာသင်ကျောင်း၊ တက္ကသိုလ်၊ ကောလိပ်များကို ဗုံးခွဲတိုက်ခိုက်မှု ၅၂၈ ကြိမ်၊ မီးရှို့ဖျက်ဆီးမှု ၁၂၃ ကြိမ်၊ စာသင်ကျောင်းများမဖွင့်ရန်

စာမျက်နှာ ၂၀ ကော်လံ ၁ ☆

# တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)တို့ ဧရာဝတီမြစ်ကြောင်းတစ်လျှောက်ရှိ ကျေးရွာများမှ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပြီး ပြန်လည်ရောက်ရှိ



**နေပြည်တော် ဖေဖော်ဝါရီ ၁၄**

ဧရာဝတီတိုင်းဒေသကြီး ဧရာဝတီမြစ်ကြောင်းတစ်လျှောက်ရှိ မြစ်ဝကျွန်းပေါ်ဒေ ကျေးရွာများမှ ဒေသခံပြည်သူများကို ဇန်နဝါရီ ၁၈ ရက်မှ ဖေဖော်ဝါရီ ၁၂ ရက်ထိ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ သွားရောက်ဆောင်ရွက်ပေးခဲ့သည့် တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့များပါဝင်သော တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ် (ရွှေပုဇွန်) နှင့် မြစ်ရေယာဉ်(စကု)တို့သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ အမှတ်(၄) ရေတပ်ဇာတ်တားသို့ ပြန်လည်ရောက်ရှိလာရာ ဧရာဝတီရေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူးနှင့် အရာရှိ၊ စစ်သည်၊ မိသားစုများက ကြိုဆိုနှုတ်ဆက်ကြသည်။

အဆိုပါတပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့များပါဝင်သော

စာမျက်နှာ ၁၆ ကော်လံ ၁ □

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ဂုဏ်ပြုပေးအပ်ချီးမြှင့်သော လက်ဆောင်ပစ္စည်းများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကိုယ်စား၊ ဧရာဝတီရေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်အေးမင်းထွေးက တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)တို့မှ တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့များအား ပေးအပ်စဉ်။**

